



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


# အောင်မြင့် စာပေ



29 JUN 20

၈၉၅-၈၃
ကြည်စန္ဒာ
ဂုန်းတားတီးလှူး/ကြည်စန္ဒာ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၄၃-စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြည်စန္ဒာ

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင့်စာပေ
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင့်ပုံနှိပ်တိုက်၊ ပထမအကြိမ် ၂၀၁၃ ခုနှစ်၊
(ဇူလိုင်လ)၊ အုပ်ရေ (၅၀၀)။



BURMESE CLASSIC .com
www.burmeseclassic.com

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ဆန္ဒ

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ရေရှိတဲ့နေရာမှသာ
  သစ်ပင်စိုက်လို့ရတယ်ဆိုပေမယ့်
  ပင်လယ်ရေပြင်မှာ သစ်ပင်စိုက်လို့ မရပါဘူး၊
  သဟာဇာတဖြစ်ခြင်းဆိုတာ
  မည်သည့်နေရာမှာမဆို...
  အောင်မြင်ဖြစ်ထွန်းမှုကို အကျိုးပြုစေပါတယ်။

- ဘဝရဲ့လက်ဦးဆရာများထဲမှာ
  ခက်ထန်ကြမ်းတမ်းခြင်း ပါယပါတယ်
  ခက်ထန်ကြမ်းတမ်းခြင်းနဲ့ တွေ့ခဲ့လို့
  ရတဲ့ အတွေ့အကြုံများသည်
  ဘဝတစ်သက်တာလုံး မမေ့နိုင်စရာဖြစ်သကဲ့သို့
  အထောက်အပံ့လည်း ရစေပါတယ်။

- လူအတော်များများတို့သည်
  အလကား ရသောအရာများကို
  သတိမပြုမိကြသလို
  တန်ဖိုးလည်း သိပ်မထားတတ်ကြပေ။
  ထိုအရာများမှာ...
  လေ၊ အချိန်နှင့် မိဘမေတ္တာတို့ ဖြစ်ပါတယ်။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

- မိဘတွေ ပညာမတတ်ကြတာနဲ့တော့
  သင်မျက်နှာမငယ်နိုင်ပါဘူး၊
  သင် ပညာမဲ့နေရင်တော့
  သင့်သားသမီးတွေ
  မျက်နှာငယ်ကြရပါလိမ့်မယ်။

- အချိန်နှင့်အမျှ ဘဝင်မြင့်နေသူအဖို့
  ဘဝမြှင့်ရန် အချိန်ရတော့မည် မဟုတ်ပါချေ။
  ဘဝမြင့်သွားသူများအတွက်လည်း
  ဘဝင်မြင့်နေစရာ မလိုအပ်တော့ပါချေ။

- လူ့လောကထဲသို့ တိုးဝင်စအချိန်မှာ
  အမှားအယွင်းတော့ တွေ့ရမှာပါပဲ။
  အချစ်ကို ရှာတဲ့နေရာမှာလည်း
  အချစ်ရဲ့တန်ဖိုးကို
  နားလည်မှာ မဟုတ်သေးပါဘူး။
  အချစ်ရဲ့တန်ဖိုးကို သိရပြီဆိုရင်တော့
  အမှားအတော်များများ တွေ့ခဲ့ရပြီးဖြစ်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ဓလှေကားထစ်ဆိုတာ...
တစ်ထစ်ချင်း တက်ဖို့ပြုလုပ်ထားတာပါ။
မှန်မှန်မတက်ချင်ပဲ
မြန်မြန်တက်ရင်တော့ ခြေချော်ကျနိုင်ပါတယ်၊

- အမှန်တရားဆိုတာ...
ကိုယ့်ဘက်ကချည်း မှန်နေလို့ မရပါဘူး၊
မျှတမှုနဲ့ နစ်ဦးနစ်ဖက် ညီမျှမှသာ
အမှန်တရားအစစ်ဖြစ်ပါတယ်။

- အကိုင်းအခက်အားလုံး
ဖြတ်တောက်ထားသော်လည်း
သစ်မြစ်ရှိနေသေးပါက
အညွန့်ပြန်ထွက်လာနိုင်ပါသေးသည်။
လူတစ်ယောက်
အတွေးအခေါ်အညွန့်တုံးသွားလျှင်တော့
ပြန်ပြီးနာလန်ထူနိုင်ဖို့ မလွယ်ကူတော့ပေ။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

- အိပ်ပျော်နေသူအတွက်
အိပ်မက်ခြေရာ ထင်သော်လည်း အကျိုးမရနိုင်ပါ။
မအိပ်မနေ ကြိုးစားနေသူ၏
ထင်ကျန်နေသောခြေရာများသည်သာ
အတိတ်သမိုင်းမှတ်တမ်းများဖြစ်သည်။

- ရှာဖွေ၍လွယ်ကူသောအချစ်သည်
တန်ဖိုးမရှိနိုင်ပေ။
တန်ဖိုးရှိသောအချစ်ကို ရလျှင်လည်း
ထိန်းသိမ်းရန် မလွယ်ကူလှပေ။

- အချိန်ဖြုန်းခြင်းသည်
အောင်မြင်မှုနဲ့ ဥစ္စာပစ္စည်းများကို
ဖြုန်းတီးပစ်ခြင်းထက် ဆိုးပါသည်။
အောင်မြင်မှုနဲ့ ဥစ္စာပစ္စည်းများက
ပြန်ရနိုင်သေးသော်လည်း...
ဆုံးရှုံးသောအချိန်ကတော့
အစားထိုးမရနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) မလိခမြစ်ကမ်းနံဘေးမှ ကောင်းမှုလုံစေတီတော်

အခန်း(၂) အရိပ်အယောင်ပြလာသော ရှင်သူငယ်

အခန်း(၃) ချစ်ရေးမဂိုင်သောဘဝများ

အခန်း(၄) ထူးခြားဆန်းကြယ်သော ဂမုန်းပင်များ

အခန်း(၅) စ.ဓ.ဗ.ဝ ဓါတ်ပါသော သစ်လေးမျိုး

အခန်း(၆) တောတောင်မာယာနှင့် လှည့်စားမှုများ

အခန်း(၇) ထူးဆန်းစွာ ဝိညာဉ်များ သူနှစ်ယောက်

အခန်း(၈) မြနှင်းဖြူလား မြသင်းကြူလေလား

အခန်း(၉) မာယာပြင့် အန္တရာယ်မှ ရှောင်ရခြင်း

အခန်း(၁၀) ချစ်ခွင့်ဆုံနိုးမကြုံနိုးဘဝများ

အခန်း(၁၁) ချစ်သူမဟုတ်သော ချစ်သူတို့ဘဝများ

အခန်း(၁၂) တောနက်အတွင်းမှ ဂမုန်းစားဘီလူး

အခန်း(၁၃) ကျောက်ပလ္လင်ပေါ်မှ သိုက်ဝင်ရှင်သူငယ်ဂမုန်း

အခန်း(၁၄) မီးတောက်အတွင်းမှ ရှင်သူငယ်ရုပ်တု

အခန်း(၁၅) ရှင်သူငယ် ဂမုန်းသိုက်ဝင်ဆေး

အခန်း(၁၆) ဘဝဇာတ်ခုံပေါ်မှ ကံကြမ္မာဇာတ်ရုပ်များ

အခန်း(၁၇) မေတ္တာဝက်ပါလမ်း




# အခန်း(၁)

# မလိခမြစ်ကမ်းနံဘေးမှ ကောင်းမှုလုံစေတီ

မြန်မာနိုင်ငံ မြောက်ဖျားဒေသများမှာ စိမ်းလန်းသော သစ်တောကြီးများ၊ မြင့်မားသော တောင်တန်းတောင်စွယ်ကြီး များဖြင့် လှပတင့်တယ်သောနေရာများ ဖြစ်ကြလေသည်။

ထိုနေရာများမှာ အောက်ပိုင်းဒေသများကဲ့သို့ လူနေအိမ်ခြေ မထူထပ်သောကြောင့်လည်း သဘာဝအလှများက တည်ရှိနေခြင်းဖြစ်ပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ မြောက်ဖျားဒေသများ၏ အလှများထဲတွင် မေခနှင့်မေလိခ မြစ်နှစ်သွယ်ပေါင်းစုံရာမှ စတင်ဖြစ်ပေါ်ခဲ့သော ဧရာဝတီမြစ်၏ မြစ်ဖျားခံရာနေရာလည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် လှပသောနေရာ အတော်များများ ရှိကြသော်လည်း သင်္ကေတအလှဟု ခေါ်ရလောက်မည့်နေရာမျိုး ကတော့ များများမရှိပေ။

မြန်မာနိုင်ငံ၏သဘာဝအလှ (သို့မဟုတ်) သင်္ကေတ အလှဟု ခေါ်ရလောက်သည့်နေရာများထဲတွင် ခါကာဘိုရာဇီ တောင်၊ မေခ-မေလိခတို့ မြစ်နှစ်သွယ်တို့ ပေါင်းဆုံရာမြစ်ဆုံ၊ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ပုဂံ၊ အင်းလေး၊ ရွှေတိဂုံဘုရား အစရှိသည်တို့လောက်သာ ရှိပေသည်။

ရွှေတိဂုံဘုရားဟု ပြောလိုက်သည်နှင့် မြန်မာနိုင်ငံဖြစ်သည်ဟု သိနိုင်သလို၊ ဧရာဝတီမြစ်ဟု ဆိုသည်နှင့် မြန်မာနိုင်ငံ၏ အသက်သွေးကြော မြစ်တစ်စင်းဖြစ်သည်ကို ချက်ချင်းသိနိုင်ကြသည်။

တိုင်းတပါးမှ အင်္ဂလိပ်များ မြန်မာနိုင်ငံကို နှစ်ပေါင်း တစ်ရာကျော်ကြာသည်အထိ သိမ်းပိုက်ထားခဲ့ကြသော်လည်း မြန်မာပြည်၏အလှများကို မဖျက်ဆီးခဲ့ကြပေ။ အခြားအဖိုးတန် သယံဇာတများကိုသာ ယူကြသည်။ မြန်မာနိုင်ငံ၏သင်္ကေတ အလှများကို မဖျက်ဆီးခဲ့ကြပေ။





အင်းလေးရေကန်ကြီးသည်လည်းကောင်း၊ ဧရာဝတီမြစ်၏အလှများသည်လည်းကောင်း ဒီအတိုင်းသာ ရှိနေခဲ့ကြသည်။

တိဘက်ကုန်းပြင်မြင့်မှ ထိုးထွက်လာသော တောင်တန်း တောင်စွယ်များသည် ကချင်ပြည်နယ်မြောက်ဘက်မှ တောင်ဘက်သို့ ဒေါင်လိုက်အနေအထားမျိုးဖြင့် သွယ်တန်းလျက်ရှိနေကြသည်။ လေယာဉ်ပေါ်မှကြည့်လျှင် လက်ငါးချောင်း ဖြန့်ခင်းထားသကဲ့သို့ ရှိလေသည်။

အရှေ့ဘက် နယ်နိမိတ်တစ်လျှောက်တွင် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေသော ကချင်တောင်တန်းကြီး ရှိသည်။

ထိုနေရာမှာရှိကြသော တောင်တန်းများမှာ အနိမ့်ဆုံး တောင်ထိပ်မှာ ပေ(၃၀၀၀)ကျော် မြင့်ပြီး အမြင့်ဆုံးတောင်ထိပ် ဆိုလျှင် ပေ(၁၀၀၀၀)ကျော် အမြင့်ရှိသည်။

ကချင်တောင်တန်းကြီး၏အနောက်ဘက် အမိုင်ခ (မေခ)နှင့်မေလိခ မြစ်အကြားတွင်ရှိသော ရှန်ငေါ်တောင်တန်း မှာ မြောက်ပိုင်းမှ ဆင်းလာသည့် ငလောင်ဘွန်တောင်နှင့် တစ်ဆက်တည်းဖြစ်ပြီး တြိဂံနယ်မြေတစ်ခုလုံးကို တောင်ကုန်းဒေသ ဖြစ်လာခဲ့လေသည်။

ထိုတောင်တန်းတွင် ပါဝင်သော နင်ဂွန်ဘွန်တောင်ထိပ် မှာ ပေ(၁၀၇၁၂)ရှိပြီး ထိုနေရာတစ်ဝိုက်တွင် အမြင့်ဆုံးတောင်



www.burmeseclassic.com

www.burmeseclassic.com



ထွတ်တစ်ခုလည်း ဖြစ်ပေသည်။

ကချင်ပြည်၌ရှိသော ပလောင်လန်ဘွန်တောင်တန်းမှာ ထူးခြားစွာဖြင့် အရှေ့အနောက် သွယ်တန်းလျက်ရှိ၏။ အမြင့်ဆုံး တောင်ထွတ်မှာ ပေပေါင်း(၁၀၉၈၉) မြင့်သည်။ တဝမ်းဘွန် တောင်ထွတ် ဖြစ်သည်။

အနောက်ဘက် နယ်နိမိတ်တစ်လျှောက်တွင် ပလောင်လန်ဘွန်တောင်ခြေမှစပြီး တောင်ဘက်သို့ သွယ်တန်းနေသော နမ့်ဆင်ဘွန်၊ ဝန်သွက်ဘွန်၊ တရီဘွန်၊ နမ်မောဘွန်း၊ ဆင်ခူးဘွန် စသည့် တောင်တန်းများသည် နယ်နိမိတ်ဆုံးသည်အထိ အဆက်မပြတ် တည်ရှိနေကြလေသည်။

ထိုမျှမြင့်မားသော တောင်ထွတ်၊ တောင်တန်းကြီးများ ကာဆီးထားသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နေရာများမှာ မြို့ပြတည်ထောင်၍ မနေနိုင်ကြသည်မှာ အဆန်းတော့ မဟုတ်ပေ။

သို့ကြောင့် အချို့နေရာများမှာ ဒေသခံများကသာ ရွာကလေးများ ပြုလုပ်နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းပိုက်ပြီးနောက်ပိုင်း သယံဇာတ ပေါများလှသော မြောက်ဖျားဒေသများသို့ မျက်စိကျပြီး ခြေကုပ်စခန်းများ တိုးချဲ့လာရာမှ ရွာငယ်ကလေးများမှ တဖြည်းဖြည်းနှင့် ရွာကြီးများ ဖြစ်လာကြသည်။

ရွာကြီးများ တိုးတက်စည်ကားလာသောခါ တဖြည်း





ဖြည်းနှင့် လာရောက်နေထိုင်သူ တိုးပွားလာပြီးနောက် မြို့ငယ်ကလေးများအဖြစ် အသွင်ပြောင်းလာကြသည်။

ထိုကဲ့သို့ ပြောင်းလဲလာသောနေရာများထဲတွင် ပူတာအိုလည်း တစ်နေရာပါဝင်လေသည်။ ပူတာအိုသည် မြင့်မားသော တောင်တန်းကြီးများ ပတ်လည်ဝန်းရံထားသောနေရာ၏ အလယ်တွင် မြို့တည်ထားခြင်းဖြစ်သည်။

ထိုနေရာ၏ မြေမျက်နှာပြင်အနေအထားမှာ မြင်းခွာပုံသဏ္ဍာန်ဖြစ်ပြီး ရှေးအခါက သာမန်ရွာတစ်ရွာမျှသာ ဖြစ်ပေသည်။ မြေပြန့်နှင့် အဆက်အသွယ် ဝေးသည်ကတစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲသည်ကတစ်ကြောင်းအပြင် ဆန်စပါးရှားပါးမှုကြောင့် ယခင်က လူနေမများခဲ့ခြင်းဖြစ်သည်။

(၁၉၈၀)ခုနှစ် ရှေ့ပိုင်းကာလများတွင် ပူတာအိုအတွက် ဆန်အိတ်များကို လေယာဉ်ပျံဖြင့် ပို့ပေးခဲ့ရသည်အထိ လမ်းပန်းဆက်သွယ်မှု ခက်ခဲလေသည်။

မြို့တည်ထားသောနေရာ၏မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် မိုးထိမြင့်မားသော တောင်တန်းကြီးများက ကာဆီးထားကာ အလယ်နေရာတွင် ကျယ်ပြန့်သော လွင်ပြင်ကြီးများ ရှိကြလေသည်။

အရှေ့နှင့်အနောက် (၁၀)မိုင်ကျော်၊ တောင်နှင့်မြောက် မိုင်(၃၀)ကျော်ခန့် မြေပြန့်လွင်ပြင် အကျယ်အဝန်း ရှိလေသည်။

ရှေးအခါက ထိုလွင်ပြင်ကြီးကို 'ခမ်းတီးလုံ့လွင်ပြင်'ဟု



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့ကြသည်။

ပူတာအိုမြို့ တည်ထားသောအမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက်(၁၃၄၂)ပေရှိကာ အရှေ့ဘက်တွင် မချမ်းဘောမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယပြည်နှင့် မချမ်းဘောမြို့နယ်တို့ ရှိကြပြီး တောင်ဘက်တွင် ဆွမ်ပရာဘွန်မြို့နယ်နှင့် တနိုင်းမြို့နယ်တို့က ဝန်းရံထားကြလေသည်။

(၁၉၁၀)ခုနှစ်ဝန်းကျင်လောက်က မြောက်ပိုင်းဒေသများမှ သယံဇာတပစ္စည်းများကို ထုတ်ယူရန်အတွက် အင်္ဂလိပ်အစိုးရက တဖြည်းဖြည်းနှင့် ခြေကုပ်ယူလာကြသည်။ ပူတာအိုဒေသ,သို့ စုံစမ်းရေးအဖွဲ့များ စတင်စေလွှတ်ခဲ့သည်။

(၁၉၁၄)ခုနှစ်ရောက်သောအခါ ပူတာအိုနယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ထိုအချိန်က ခမ်းတီးရှမ်းလူမျိုးတို့၏ လုပ်ခွန်စော်ဘွားနေထိုင်ရာ ပူတောင်းရွာအနီးရှိကွင်းပြင်တွင် အင်္ဂလိပ်တို့က စခန်းချကာ ခြေကုပ်စခန်းအဖြစ် အသုံးပြုခဲ့ကြသည်။ နောက်(၂)နှစ်ခန့်အကြာ (၁၉၁၆)ခုနှစ်ရောက်တော့မှ ပူတာအိုမြို့ ဖြစ်လာမည့်နေရာ တောင်ကုန်းထိပ်သို့ ရွှေ့ပြောင်းစခန်းချခဲ့ကြသည်။

ထိုနေရာကို မြို့အဖြစ်တည်ထောင်ပြီး မြို့အမည်ကိုလည်း ပူတောင်း(PUTAO)ဟု ခေါ်ခဲ့ကြသည်။

ပူတောင်းမှာ ခမ်းတီးရှမ်းဘာသာစကား ဖြစ်ပြီး .





အဓိပ္ပါယ်မှာ "အဘိုးမျှော်သည့်နေရာ" ဖြစ်သည်။ နောက်ပိုင်းမှာတော့ ဗြိတိသျှအစိုးရသည် ပူတာအိုဒေသကို ခရိုင်ဖွဲ့အုပ်ချုပ်ပြီး ခရိုင်ဝန်အဖြစ် မစ္စတာဟတ်ဇ်(Hertz)ကို ခန့်ထားခဲ့သည်။

(၁၉၁၈)ခုနှစ်တွင် မစ္စတာဟတ်ဇ်ကိုအစွဲပြုပြီး (FORT HERTZ) ဟတ်ဇ်ခံတပ်မြို့ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ နောက်ပိုင်း (၁၉၂၅)ခုနှစ် ရောက်သောအခါမှ ခရိုင်ကိုဖျက်ပြီး နောက် မြစ်ကြီးနားခရိုင်အတွင်းသို့ သွတ်သွင်းခဲ့ကြလေသည်။

(၁၉၅၆)ခုနှစ်နောက်ပိုင်းရောက်မှ ပူတာအိုဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြလေသည်။

ပူတာအိုဒေသသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသော်လည်း ဘာသာရေးနှင့်ပတ်သက်လျှင် အလေးထားသောနေရာဒေသလည်း ဖြစ်သည်။

ပူတာအိုဒေသမှာ ထင်ရှားသော စေတီဘုရားများ ရှိသည့်အနက် မဟာမြတ်မုနိဘုရားကြီးနှင့် ရွှေဆတ်မင်းစေတီဟုခေါ်သော ကောင်းမှုလို ဘုရားကြီးနှစ်ဆူတို့ပင်ဖြစ်သည်။

မဟာမြတ်မုနိဘုရားကြီးမှာ နမ်စုံချောင်းအလွန် ပန်းလှိုင်ရပ်ကွက် အရှေ့ဘက်၌ ရှိလေသည်။

ခမ်းတီးရှမ်းနှင့် မြန်မာလူမျိုးတို့ ကိုးကွယ်သောဘုရားလည်းဖြစ်သည်။

ဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိပြီး များစွာစည်ကားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားမုခ်တွင် ဇရပ်ကြီးများ ရှိသည်။

ဘုရားပရိဝုဏ်မှာ အတော်ကျယ်ဝန်းလေသည်။ တန်ဆောင်းအတွင်းမှာ မဟာမြတ်မုနိ ရုပ်ပွားတော်ရှိပြီး အရှေ့ဘက်သို့ မျက်နှာတော်မူထားသည်။ မှတ်တမ်းအရ (၁၂၈၄)ခုနှစ်၊ (၁၉၂၂)ဝန်းကျင်လောက်ကပင် ခမ်းတီးရှမ်းလူမျိုးတို့ တည်ထားကိုးကွယ်ခဲ့ကြကြောင်း လေ့လာသိရှိနိုင်သည်။

မြတ်စွာဘုရား ရင်ငွေ့တော်လှုံထားသော မဟာမြတ်မုနိ ရုပ်ပွားတော်ခုနစ်ဆူ ရှိသည်။

မန္တလေးမှာ တစ်ဆူ၊ ရခိုင်ပြည်နယ်မှ တစ်ဆူရှိပြီး ကျန်ငါးဆူက ရှမ်းပြည်အတွင်းမှာ ရှိပေသည်။

(ဂန္ဓဗ္ဗသရဖီ ဝတ္ထုတွင် ထိုအကြောင်းများကို အနည်းငယ် ဖော်ပြပေးထားပြီးဖြစ်၏) ထို့ကြောင့် ခမ်းတီးရှမ်းများက ကချင်ပြည်နယ်အတွင်းမှာ မဟာမြတ်မုနိဘုရားတစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြခြင်းပင်ဖြစ်၏။

ပူတာအိုမြို့နယ်အတွင်းမှ မဟာမြတ်မုနိဘုရား အကြောင်းပြောလျှင် သမိုင်းဝင်ထင်ရှားသော ကောင်းမှုလုံစေတီတော်ကြီးအကြောင်းကိုလည်း ရေးသားဖော်ပြပေးရပေမည်။

ကောင်းမှုလုံစေတီတော်မြတ်သည် မြန်မာနိုင်ငံခေါင်ဖျား ရန်ကုန်မြို့မှ မိုင်ပေါင်း(၉၅၁)မိုင် ကွာဝေးသော ကချင်ပြည်နယ် မချမ်းဘောမြို့နယ်မြောက်ဘက်နှင့် ပူတာအိုမြို့နယ် အရှေ့ဘက် နမ်ကျို(ခေါ်)မလိခမြစ်၏ အရှေ့ဘက်ကမ်းပါးပေါ်တွင်





တည်ရှိပါသည်။

တိုင်းခမ်းတီး ရှမ်းတိုင်းရင်းသား ဘာသာစကားဖြင့် (ကောင်းမှုစဝ်ကန်ခမ်း)ဟု ခေါ်ဆိုပြီး မြန်မာဘာသာဖြင့် ‘ရွှေဆတ်မင်းစေတီ’ ဟူ၍ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ‘ဤစေတီတော်တည်မည့် အရပ်ဒေသသို့ ဒေသစာရီ ကြွချီတော်မူခဲ့ကြောင်း၊ ဤနေရာဒေသသည် မြတ်စွာဘုရားနုစဉ် ဆတ်မင်းဘဝက လှည့်လည်ကျက်စားခဲ့သောနေရာ ဖြစ်ခဲ့ကြောင်း. .၊

“နောင်ကာလများတွင် လူနေထူထပ်၍. . ငါဘုရားအလောင်းတော်ဆတ်မင်း ရုပ်ကြွင်းရှိခဲ့သည့် ဤနေရာတွင် ငါဘုရား၏ ဓာတ်တော်များကို ဌာပနာသွင်း၍ စေတီပုထိုးများ တည်ထားကိုးကွယ်ကြလိမ့်မည်။ ဤစေတီပုထိုးတို့ကို မင်းအဆက်ဆက်တို့က ပြုပြင်ထိန်းသိမ်း၍ သာသနာတော် ထွန်းလင်းတောက်ပအောင် စွမ်းဆောင်ကြလိမ့်မည်။ ထိုအခါ သတ္တဝါအပေါင်းတို့သည် လောကီလောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးများ တိုးပွားစေလိမ့်မည်”

ဟု ဗျာဒိတ်တော် ထားခဲ့သည့်နေရာဖြစ်ပေသည်။

သာသနာ သက္ကရာဇ်(၂၄၄)ခုနှစ်တွင် ယသတိဿ ရဟန္တာမထေရ်မြတ်အပါအဝင် ရဟန္တာသုံးပါး အမှူးထား၍ သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရား၏ဓါတ်တော်သုံးဆူကို ဌာပနာ၍ စတင်တည်ထားခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းဒေသသည် ခန္တီလုံရှမ်းများနေထိုင်သည့် ခန္တီးလုန် ဒေသဖြစ်ပေသည်။

ခေတ်အဆက်ဆက် ရှမ်းစော်ဘွားများက ဘုရားကြီး အား မွမ်းမံတည်ဆောက်ခဲ့ကြပါသည်။

ယနေ့မျက်မှောက်ခေတ်တွင်လည်း နိုင်ငံတော်အကြီး အကဲများ၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်ရှိ ပြည်နယ်အကြီး အကဲများကိုယ်တိုင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြသဖြင့် ဘုရားကြီးမှာ ဘက်စုံတိုးတက်ပြီး သပ္ပါယ်တင့်တယ် လျက်ရှိပေသည်။

'အထက်မှာ ကောင်းမှုလုံ၊ အလယ်မှာ ရွှေစည်းခုံ၊ အောက်မှာ ရွှေတိဂုံ'ဟူ၍ တန်ခိုးကြီးသည့် စေတီသုံးဆူမှာ ထင် ရှားလှသည်။ ထို့ပြင် သမိုင်းဝင်စေတီတော်များလည်း ဖြစ်ကြလေ သည်။

မလိခမြစ်ကမ်းပါးတစ်လျှောက်မှာ ရှားရှားပါးပါး တစ် ဆူတည်းရှိသော စေတီတော်တစ်ဆူလည်းဖြစ်သည်။ မြန်မာ ပြည် မြောက်ဖျားဒေသမှာရှိသော စေတီတစ်ဆူပင်ဖြစ်သော် လည်း တည်ထားပုံမှာ လက်ရာမြောက်လှပေသည်။

တံတိုင်းပရိဝုဏ်၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းတို့လည်း ရှိကြသည်။

(၁၉၅၀)ခုနှစ်ဝန်းကျင်လောက်က ငလျင်ကြီးတစ်ခု လှုပ်သောကြောင့် စေတီတော်၏ငှက်ပျောဖူးကြီး ပြုတ်ကျခဲ့ရာ





လူ့လက်ခုပ်တစ်ဖောင်ခန့် အမြင့်ရှိလေသည်။

ကောင်းမှုလုံစေတီတော်ကြီး၏ ပုံသဏ္ဍာန်မှာ အခြား တွေ့ရသော စေတီတော်ပုံသဏ္ဍာန်များနှင့် မတူလှပေ။

အောက်ခံ ပရိဝုဏ်မှာ ကျယ်ဝန်းလှသည်။ အရန်စေတီ ငယ်များရှိပြီး အလယ်တွင်၊ ဉာဏ်တော်အမြင့်ပေ(၁၀၀)ခန့်ရှိ သော ကောင်းမှုလုံစေတီတော်ကြီး တည်ထားလေသည်။

ဒေသခံများကတော့ အောက်ဘက်မှာ ရွှေတိဂုံစေတီ တော်ကြီးမှာ ကြီးကျယ်သပ္ပါယ်လှသလို အလယ်ပုဂံမှာ ရှိသော ရွှေစည်းခုံစေတီတော်ကြီးမှာလည်း ကြီးမားခန့်ထည်လှသည်။

ထို့အတူ မြောက်ဖျားဟု ခေါ်ကြသည့် မြန်မာပြည် အထက်ပိုင်းမှာ ရှိသော ကောင်းမှုလုံစေတီတော်ကြီးမှာလည်း တင့်တယ်သပ္ပါယ်မှုရှိကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုကြ သည်။

ဘုရားလှိုဏ်ဂူကြီးရှေ့တွင် ထုလုပ်ထားသော ဆတ်မင်း ၏ပုံကို ရွှေချထားသည်။

အချိုးအစားကျသော ထိုင်နေသည့်ပုံမျိုးဖြစ်သည်။ စေတီတော် အထက်ပိုင်းတွင် ဂူပေါက်ကလေးများ ပတ်လည် ရှိပြီး ထိုဂူပေါက်ကလေးများအတွင်း ရုပ်ပွားတော်ကလေးများ ထည့်သွင်းထားသည်။

လိုဏ်ဂူအတွင်းမှာ ရှိသော ဗုဒ္ဓရုပ်ပွားတော်၏ပုံတော် မှာ တင့်တယ်သပ္ပါယ်လှပြီး နဖူးတော်၌ အဖိုးတန်ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နီကြီးတစ်လုံး တပ်ဆင်ထားသည်။

မသမာသူများက ထိုပတ္တမြားကြီးကို ခိုးယူရန် မကြာခဏ ကြံစည်ကြရာ ထိုသူများမှာ အန္တရာယ်ဆိုးများနှင့် တွေ့ကာ သေဆုံးကြသည့် အဖြစ်အပျက်များလည်း ရှိခဲ့ဖူးပေသည်။

ပူတာအိုမြို့နယ်အတွင်းမှာ ရှေးအခါကတည်းက ခန္တီးရှမ်းများ အများဆုံး နေထိုင်ကြရာဒေသဖြစ်ခဲ့သော်လည်း ထူးထူးခြားခြား ဗုဒ္ဓသာသနာ ထွန်းကားခဲ့လေသည်။

ရှေးအခါက ထိုဒေသမှာ နေထိုင်ကြသူအများစုမှာ ခရစ်ယာန်သာသနာပြုများ ဝင်ရောက်သာသနာပြုသောကြောင့် ခရစ်ယာန်ဘာသာဝင်အများစု ဖြစ်ခဲ့ကြသည်။

မှတ်တမ်းများအရ လူဦးရေ(၁၂၀၀၀)ကျော်မျှရှိသော ထိုဒေသတွင် ခရစ်ယာန်ဘာသာဝင် (၇၉)ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၁၈)ရာခိုင်နှုန်းနှင့် ဗုဒ္ဓဘာသာကိုးကွယ်သူ (၃)ရာခိုင်နှုန်းမျှသာ ရှိခဲ့ပေသည်။

ထိုမျှ ဗုဒ္ဓဘာသာဝင် နည်းပါးရသော အကြောင်းရင်းမှာ တိုင်းတပါးသား မျက်နှာဖြူနယ်ချဲ့များ၏လက်ချက်ကြောင့် ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

အကယ်၍သာ ၎င်းတို့၏ဖြားယောင်းသွေးဆောင်မှုများ မရှိခဲ့ပါက မြောက်ပိုင်းဒေသများမှာ ယခုအခြေအနေထက် ဗုဒ္ဓသာသနာတော် ပိုမိုထွန်းကားလာနိုင်ဖွယ်ရာ ရှိပေသည်။

ယခု ဗုဒ္ဓဘာသာဝင် နည်းလွန်းလှသော (လူအယောက်





(၁၀၀)လျှင် (၃)ယောက်သာ ဗုဒ္ဓဘာသာဝင် ရှိသည်) မြောက်ဖျားဒေသတွင်မူ ထူးခြားသော စေတီပုထိုးမြောက်မြားစွာ ပေါ်ထွန်းခဲ့သည်ကတော့ အံ့ဩစရာပင်ဖြစ်ပေသည်။

ရှေးနှစ်ပေါင်းများစွာ ခရစ်ယာန်ဘာသာဝင် ရောက်မလာခင်အချိန်က တည်ထားခဲ့သည့် စေတီပုထိုးများလည်း ဖြစ်နိုင်ပေသည်။

မြောက်ပိုင်းဒေသများမှာ လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် အလယ်ပိုင်းဒေသ၊ အောက်ပိုင်းဒေသမှ လူများ မရောက်နိုင်ခဲ့ကြပေ။

ထို့ကြောင့် ထိုနေရာမှာ နေထိုင်ကြသူများမှာ အသိပညာ အတတ်ပညာ နည်းပါးကြသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ခရစ်ယာန် သာသနာပြုများက အရှေ့ပိုင်း၊ မြောက်ပိုင်းဘက်မှ ထိုးဖောက်ဝင်ရောက်လာပြီး ခရစ်ယာန် သာသနာပြုလုပ်ငန်းများ ကြိုးစားဆောင်ရွက်ခဲ့ကြရာ များစွာအောင်မြင်မှုများ ရရှိခဲ့ကြသည်။

မြောက်ပိုင်းဒေသမှာနေကြသော လူမျိုးစုအတော်များများ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သွားကြရာ ရှေးနှစ်ပေါင်းများစွာကရှိခဲ့သော ဗုဒ္ဓသာသာနာမှာ တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်ခဲ့ရပေပြီ။

(နောက်ပိုင်း တောင်တန်းသာသနာပြု ဆရာတော်အချို့ ပေါ်ပေါက်လာပြီး ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားဆောင်ရွက်ကြသောအခါမှ အနည်းငယ် ပြန်လည်ထွန်းကားလာခဲ့ခြင်းဖြစ်၏။

ထိုသို့ဆောင်ရွတ်ကြသောကြောင့် အနည်းငယ် ပြန်လည် ရှင်သန်လာသည်ဟု ဆိုစေကာမူ များစွာနောက်ကျနေခဲ့ပေပြီ။

ခရစ်ယာန်ဘာသာ၏ထိုးဖောက်မှုက နှစ်ပေါင်းတစ်ရာကျော် လက်ဦးမှုရယူထားခဲ့ပြီးဖြစ်ရာ ထင်သလောက်တော့ ခရီးမပေါက်ခဲ့ကြတော့ပေ။

ထို့ကြောင့်လည်း မြောက်ဖျားဒေသဘက်မှာ ရှေးနှစ်ပေါင်းများစွာက ရှိခဲ့သော စေတီပုထိုးများမှာ ပြုပြင်ထိန်းသိမ်းမည့်သူ မရှိတော့ဘဲ ပျက်စီးယိုယွင်းမှုများ ဖြစ်ခဲ့ကြပေသည်။

အချို့လည်း လုံးဝပျောက်ကွယ်သွားလေတော့သည်။ အချို့လည်း ကျန်နေကြသေးသည်။ ပူတာအိုမြို့နယ်အတွင်းမှာ လန်နီရွာမှ ခပ်ချိုခမ်းဘုရား၊ လန်းတောင်ရွာမှ စဝ်မီဘုရား၊ ပန်းလှိုင်ရွာမှ စဝ်ဘုရားလုံ (မဟာမြတ်မုနိ)ဘုရား၊ မန်စေရွာမှ စဝ်ခွန်ဟင်(ကျောက်ဆင်းတုဘုရားကြီး)ဘုရားနှင့် ယခု မလိခကမ်းခြေမှ ရွှေဆတ်မင်းစေတီတော် ကောင်းမှုလုံဘုရားကြီးတို့ပင် ဖြစ်ပေတော့သည်။







# အခန်း (၂)

# အရိပ်အယောင်ပြလာသော ရှင်သူငယ်

ပူတာအိုမြို့၏မြောက်ဘက် မလိခ မြစ်ကမ်းနံဘေးမှာ 'ငွားဇာခါး' ရွာရှိသည်။

သို့သော်လည်း မလိခမြစ်ကမ်းပါးမှာ တည်ရှိသောကြောင့် အများကတော့ 'မလိခရွာ' ဟုပင် ခေါ်ဝေါ်ကြသည်။

ထိုရွာမှာ နေထိုင်ကြသူ အများစုမှာ လီဆူးတိုင်းရင်းသားများဖြစ်ပြီး အခြားတိုင်းရင်းသားများလည်း ရောနှောနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

ရွာမှာ ရွာကြီးတစ်ရွာဖြစ်ပြီး စည်ကားလှသည်။ ရွာလမ်းမှာ ကျယ်ဝန်းပြီး အတော်များများမှာ ခြံကျယ်များဖြင့် နေထိုင်ကြတာ ခြံဝန်းအတွင်းမှာ ငှက်ပျောပင် စသော သီးနှံပင်များ စိုက်ပျိုးထားရာ အဝေးမှကြည့်လျှင် စိမ်းညို့နေသည်။

ထိုခြံကျယ်ကြီးနားအတွင်းမှာ သီးပင်စားပင်များအပြင် ဝက်ခြံ၊ ကြက်ခြံ၊ နွားခြံများ၊ ဆန်ထောင်းမောင်းဆုံ၊ စပါးကျီ၊ စပါးစည့်များ ရှိသည်။ အချို့အိမ်များတွင် မြစ်ထဲသို့ သွားလာရန် လှေရှိပြီး လှေကို စင်များဖြင့် တင်ထားသည်။

ရန်ကုန်မြို့မှာ ကားကို ခရီးသွားလာရန် အသုံးပြုသော ပစ္စည်းအဖြစ် ဂရုတစိုက် ထားသည့်ပုံစံမျိုးဖြစ်သည်။ ရွာပတ်ဝန်းကျင်တစ်ဝိုက်မှာ စိမ်းလန်းသော သစ်တောအုပ်ကြီးများ ရှိသည်။

တောကြီးများမှာ စိမ်းညို့နေပြီး လူသုံးလေးယောက်ဖက်နိုင်လောက်သော အထိကရသစ်ပင်ကြီးများ ရှိသည်။ ထိုသစ်ပင်ကြီးများပေါ်မှာ သဘာဝအတိုင်း ဖူးပွင့်နေသော သဘာဝသစ်ခွပန်းခိုင်များ ရှိသည်။ သစ်ပင်အပေါ်မှ အောက်သို့ အခွေလိုက် အလိပ်လိုက်,အလိပ်လိုက် ကျနေသော နွယ်ကြိုးကြီးများ၊ မြေပြင်ပေါ်မှာ ကျနေသည့် ရွက်ခြောက်တောများ ရှိသည်။ ထိုရွက်ခြောက်တောများထဲမှာ လူသွားလမ်းကလေးများ ရှိနေသည်။

ထိုလူသွားလမ်းကလေးများမှာ အနီးပတ်ဝန်းကျင်ရွာမှ





လူများ အသုံးပြုသောလမ်းများပင် ဖြစ်သည်။ လူများဖြတ်လျှောက်သွားသည့်အခါ လမ်းကလေးများပေါ်နေပြီး အတန်ကြာသောအခါ အပေါ်မှ သစ်ရွက်များ ကြွေကျလာပြီး ဖုံးသွားသောကြောင့် လမ်းပျောက်သွားပေသည်။

သစ်တောကြီးများ၏လက်ဝဲဘက်တွင် မလိခမြစ်ကြီးရှိနေပြီး ကမ်းစပ်တစ်လျှောက်တွင် ကျယ်ပြန့်သော သောင်ပြန့်ကြီးများ ရှိပေသည်။ ထိုသောင်ပြန့်ကြီးများအား သစ်တောအတွင်းမှ လမ်းလျှောက်သွားရင်းနှင့် မြစ်ကမ်းနှင့် နီးသောနေရာရောက်သည့်အခါ လှမ်းမြင်ရသည်။

ဒေသခံများက ထိုတောအတွင်းမှာပင် သင့်တော်သော မြေကွက်လပ်များ၌ ထွန်ယက်ကာ သီးနှံပင်များ စိုက်ပျိုးကြသည်။ မြေပဲပင်၊ ဆီထွက်မုန်ညင်းများ၊ ပဲပင်များကို စိုက်ပျိုးကြသည်။ ထို့ပြင် မြစ်ကမ်းနဖူး၌ရှိသော မြေကွက်အချို့ဆိုလျှင် သောင်စပ်များအထိ ဆင်းပြီး သီးနှံစိုက်ခင်းများ ပြုလုပ်ကြသည်။

မလိခ မြစ်ကမ်းနားတစ်လျှောက်ရှိ မြေကွက်များမှာ မြေဩဇာကောင်းလှသောကြောင့် သီးနှံစိုက်ခင်းများ စိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်လေသည်။ ဒေသခံများက ၎င်းတို့ သီးနှံစိုက်ခင်းများ စိုက်ပျိုးသောမြေကွက်များ၊ ခြံများကို သစ်လုံးများစိုက်ပြီး ကာရံထားကြသည်။

တစ်နေရာမှတစ်နေရာ ကူးသန်းကြရာမှာ လူတစ်ရပ်ခန့် မြင့်သော သစ်လုံးလှေကားများမှတဆင့် ကျော်ဖြတ်ပြီး သွား



www.burmeseclassic.com

www.burmeseclassic.com



လာကြရလေသည်။ ကမ်းစပ်မှာရှိသော သောင်ပြန့်ကျယ်ကြီးများမှာ ကိုက်သုံးရာခန့် ကျယ်ဝန်းလေသည်။

ထိုသောင်ပြန့်ပေါ်မှာ လူအချို့ သွားလာလှုပ်ရှားနေကြလေသည်။ ထိုလူများမှာ ထိုနေရာတစ်ဝိုက်တွင်ရှိသော ကျေးရွာများမှ လူများပင်ဖြစ်ကြလေသည်။

မလိခမြစ်ကမ်းအနီးတွင် အမှီပြု၍ နေထိုင်သောရွာများမှာ ငွားဇာခါးရွာ၊ နမ်ဘူယမ်းရွာ၊ စော်ကန်ရွာ၊ မန်နိုကျေးရွာ၊ ပန်ဆပ်ကျေးရွာတို့ ဖြစ်ကြသည်။ မန်နိုကျေးရွာမှာ ကျေးရွာအုပ်စုဖြစ်ပြီး လူဦးရေ(၈၀၀)ကျော် မှီတင်းနေထိုင်ကြသည်။

မလိခမြစ် မြောက်ပိုင်းအစွန်ဆုံးမှာ ရှိသောကျေးရွာမှာ ပန်ဆပ်ကျေးရွာဖြစ်ပြီး ဟိုဘက်တွင် မည်သည့်ကျေးရွာမှ မရှိတော့ပေ။

ပန်ဆပ်သည် မလိခ၏မြောက်ဖျား အစွန်ဘက်အကျဆုံးရွာပင် ဖြစ်သည်။

ထိုကျေးရွာများမှာ နေထိုင်ကြသူများမှာ ဂျိန်းဖော၊ ရဝမ်၊ လီဆူး၊ ခမ်းတီးရှမ်း၊ မြန်မာ စသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည်။

မြန်မာလူမျိုးကတော့ အနည်းစုသာနေကြပြီး အများအားဖြင့်တော့ သွေးနှောသူများသာ နေကြလေသည်။

ငွားဇာခါးရွာ၏ မြောက်ဘက်ပိုင်းတွင် မလိခမြစ်ကျဉ်းတစ်ခု ရှိလေသည်။





ထိုမြစ်ကျဉ်းနေရာမှာ ရေအနည်းဆုံး၊ အကျဆုံးအချိန်ရောက်သောအခါ ကိုက်(၁၀၀)ခန့်သာ အကျယ်အဝန်း ရှိလေသည်။ ထိုမြစ်ကျဉ်းနေရာမှာ ဒေသခံများက တစ်နှစ်တစ်ကြိမ် ဝါးတံတား ဆောက်လေ့ရှိကြသည်။

ထိုတံတားမှာ ဝါးတံတားရှည်ကြီးဖြစ်ပြီး ကောင်းမှုလုံ ဘုရားပွဲတော်ကြီး ကျင်းပပြုလုပ်ကာနီးအချိန်တွင် တည်ဆောက်လေ့ရှိကြသည်။

တံတားတည်ဆောက်သောနေရာမှာ နမ့်ထုံချောင်း စီးဝင်သော မြစ်ဆုံနေရာပင်ဖြစ်သည်။ တံတားတစ်ခုလုံး ဝါးများဖြင့် ဆောက်လုပ်ထားပြီး အကျယ်ငါးပေခန့်နှင့် အလျားပေ(၁၅၀)ခန့်ရှိသည်။ မြစ်ပြင်ကို ဖြတ်ရုံမက ပေ(၇၀)ခန့်မြင့်သော ကမ်းပါးယံကြီးအထိ ဆက်နွယ်ဖောက်လုပ်ထားလေသည်။

ထိုတံတားဆောက်လုပ်ပြီးပါက ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်များမှ ဘုရားဖူးလာသူများအတွက် များစွာ သွားလာရေး အဆင်ပြေကြလေသည်။ ကောင်းမှုလုံ ဘုရားပွဲတော်ကြီးကျင်းပရန် အချိန်နီးလာသည်နှင့် ထိုနေရာတစ်ဝိုက်မှာ ရှိကြသော ကျေးရွာများမှတိုင်းရင်းသားများမှာ တံတားဆောက်ရန် ပြင်ဆင်ကြလေသည်။

ဝါးရှာသူ၊ ဝါးခုတ်သူ၊ ဝါးသယ်သူ၊ တိုင်စိုက်၊ တံတားဆောက် စသောအလုပ်များကို အားလုံးဝိုင်းဝန်းပြီး တက်ညီလက်ညီ ပြုလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုတံတားကို 'ချစ်ကြည်ရေးတံတား' ဟုပင် အမည်ပေးထားကြသည်။

တံတားဆောက်ပြီးသွားလျှင် ပူတာအိုဘက်မှ ဘုရားဖူး များသည် ပူတာအိုလွင်ပြင်ကြီးကို ဖြတ်လာကြပြီး ထိုတံတားပေါ် မှတစ်ဆင့် ဘုရားပွဲတော် နွှဲပျော်ကြရန် လာရောက်ကြလေသည်။

ယခုလည်း ငွားဇာခါးရွာ အပါအဝင် အနီးပတ်ဝန်းကျင် ရွာမှ လူအတော်များများ တံတားဆောက်လုပ်ရန် ပြင်ဆင်နေကြ လေသည်။

မကြာခင် ကောင်းမှုလုံ ဘုရားပွဲတော်ကြီး ကျင်းပပေ တော့မည်။

သို့အတွက်ကြောင့် ဝါးတံတား တည်ဆောက်ရန် လုပ် ကိုင်နေကြခြင်းဖြစ်သည်။

ထိုအထဲတွင် နီမောင်တို့လူငယ်များလည်း ပါဝင်ကြလေ သည်။

နီမောင်သည် ငွားဇာခါးရွာသားဖြစ်သည်။ အသက် (၂၅)နှစ်အရွယ်ခန့်ရှိသော မြန်မာလူရွယ်တစ်ယောက်ဖြစ်သည်။

၎င်းမှာ မိဘများဖြစ်သည့် ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ နှင့်အတူ နေထိုင်ကာ သီးနှံစိုက်ပျိုးခြင်း၊ တောတက်ခြင်း စသော အလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်လေသည်။

သူနှင့်အတူ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် အဖော်ပါပြီး ၎င်းတာဝန်က တောထဲမှ အသုံးဝင်မည့်ဝါးများကို





ရှာဖွေခုတ်ယူရန်ဖြစ်သည်။

သုံးယောက်သား အသုံးပြုနိုင်မည့် ဝါးများကို ရှာဖွေရင်း နှင့် တောနက်အတွင်းသို့ ရောက်သွားကြသည်။

ထိုလူသုံးယောက်မှာ တစ်ရွာတည်းနေသူများ ဖြစ်ကြ သလို ခင်မင်ရင်းနှီးကြသူများလည်း ဖြစ်ကြလေသည်။

သူတို့သုံးယောက်သည် ဝါးခုတ်သူကခုတ်၊ ခုတ်ပြီးသား ဝါးကို ဆွဲသူကဆွဲချ၊ မြေသို့ လဲကျလာသော ဝါးများကို ကိုင်းသပ်၊ အဖျားဖြတ်သူကဖြတ်နှင့် မမောမပန်းနိုင်အောင် ရှိနေကြလေ သည်။

"နီမောင်"

"ဘာလဲဟ"

"ကောင်းမှုလုံ ဘုရားပွဲကြီး နီးလာပြီဆိုတော့ မင်းက တော့ အပျော်ကြီး ပျော်နေမှာပေါ့နော်"

စောထီးက ဝါးခုတ်နေရင်းမှ လှမ်းပြောလေသည်။

"တစ်နှစ်မှတစ်ခါဖြစ်တဲ့ ဘုရားပွဲတော်ပဲ. .၊ ဘယ်သူ မပျော်ဘဲ ရှိပါ့မလဲ"

"ဒါပေမယ့် တခြားလူတွေ ပျော်တာထက် မင်းက ပိုပြီး ပျော်နေမှာ သေချာပါတယ်"

"ဘယ်လိုကြောင့်လဲ"

"ဘုရားပွဲတော်ရက်မှာ မင်းချစ်သူ မြသင်းကြူနဲ့ လွတ် လွတ်လပ်လပ် တွေ့ရတော့မှာမို့ သူများတွေထက် ပိုပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ် ဟုတ်လား"

"မင်းတို့ ထင်သလောက်တော့ မဟုတ်ပါဘူးကွာ၊ ငါနဲ့ မြသင်းကြူတာ အဆင်ပြေပေမယ့် သူ့မိဘတွေကတော့ ငါတို့နှစ်ယောက်တို့စွကို လက်ခံပေးချင်ပုံ မရသေးပါဘူး"

နီမောင်က အားလျော့နေသောလေသံမျိုးဖြင့် ပြန်ပြောလိုက်လေသည်။ သူ့ချစ်သူ မြသင်းကြူမှာ ငွားဇာခါး ရွာသူတစ်ယောက်ပင်ဖြစ်သည်။

သူမ၏မိဘများက ခြံမြေအတော်များများကို ပိုင်ဆိုင်ကြပြီး စီးပွားဥစ္စာ အတန်အသင့် ပြည့်စုံသူများဖြစ်ကြလေသည်။

နီမောင်တို့က သာမန်အဆင့်အတန်းသာ ရှိသဖြင့် နီမောင်နှင့် သမီးဖြစ်သူ မြသင်းကြူတို့ အချစ်ရေးကို ကြည်ကြည်ဖြူဖြူ ခွင့်ပေးချင်ဟန်တော့ မရှိကြပေ။ မြသင်းကြူကတော့ ရိုးသားဖြူစင်သော နီမောင်၏မေတ္တာကို လက်ခံထားလေသည်။

"သူ့မိဘတွေက ဘာအရေးကြီးလဲကွာ၊ တကယ်အရေးကြီးတာက မင်းတို့နှစ်ယောက် တစ်ယောက်သဘောကို တစ်ယောက် နားလည်နေကြဖို့ပဲ မဟုတ်လား၊ ဆင်းရဲတာ ချမ်းသာတာက အရေးမကြီးလှပါဘူး"

ငမဲအောင်က အားပေးစကားမျိုး ပြောလေသည်။

"ဘာမှစိတ်ပူမနေနဲ့ နီမောင်၊ ဖူးစာဖက်မှန်ရင် ဘယ်လိုလူတွေကမှ မင်းတို့ချစ်ခြင်းကို ခွဲလို့မရဘူး၊ မြသင်းကြူဟာ မင်းရဲ့ ဖူးစာဖက်မှန်တဲ့ ချစ်သူတစ်ယောက် ဖြစ်ပါစေလို့သာ ဆုတောင်း





ထားပေတော့ဟ"

စောထီးကပါ ဝင်ပြောလိုက်သောကြောင့် နီမောင့်စိတ်ထဲမှာ အားရှိသလို ခံစားမိလေသည်။

သုံးယောက်သား ဝါးလုံးအတော်များများ စုဆောင်းမိသောအခါ အသင့်ပါလာသော ထမင်းထုပ်များကို ဖြေပြီး စားသောက်ရန် ပြင်ကြလေသည်။

ထမင်းထုပ်ထဲမှာတော့ ထွေထွေထူးထူး မပါဘဲ ထမင်းနှင့် အသီးအရွက်ကြော်၊ ငရုတ်သီးထောင်းတို့ပင်ဖြစ်သည်။

သုံးယောက်သား ဝိုင်းဖွဲ့ပြီး ထမင်းထုပ်များကို ဖြေ၍ စားသောက်ရန် ပြင်ဆင်နေကြစဉ် တောထဲမှလျှောက်လာသော ခြေသံအချို့ကို ကြားကြရသည်။

ပထမတော့ ဝါးခုတ်လာသူများဖြစ်ရမည်ဟု ထင်လိုက်ကြလေသည်။ ခြေသံက အနီးရောက်လာပြီး တောထဲမှ ရိပ်ခနဲဖြတ်လျှောက်သွားသော သဏ္ဌာန်တစ်ခုကို မသဲမကွဲ လှမ်းမြင်လိုက်ကြရသည်။

သုံးယောက်သား ခြေသံကြားရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြရာ. . သစ်ပင်ချုံနွယ်ကြားမှ ဖြတ်သွားသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

သူတို့မြင်လိုက်ရသည်က လူကြီးတစ်ယောက်တော့ မဟုတ်ပေ။

ကလေးငယ်ကလေးတစ်ယောက်၏ ပုံရိပ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးငယ်ကလေးမှာလည်း သာမန်ကလေးငယ်တစ်ဦး မဟုတ်ပြန်ပေ။

သူတို့လှမ်းကြည့်လိုက်စဉ်မှာပင် တလူလူ လွင့်သွားသည့် သက်န်းစကို လှမ်းမြင်လိုက်ရသောကြောင့် ကိုရင်ငယ်တစ်ပါးဖြစ်မည်ဟု ထင်လိုက်မိကြသည်။

"ကိုရင်ငယ်လေး တစ်ပါးပါးလား"

" ဟုတ်တယ်. . . ရိပ်ခနဲ တွေ့လိုက်ရတယ်"

"တောထဲမှာ ခရီးသွားတဲ့ ကိုရင်တစ်ပါးပဲ ဖြစ်မှာပါ"

ဟု ပြောပြီး စားလက်စအစားအသောက်များကို စားသောက်နေကြလေသည်။

ထိုအခိုက်မှာပင် အခြားတစ်နေရာမှ ခြေသံကြားရပြန်ပြီး ရိပ်ခနဲ ဖြတ်လျှောက်သွားသော အဝါရောင်သင်္ကန်း ဝတ်ထားသော လူငယ်လေးတစ်ယောက်ကို တွေ့ရသည်။

တစ်ကြိမ်မှနှစ်ကြိမ် မြင်ရသောအခါ သာမန်မဟုတ်မှန်းတော့ ရိပ်မိကြလေသည်။

"ငါသွားကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် နီမောင်က နေရာမှ ထရပ်သောအခါ ကျန်နှစ်ယောက်ကပါ နောက်မှလိုက်လာကြသည်။

"ငါတို့ကို တောခြောက်နေတာများလား"

"တောခြောက်တယ်ဆိုရင်လည်း မကောင်းဆိုးဝါးတွေကပဲ ခြောက်ချင်ခြောက်မှာပေါ့၊ ကိုရင်ဝတ်ထားတဲ့သူကတော့





ဒီလို လာခြောက်မယ်မထင်ပါဘူး"

ဟု ပြောဆိုကာ သုံးယောက်သား ဝါးခုတ်သည့်ဓားများကို ကိုင်ဆောင်ပြီး အဝါရောင်ပုံရိပ် မြင်တွေ့လိုက်ရသောနေရာဘက်သို့ လိုက်ရှာကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်နေသောကြောင့် နေပြောက်မထိုးအောင် ရှိလေသည်။ သစ်ပင်ကြီးများပေါ်မှ တွဲလောင်းကျနေသည့် နွယ်ကြိုးကြီးများကလည်း လေထဲမှာ တယမ်းယမ်းနှင့် ရှိနေကြသည်။ သူတို့သုံးယောက်မှာ ထိုနေရာတစ်ဝိုက်ကို လိုက်လံရှာဖွေကြသောအခါ တစ်နေရာမှ တစ်နေရာသို့ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားသော အဝါရောင်ပုံရိပ်ကိုသာ တွေ့ကြရပြီး လူကိုတော့ မတွေ့ရပေ။

နောက်ဆုံး ဘယ်လိုမှ ရှာမတွေ့တော့သည့်အဆုံးမှာ သုံးယောက်သား လက်လျှော့ပြီး တောထဲမှ ပြန်ထွက်ခဲ့ကြလေသည်။

ထိုအကြောင်းကို တဲတားထိုးသောနေရာ ရောက်သောအခါ ဆေးဆရာကြီးဦးဗန်ကောင်းအား ပြန်ပြောပြလိုက်ကြသည်။

"မင်းတို့ တွေ့ခဲ့ကြတာ သင်္ကန်းဝတ်ထားတဲ့ ကိုရင်လေးတစ်ပါးမဟုတ်လား"

"ဟုတ်တယ် အဘ"

ဦးဗန်ကောင်းက ပါးစပ်တွင်းမှ ကွမ်းတံတွေးများကို



www.burmeseclassic.com

www.burmeseclassic.com



ထွေးပစ်လိုက်ပြီး တောဘက်သို့ လှမ်းကြည့်နေသည်။

"ဒီလောက်တောနက်ကြီးထဲမှာ ဘယ်ကကိုရင် ရှိမှာလဲကွာ"

"ဒါဖြင့် တောခြောက်လိုက်တာလားအဘ"

"တောခြောက်တာကလည်း မဟုတ်ပါဘူး၊ မင်းတို့ လှမ်းမြင်လိုက်တဲ့ ကိုရင်လေးက တခြားမဟုတ်ပါဘူး၊ တောထဲမှာရှိတဲ့ ရှင်သူငယ်ဂမုန်းကို တွေ့တာပါ"

"ဂမုန်းပင် ဟုတ်လား. . ၊ ကျွန်တော်တို့ တွေ့လိုက်တာ ဂမုန်းပင် မဟုတ်ဘူး၊ ကိုရင်ကလေးကိုပဲ တွေ့လိုက်ရတာပါ"

"ဟုတ်ပါတယ်. . . ရှင်သူငယ်ဂမုန်းဆိုတာ တန်ခိုးကြီးတဲ့ ဂမုန်းမျိုးထဲမှာပါတော့ အမျိုးမျိုး ဖန်ဆင်းလို့ရတယ်၊ အဲဒီဂမုန်းမျိုးရရင် လိုရာအသုံးပြုလို့ ရနိုင်တယ်"

ဟု ပြောပြလေသည်။

နီမောင်တို့သုံးယောက်ကတော့ အမှတ်မထင် တွေ့မြင်လိုက်ရသော ရှင်သူငယ်ဂမုန်းအကြောင်းကို စိတ်ဝင်စားနေကြလေသည်။







# အခန်း(၃)

## ချစ်ရေးမပိုင်သောဘဝများ

နမ့်ခမ်းရွာသည် ရှေးဟောင်းရွာကြီးတစ်ရွာပင်ဖြစ်သည်။ မလိခမြစ်မှ မြောက်ဘက်သို့ ခွဲတက်သွားသော မြစ်ဖျားပိုင်းတစ်ခု၏အရှေ့ဘက်တွင် တည်ရှိလေသည်။

ရှေးအခါက ရွာငယ်ကလေးတစ်ရွာ ဖြစ်သော်လည်း နောက်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် တဖြည်းဖြည်းနှင့် စည်ကားလာပြီး ရွာကြီးတစ်ရွာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေသည်။

နမ့်ခမ်းသည် မလိခမြစ်နှင့် မဝေးလှသလို မချမ်းဘောနှင့်လည်း နီးလေသည်။ ပူတာအိုသို့ သွားလိုလျှင် မလိခမြစ်ကို ဖြတ်၍သော်လည်းကောင်း၊ သို့မဟုတ် မချမ်းဘောမှတစ်ဆင့်သော်လည်းကောင်း အရောက်သွားနိုင်လေသည်။

ဒေသခံများအတွက်ကတော့ ထိုခရီးလမ်းများမှာ မဝေးတော့ပေ။

ပူတာအိုနယ်ဘက်တွင် ကောင်းမှုလုံ ဘုရားပွဲတော်ကျင်းပလျှင် နမ့်ခမ်းဘက်မှလူများ ဆင်းလာကြပြီး မိမိတို့ဒေသထွက် အစားအသောက် အသုံးအဆောင်ပစ္စည်းများ လာရောက်ရောင်းချကြလေသည်။

ထိုရွာမှာလည်း အခြားရွာများကဲ့သို့ပင် ဂျိန်ဖော့၊ ရဝမ်၊ လီဆူး၊ ခမ်းတီးရှမ်းနှင့် မြန်မာလူမျိုးအချို့တို့ ရောနှောနေထိုင်ကြသည်။

ယနေ့ ကောင်းမှုလုံ ဘုရားပွဲတော် ကျင်းပရန် ရက်နီးလာသောအချိန်တွင် နမ့်ခမ်းရွာမှာ နေထိုင်ကြသူများမှာ ပွဲတော်တွင် ရောင်းချမည့်ပစ္စည်းများကို စုဆောင်းပြင်ဆင်နေကြလေသည်။

ထိုအထဲတွင် မြနှင်းဖြူတို့မိသားစုလည်း အပါအဝင်ဖြစ်ကြလေသည်။

မြနှင်းဖြူမှာ အသက်(၂၃)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်





လှပချောမောသူတစ်ဦးဖြစ်သည်။

သူမ၏မိဘများမှာ ခမ်းတီးရှမ်းအမျိုးအနွယ်များ ဖြစ်ပြီး တစ်ချိန်က ကောင်းစားခဲ့ကြသူများ ဖြစ်ကြသည်။

နောက်ပိုင်း ခမ်းတီးရှမ်းတို့ တန်ခိုးအရှိန်အဝါ မှေးမှိန်သွားပြီးနောက်ပိုင်းတွင် နမ့်ခမ်းရွာတစ်နေရာ၌ရှိသော လက်ဖက်စိုက်ခင်းတစ်ခုဖြင့် ဝမ်းစာရှာဖွေစားသောက်ခဲ့ကြလေသည်။

သို့သော်လည်း တစ်ချိန်က စော်ဘွားအမျိုးအနွယ်ဘဝတွင် ကောင်းစားခဲ့စဉ်အချိန်က စုဆောင်းထားခဲ့သော အတွင်းပစ္စည်းများ ကျန်နေသေးသောကြောင့် ချို့ချို့တဲ့တဲ့တော့ မနေကြရပေ။

မြနှင်းဖြူက ရှမ်းသွေးပါသူတစ်ယောက် ဖြစ်သဖြင့် ရုပ်ရည်ချောမောလှပသည်သာမကဘဲ ယဉ်ကျေးသိမ်မွေ့သူ တစ်ဦးဖြစ်သဖြင့် နမ့်ခမ်းရွာ၌သာမက အခြားအနီးပတ်ဝန်းကျင်မှာရှိကြသော ရွာများမှ ကာလသားများ၏စိတ်ဝင်စားမှုကို ခံရလေသည်။

ထိုအထဲတွင် စိုင်းကျော်စွာဆိုသူနှင့် နတ်ဆရာ သံပချိုင်၏သားဖြစ်သူ 'ထန်ဂါး' တို့လည်း ရှေ့ဆုံးမှ ပါဝင်ကြလေသည်။

စိုင်းကျော်စွာကတော့ မြနှင်းဖြူထက် နှစ်နှစ်ခန့်ကြီးပြီး မိဘချင်းကလည်း သင့်တင့်မျှမှ ရှိလေသည်။

ထို့ပြင် မြနှင်းဖြူအနေကလည်း တစ်နေ့ကျလျှင် ခင်သို့ အဖြစ် ရွေးသောအခါ စိုင်းကျော်စွာကို ဦးစားပေး ရွေးချယ်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု စဉ်းစားထားပြီးသား ဖြစ်သည်။

သို့ကြောင့် ပွင့်ပွင့်လင်းလင်း ချစ်သူအဖြစ်သို့ မရောက်တြသေးစေကာမူ စိုင်းကျော်စွာနှင့် ပတ်သက်လျှင် ကြည်ကြည်ဖြူဖြူနှင့်ပင် ဆက်ဆံလေသည်။

နောက်တစ်ဦးကတော့ ထန်ဂါးဖြစ်သည်။ ထန်ဂါးက အသက်(၃၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်သည်။

၎င်း၏ဖခင် သံပချိုင်က တစ်ရွာလုံး တစ်နယ်လုံးက အားထားကြသော နတ်ဆရာတစ်ဦး ဖြစ်လေသည်။ သံပချိုင်တို့ မိသားစုမှ နတ်ဆရာလုပ်ရင်းနှင့် အတန်အသင့် ပြည့်စုံစွာ နေနိုင်ကြသောအဆင့်မျိုးဖြစ်သည်။ ရှေးအခါက မြောက်ပိုင်းဒေသများမှာ ခရစ်ယာန်ဘာသာ ကိုးကွယ်သူများနှင့် နတ်ကို ယုံကြည်ကိုးကွယ်ကြသူအများစု ရှိကြသဖြင့် နတ်ဆရာများ ကောင်းစားကြသည်ဆိုပါကလည်း မမှားပေ။

ထန်ဂါးက အလုပ်အကိုင် မယ်မယ်ရရ မလုပ်သော်လည်း ဖခင်အရှိန်အဝါကြောင့် ထင်ရာလုပ်နိုင်သူလည်း ဖြစ်ပေသည်။

သူက တစ်ရွာလုံးမှာ အလှဆုံးဖြစ်သည့် မြနှင်းဖြူကို သဘောအကျကြီး ကျနေလေသည်။

မြနှင်းဖြူကတော့ သူ့ကို တစ်စက်ကလေးမှ ကြည့်မရပေ။ မြနှင်းဖြူမိဘများ ဖြစ်ကြသည့် ဦးစိုင်းလုံနှင့်ဒေါ်နန်းသူဇာ





တို့ကတော့ နတ်ဆရာ၏အရှိန်အဝါကို မလွန်ဆန်ရဲသည်က တစ်ကြောင်း၊ ကြောက်ရွံ့ကြသည်ကတစ်ကြောင်းကြောင့် ရေလိုက်ငါးလိုက် ဆက်ဆံကြရလေသည်။

"အမေတို့ကလည်း နတ်ဆရာနဲ့ သူ့သားလာရင် ဖျာနေကြတာပဲ၊ ဘာတွေများ ဒီလောက် ကြောက်စရာရှိနေကြသလဲ မသိဘူး"

ဟု မကျေမနပ် ပြောမိလေသည်။

"နင်မသိပါဘူး သမီးရယ်၊ သူက နတ်ဆရာ ဆိုပေမယ့် နတ်ဆရာထက်ပိုပြီး ကြောက်စရာကောင်းတဲ့ပညာတွေ တတ်သေးတယ်လို့ ပြောသံကြားရတယ်၊ ဒါကြောင့် မလွှဲသာလို့ ဆက်ဆံနေရတာပေါ့"

မိခင်ဖြစ်သူက လေသံခပ်တိုးတိုးဖြင့် ပြောပြရာ မြနှင်းဖြူက စိတ်ဝင်စားသွားလေသည်။

"ကြောက်စရာကောင်းတဲ့ ပညာမျိုးဆိုတာ ဘယ်လိုပညာမျိုးတွေလဲဟင်"

"အောက်လမ်းပညာလို့တော့ ပြောသံကြားတာပါပဲ၊ ပြုစားတတ်တဲ့ပညာမျိုးတွေ ဖြစ်မှာပေါ့"

"ဒါကြောင့် နင်လည်း ထန်ဂါးလာရင် ချိုချိုသာသာ ဆက်ဆံပါလို့ ပြောနေရတာပေါ့"

"သူက လာရင် ကောင်းကောင်းမလာဘူး အမေရဲ့၊ တွေ့တာနဲ့ ရည်းစားစကားပြောဖို့ပဲ စိတ်ကူးနေတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ"

"ကိုယ့်စိတ်ထဲက မပါရင်ပြီးတာပါပဲအေ၊ သူက ရည်းစားစကားပြောလာတော့ မိန်းကလေးဘာဏ်သုံးပြီး ရှောင်လိုက်ပေါ့၊ သူတို့ကို စိတ်ကွက်သွားခ်အောင်တော့ သွားမပြောလိုက်နဲ့၊ တော်ကြာ တစ်ခုခုလုပ်လိုက်မှဖြင့် အရှက်တကွဲ အကျိုးနည်း ဖြစ်နေလိမ့်မယ်"

ဟု မိခင်ဖြစ်သူကတော့ စိုးရိမ်စိတ်ဖြင့် အတန်တန်မှာကြားထားလေသည်။

သို့သော်လည်း မြနှင်းဖြူကတော့ စိုင်းကျော်စွာကို ချစ်သူအဖြစ် ရည်စူးထားပြီး ဖြစ်သောကြောင့် ထန်ဂါးကို စိတ်ကူးထဲမှာပင် ထည့်၍မရပေ။

ထန်ဂါးကလည်း အခွင့်အရေးကို စောင့်နေပြီး မြနှင်းဖြူကို တွေ့သည်နှင့် ချစ်စကား ကြိုက်စကား ပြောလေတော့သည်။

"မြနှင်းဖြူရယ်. . . ငါက နင့်အပေါ်မှာ တကယ်ချစ်တာပါ‹ ာ၊ နင်နဲ့ လက်ထပ်ပြီးရင် ခြေမွေးမီးမလောင် လက်မွေးမီးမလေ င်ရတဲ့ဘဝမျိုးနဲ့ ထားမှာပါ။ နင်ကသာ ငါ့မေတ္တာကို လက်ခံမယ်ဆိုရင် ရွှေငွေရတနာတွေနဲ့ တင်တောင်းပါ့မယ်"

တစ်နေ့တွင် မြနှင်းဖြူ လက်ဖက်ခူးနေသော လက်ဖက်ခင်းထဲသို့ လိုက်လာပြီး ထိုသို့ပြောလေသည်။

လက်ဖက်ခူးနေသော အခြားအဖော်များက မလှမ်းမကမ်းနေရာများမှာ ရှိနေကြသော်လည်း ထန်ဂါးအကြောင်းကို





သိနေကြသဖြင့် ပြုံးစေ့စေ့နှင့်သာ ကိုယ့်အလုပ်ကို ကိုယ်လုပ်နေကြလေသည်။

မြနှင်းဖြူအနေနှင့်လည်း မကြာခဏဆိုသလို ထန်ဂါး၏ နှောင့်ယှက်မှုကို ခံနေရသောကြောင့် ထွေထွေထူးထူးဖြစ်ခြင်းမျိုးတော့ မရှိတော့ပေ။

"နေစမ်းပါဦး. . . ရှင်က အဲဒီစကားမျိုးတွေ လာပြောနေရအောင် ရှင့်ကို ဘယ်သူက လက်ခံမယ်လို့ ပြောသေးလို့လဲ"

"ဒါကတော့. . . ဟို. . ဟို. . ."

"ဒီမှာ. . . ကျွန်မ ပြောပြမယ် ကိုထန်ဂါး၊ ကျွန်မ ရှင့်မေတ္တာကိုလည်း လက်မခံနိုင်သေးပါဘူး၊ နောက်ပြီး ကျွန်မ ရွှေငွေမက်မောတဲ့ အမျိုးသမီးတစ်ယောက်လည်း မဟုတ်ပါဘူး"

"ငါက နင့်အတွက် စေတနာနဲ့ ပြောတာပါဟ"

"ကျွန်မ ရှင့်ကို ရှင်းရှင်းပဲ ပြောမယ်၊ ကျွန်မမှာ ရည်စူးထားတဲ့လူ ရှိတယ်၊ ကျွန်မ သူ့မေတ္တာကို လက်ခံဖို့လည်း ဆုံးဖြတ်ထားပြီးပြီ"

အမှန်တော့ မြနှင်းဖြူအနေနှင့် ထိုစကားကို ပြောရန် စိတ်ကူးမရှိသော်လည်း ထန်ဂါး စိတ်ပျက်ပြီး နောက်ဆုတ်သွားစေရန် ရည်ရွယ်ချက်ဖြင့် လွှတ်ခနဲ ပြောလိုက်မိခြင်းဖြစ်ပေသည်။

သို့သော်လည်း ထိုစကားတစ်ခွန်းကြောင့် မကြာခင်မှာ သူမဘဝအတွက် အပြောင်းအလဲကြီး ပြောင်းလဲစေမည့် အန္တရာယ်ဆိုးကြီးတစ်ခုနှင့် ကြုံတွေ့ရမည်ကိုတော့ ထိုစဉ်က မြနှင်းဖြူ

www.burmeseclassic.com



အနေနှင့် မသိခဲ့ရှာပေ။

သူမစကားကြောင့် စောစောက သနားစဖွယ်ရှိနေသည့် ထန်ဂါး၏မျက်နှာမှာ တင်းခနဲဖြစ်သွားလေသည်။ မြနှင်းဖြူကို အရောင်လက်နေသည့် မျက်လုံးဖြင့် တစ်ချက်ကြည့်လိုက်သောကြောင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားလေသည်။

"နင်ရည်စူးထားတဲ့သူဆိုတာ စိုင်းကျော်စွာကို ပြောတာ မဟုတ်လား"

"အို. . . ဒါကတော့ ရှင်သိစရာမလိုပါဘူး"

သူမက ဟန်မပျက် ပြန်ပြောလိုက်ရသော်လည်း စိတ်ထဲမှာတော့ တစ်ခုခုကို စိုးရိမ်သကဲ့သို့ ဖြစ်သွားမိလေသည်။

"ဒါပေမယ့်. . ငါသိပါတယ်၊ ဒီမှာ. . နင်သိအောင် ငါ ပြောမယ်၊ အခုအချိန်ထိ နင့်မှာ ပိုင်ဆိုင်တဲ့သူ မရှိသေးဘူး၊ စိုင်းကျော်စွာအနေနဲ့ ကြိုးစားနိုင်သလို ငါလည်း ကြိုးစားခွင့်ရှိတာပဲ၊ ဒီတော့ နင်ဘာပဲပြောပြော ငါကတော့ လက်လျှော့ပေးမှာ မဟုတ်ဘူး"

ဟု ပြောကာ ထန်ဂါးက သူမအနီးမှ ထွက်သွားလေသည်။ မြနှင်းဖြူမှာသာ စိတ်ပျက်လက်ပျက်ဖြစ်ရင်း နေရာမှာ ကျန်ခဲ့လေသည်။

ထိုအခါမှ သူမအနီးသို့ ကျန်အဖော်များ ရောက်လာပြီး ဝိုင်းဝန်းမေးမြန်းကြသည်။

"မြနှင်းဖြူ. . . ထန်ဂါး နင့်ကို ရည်းစားစကား လာပြော





သွားပြန်ပြီ မဟုတ်လား"

မြနှင်းဖြူက စိတ်ပျက်လက်ပျက်နှင့် ခေါင်းညိတ်ပြလိုက်သည်။

"ထန်ဂါးကတော့ မိန်းမပျိုလေးတွေဆိုရင် သိပ်ပြီး အလွတ်မပေးချင်ဘူး၊ ဒါပေမယ့် နင့်ကျတော့ ပိုဆိုးတယ်၊ ဒီအတိုင်းဆိုရင်တော့ သူကတော့ လက်လျှော့ပေးမှာ မဟုတ်ဘူး၊ တစ်နေ့တခြား ဆိုးလာဖို့ပဲ ရှိတယ်"

"ဒါထက် နင်နဲ့စိုင်းကျော်စွာတို့ကရော ဘယ်အခြေအနေထိ ရောက်နေပြီလဲ"

"ဒီလိုပါပဲ. . . တစ်ယောက်သဘောကို တစ်ယောက် သိနေတဲ့အဆင့်ပဲ ရှိပါသေးတယ်"

"နင်တို့ကလည်းဟယ်. . တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရှိနေရင်လည်း မြန်မြန်ယူလိုက်ကြတာ ပိုမကောင်းဘူးလား"

"ဟုတ်တယ် မြနှင်းဖြူရဲ့၊ ဒါမှ ထန်ဂါးရဲ့ရန်က ကင်းသွားမှာ၊ ကိုယ်မနှစ်သက်တဲ့လူက နှောင့်ယှက်နေတာ ခံနေရတာနဲ့စာရင် ချစ်တဲ့သူနဲ့ မြန်မြန်လက်ထပ်လိုက်တာ ပိုကောင်းတာပေါ့"

ထိုသို့ပြောနေစဉ် လက်ဖက်ခင်းအတွင်းသို့ စိုင်းကျော်စွာ ရောက်လာသည်။

သူဝင်လာသည်ကို မြင်သောအခါ ကျန်အဖော်များက



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သိစွာဖြင့် ၎င်းတို့နေရာသို့ ပြန်သွားကြလေသည်။

"မြနှင်းဖြူ စောစောက နင့်ဆီကို ထန်ဂါး လာသေးတယ် မဟုတ်လား"

မြနှင်းဖြူက ခေါင်းညိတ်ပြလိုက်သည်။

"သူ ဘာတွေ ပြောသွားသေးလဲ၊ ခါတိုင်းလိုပဲ နင့်ကို ရည်းစားစကား လာပြောသွားတာပဲ မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"ဒီလူကတော့ အခြေအနေ အတော်ဆိုးနေပြီ၊ ကိုယ့်ကို မိန်းကလေးတစ်ယောက်က လက်မခံချင်ပါဘူး ဆိုနေပါရက်နဲ့ ဇွတ်တိုးဖို့ အတင်းကြိုးစားနေတော့တာပဲ၊ ဒီအတိုင်းသာဆိုရင်တော့ တစ်နေ့မဟုတ်တစ်နေ့ ငါနဲ့တွေ့တော့မှာပဲ"

စိုင်းကျော်စွာက လွယ်လာသောဓားရိုးပေါ်သို့ လက်တင်ကာ အံကြိတ်ရင်း ပြောလိုက်လေသည်။

"ဒီလို စိတ်လိုက်မာန်ပါ လုပ်လို့လည်း ဘယ်ဖြစ်ပါ့မလဲ၊ တော်ကြာ နင် တစ်ခုခု ဖြစ်သွားမှ ခက်နေပါဦးမယ်"

"ငါကတော့ နင်နဲ့ပတ်သက်လာရင် ဘာမဆို လုပ်မှာပဲ၊ ဒီလိုမှ မဖြစ်စေချင်ရင်တော့ ငါတို့နှစ်ယောက် မြန်မြန်လက်ထပ်လိုက်ရင် ပိုမကောင်းဘူးလား"

အခွင့်အရေးရတုန်း . . စိုင်းကျော်စွာက သူဖြစ်စေချင်သောစကားကို ပြောလိုက်လေသည်။

"ဒီကိစ္စကတော့ အေးအေးဆေးဆေး ငါစဉ်းစားပေးပါ့





မယ်၊ လက်ထပ်တဲ့ကိစ္စကိုတော့ အလောတကြီး ငါမလုပ်ချင်သေးဘူး၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ ငါ့စိတ်က ဘယ်တော့မှ အပြောင်းအလဲ မဖြစ်ပါဘူး၊ တစ်နေ့ကျရင် နင်ဖြစ်ချင်တဲ့အတိုင်း ဖြစ်ရမှာပါ"

ထိုစကားကြားတော့မှ စိုင်းကျော်စွာမျက်နှာမှာ အတန်အသင့် ကြည်လင်လာလေသည်။

"နင့်ဘက်က ကတိတည်ရင် ပြီးတာပါပဲ၊ ဒါပေမယ့် လူကိုသာ စိတ်ချရပေမယ့် အခြေအနေကို စိတ်မချရဘူးဆိုတဲ့ စကားရှိလေတော့ ငါကတော့ ငါတို့နှစ်ယောက် လက်ထပ်မပြီးမချင်း စိတ်တထင့်ထင့်နဲ့ နေရတော့မှာပဲ"

ဟု ပြောလိုက်လေသည်။

"စိတ်ချပါ . . . ငါ ဘယ်တော့မှ သစ္စာမပျက်ပါဘူး"

ဟု ပြောလိုက်မှ ကျေနပ်သွားလေသည်။

ထို့နောက် စိုင်းကျော်စွာက မပြန်တော့ဘဲ မြနှင်းဖြူနှင့်အတူ လက်ဖက်ခူးပေးနေလေရာ မြနှင်းဖြူအတွက်လည်း အတန်အသင့် စိတ်အေးရလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# ထူးခြားဆန်းကြယ်သော ဂမုန်းပင်များ

ပူတာအိုမြို့နယ်တစ်ဝိုက်မှာ မြေပြန့်လွင်ပြင်ဟူ၍ သိပ်မရှိဘဲ တောင်ကုန်းတောင်တန်းများကသာ ဝန်းရံထားလေသည်။ ပူတာအိုမြို့နယ်၏အကျယ်အဝန်းမှာ စတုရန်းမိုင်(၁၉၁၆)သာရှိပြီး သုံးပုံနှစ်ပုံခန့်မှာ သစ်တောနှင့်တောင်တန်းကြီးများက နေရာယူထားကြလေသည်။

အရှေ့ဘက်တွင် မချမ်းဘောမြို့နယ်၊ အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



တွင် အိန္ဒိယပြည်၊ မြောက်ဘက်တွင် အိန္ဒိယပြည်နှင့် မချမ်းဘော မြို့နယ်၊ တောင်ဘက်တွင် ဆွမ်ပရာဘွမ်မြို့နယ်နှင့် တနိုင်းမြို့နယ်တို့ ရှိကြပြီး မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် မြင့်မားသော တောင်တန်းကြီးများက ဝန်းရံထားကြလေသည်။

ပူတာအိုမြို့၏အနောက်ဘက်တွင် မြင့်မားလှသော စပ်ဖန္ဒယ်လုံ တောင်တန်းကြီး ရှိသည်။ ထိုတောင်တန်းကြီးမှာ အနောက်ဘက်တွင် တံတိုင်းကြီးသဖွယ် ကာရံထားလေသည်။

ထိုတောင်တန်းကြီးအပေါ်တွင် တောနက်ကြီးများက နေရာမလပ် နေရာယူထားကြပြီး ထိုတောကြီးများအတွင်းမှာ သယံဇာတပစ္စည်း မြောက်မြားစွာတို့ ရှိကြလေသည်။ ရေခဲတောင်ကြီးများအပေါ်မှာ တိမ်တွေမြူတွေ အုပ်ဆိုင်းထားသကဲ့သို့ ရေခဲပြင်အောက်မှာလည်း အဖိုးတန်ဆေးပင်ဆေးဥ အမြောက်အမြား ရှိနေကြသည်။

ရေခဲတောင်ကြီးများပေါ်မှာ တန်ဖိုးရှိသည့် ဆေးပင်ဆေးမြစ်၊ ဆေးဥ စသည်တို့ထဲမှာ ခန်းတောက်မြစ်၊ မချစ်ဥနှင့် အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြသော မရှော့ပင်တို့မှာ. . . နာမည်ကြီးလှသည်။

ခန်းတောက်မြစ်သည် ခါးသောအရသာရှိသောကြောင့် ရေဖြင့် စိမ်သောက်ပါက ငှက်ဖျားရောဂါ ပျောက်သည်။ ထိခိုက်ဒဏ်ရာရသဖြင့် သွေးထွက်သံယို ဖြစ်ပါက အမြစ်ကို ထုထောင်း





ပြီး ဒဏ်ရာကို အုံပေးပါက သက်သာပျောက်ကင်းလေသည်။

မချစ်ဥမှာလည်း လွန်စွာခါးသော အရသာ ရှိလေသည်။ အပူဓာတ်ရှိသောကြောင့် ပျားရည်၊ အရက်တို့ဖြင့် စိမ်ကာ ဆေးအဖြစ် သောက်လေ့ရှိကြသည်။

ဒေသခံများကတော့ မချစ်ဥကို အားဆေးအဖြစ်သော်လည်းကောင်း၊ မသေဆေးအဖြစ်သော်လည်းကောင်း အသုံးပြုကြလေသည်။

ခန်းတောက်မြစ်၊ မချစ်ဥကဲ့သို့ ရေခဲတောင်ပေါ်မှာ ပေါက်သည့် အခြားနာမည်ကြီးသော အပင်တစ်မျိုး ရှိပေသေးသည်။

မရှော့ပင် ဖြစ်သည်။

မရှော့ရွက်နှင့် ပတ်သက်ပြီး ဒေသခံ ပုံပြင်များစွာ ရှိကြလေသည်။

မရှော့ရွက်ကို အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြသလို အရိုးနာ၊ အရိုးကျိုး၊ လေနာနှင့် ပတ်သက်သည့်ရောဂါများ မြွေထိ၊ သွေးတိုး၊ အစားမှား အဆိပ်သင့်သောရောဂါ မှန်သမျှတို့ကို သက်သာပျောက်ကင်းလေသည်။

ရေခဲတောင်များပေါ်မှာ ခန့်တောက်မြစ်၊ မချစ်ဥ၊ မရှော့ရွက်တို့အပြင် အခြားအသုံးဝင် ဆေးဖက်ဝင် တန်ဖိုးရှိသော အခြားဆေးပင်ပေါင်း မြောက်မြားစွာတို့လည်း ရှိကြသေးသည်။

ထို့ပြင် ရေခဲတောင်ပေါ်မှာ နေသည့် အဖိုးတန် တော



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်အချို့လည်း ရှိပေသေးသည်။

ကတိုးကောင်နှင့် တောင်ဆိတ်တို့ပင်ဖြစ်သည်။

တောင်ဆိတ်မှာ ဦးချိုနှင့်လျှာက ဆေးဖက်ဝင်သလို ကတိုးကောင်မှာ တစ်ကိုယ်လုံး ဆေးဖက်ဝင်ပြီး . . ကတိုးမွေးမှာ နာမည်ကြီးသလောက် တန်ဖိုးကြီးသော ပစ္စည်းတစ်မျိုးလည်း ဖြစ်ပေသည်။

မြောက်ဖျားဘက်မှာ ရှိသော တိဘက်တောင်တန်းများ၊ ဟိမဝန္တာတောင်တန်းများနှင့် တောင်နှာမောင်းချင်း ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံအတွင်းရှိ ခါကာဘိုရာဇီ တောင်တန်းကြီးအပါအဝင် အခြားမြင့်မားလှသော တောင်တန်းကြီးများပေါ်တွင် တန်ဖိုးရှိသော တောတိရစ္ဆာန်များ၊ သဘာဝ ဆေးဖက်ဝင်အပင်များစွာတို့ ရှိကြရာမှာ ဂမုန်းပင်များစွာတို့လည်း အပါအဝင် ဖြစ်ပေသည်။

ဂမုန်းပင်မျိုးနွယ်ပေါင်း မြောက်မြားစွာ ရှိကြသည့်အနက် ဒ ခတ်များများမှာ ဟိမဝန္တာတောင်တန်းဘက်မှ ဆင်းသက်လ ခဲ့ခြင်းဖြစ်သည်။

ဟိမဝန္တာသည် ကမ္ဘာမြေမျက်နှာပြင်ပေါ်မှာ အလှဆုံးနှင့် အထင်ရှားဆုံး တောင်တန်းကြီးတစ်ခုဖြစ်သလို ကမ္ဘာပေါ်မှာ အမြင့်ဆုံးတောင်ထွတ်တစ်ခုဖြစ်သည့် ဧဝရက်တောင်သည်ပင်လျှင် ဟိမဝန္တာတောင်တန်းများထဲမှာ တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။





ဟိမဝန္တာမှ ဆင်းသက်လာသော ဂမုန်းမျိုးပေါင်းမြောက်မြားစွာတို့သည် မြန်မာနိုင်ငံအတွင်းမှ တောင်တန်းကြီးများ၊ တောနက်ကြီးများတွင် နေရာယူ ပေါက်ရောက်ကြလေသည်။ ဂမုန်းသည် တောထဲတွင် တန်ခိုးသိဒ္ဓိရှိသောအပင်ဟု လူသိများကြသည်။

အချို့ကျမ်းများမှာ အများသိထားသော 'ဂမုန်း'ဟူသော ဝေါဟာရကိုသာ သုံးစွဲကြသော်လည်း အချို့ရှေးဟောင်းကျမ်းများ၌မူ ပမုန်းပင်၊ ပမုန်းဥ ဟူ၍ ရေးသားဖော်ပြကြလေသည်။

ဂမုန်းဟူသောစကားမှာ 'ဂမန' ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ သွားလာခြင်း၊ တစ်နေရာမှတစ်နေရာ ရွှေ့လျားခြင်းဟူသော အဓိပ္ပါယ်ရှိသည်။

အချို့က 'လမ်း'ဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး . . အချို့ကတော့ မဆင်မခြင် အလျင်အမြန် ပြုလုပ်ခြင်း အစရှိသော အဓိပ္ပါယ်များကို ဖွင့်ဆိုကြလေသည်။

ရှေးက ရေးသားခဲ့သည့် ဂမုန်းကျမ်းများတွင် တန်ခိုးကြီးပြီး အသုံးဝင်သည့် ဂမုန်း(၁၂၈)မျိုး ရှိသည်ဟု ဖော်ပြထားသည်။

ထိုဂမုန်းများထဲတွင် သာမန်ဂမုန်းများထက် ပို၍တန်ခိုးကြီးသော ဂမုန်း(၁၀)မျိုးကိုလည်း သီးခြားဖော်ပြထားသည်ကို တွေ့ရသည်။

၎င်းတို့မှာ. . .

(၁) ဂမုန်းနီ၊ (၂) ဂမုန်းဖြူ၊ (၃) ဂမုန်းနက်၊ (၄) ဂမုန်း



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာနီ၊ (၅) ဂမုန်းခတ္တာဖြူ၊ (၆) ဂမုန်းခတ္တာကြောင်၊ (၇) ဂမုန်းလိပ်မစွား၊ (၈) ဂမုန်းရန်လွတ်၊ (၉) ဂမုန်းကတိုး၊ (၁၀) ဂမုန်းခါးတင်တို့ ဖြစ်ကြသည်။

ထိုဂမုန်းများထဲမှ ဂမုန်းရန်လွတ်အကြောင်းကို ဖော်ပြပေးပါမည်။

ဂမုန်းရန်လွတ်၏အစွမ်းထက်ပုံကို ဆရာတော်ကြီး တစ်ပါး အမိန့်ရှိခဲ့ဖူးသဖြင့် ဖော်ပြပါသည်။ စာဖတ်သူများ စဉ်းစား၍ လက်ခံကြရန် ဖြစ်သည်။

ဂမုန်းပင်တို့သည် အပင်တိုင်း မစွမ်းသော်လည်း စွမ်းသောအပင်သည် သိကြားဆေးကဲ့သို့လည်းကောင်း၊ ဂန္ဓမာန်တစ်ထောင် စောင့်သကဲ့သို့လည်းကောင်း ထူးခြားလှပေသည်။

သီပေါမင်းကို နယ်ချဲ့ဗြိတိသျှတို့က ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် အမျိုးကိုလည်းကောင်း၊ ဘုရင်ကိုလည်းကောင်း၊ ချစ်ခင်မြတ်နိုးသော ဗမာတိုင်းရင်းသားတို့သည် နှစ်ပေါင်းများစွာ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြရာတွင်. . ဗမာ-ရှမ်း-ကချင်-ချင်း-ကရင်-ရခိုင်-မွန်-ကယား စသော တိုင်းရင်းသားပေါင်းစုံ ပါဝင်ခဲ့ကြသည်။

သို့ဖြစ်၍ နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို အလွယ်နှင့် အုပ်ချုပ်၍ မရအောင်ဖြစ်ခဲ့သည်။

သီပေါမင်း၏စစ်သည်တော် အကြွင်းအကျန်များနှင့် မဟုတ်လျှင် မခံတတ်သော ကျေးတော်မျိုး ကျွန်တော်မျိုးတို့သည်





အင်္ဂလိပ်တို့ကို ခုခံဖြိုဖျက်လျက်ရှိရာ ထိုအထဲတွင် တောင်သူကြီးတစ်ယောက်သည် ငှက်ကြီးတောင်ဓါးကို လွယ်ပိုက်လျက် ရောင်ငိုက်စိုက်ဖြင့် ပါဝင်လေသည်။

ဗမာတော်လှန်ရေးသမားတို့က စစ်ဘာရီတို့ကို တွေ့ရာသချိုင်း ဓါးမဆိုင်းသကဲ့သို့ စစ်ဘာရီတို့ကလည်း မဲခနဲ မြင်လျှင် တဒိုင်းဒိုင်း နှိမ်နင်းသော အချိန်သာဖြစ်၏။

ရောင်တစ်လုံး. . ငှက်ကြီးတောင် ဓါးတစ်စင်းပိုင်ရှင် မျိုးချစ်တောင်သူကြီး ပါဝင်သော နယ်ချဲ့တော်လှန်ရေးအစုတွင် လူတစ်ရာကျော် ပါဝင်သည်။

လူစွမ်းကောင်း၊ သတ္တိကောင်းများ စုဝေးမိသည့်အတိုင်း အင်္ဂလိပ် စစ်ဘာရီတို့အား အချိန်မရွေး နေရာမရွေး ဝင်ရောက်တိုက်ခိုက်လေ့ရှိ၏။

အဆိုပါ မျိုးချစ်တော်လှန်ရေးသမားများတွင် အဝေးပစ်ဆိုပါက ဒူးလေးမျှသာ ပါဝင်ကြသည်ဖြစ်ရာ တိုက်ပွဲတိုင်း (၄-၅)ယောက် အမြဲကျသည်သာဖြစ်၏။ သို့ရာတွင် တောင်သူကြီးတို့၏တပ်သည် ရန်သူကို အမြဲသဖြင့် (၃)ဆ၊ (၄)ဆမက ချေမှုန်းနိုင်ခဲ့သည်သာ များ၏။

ရေရှည်တိုက်ပွဲဆင်ရာတွင် တောင်သူကြီးတို့၏ သူရသတ္တိနှင့် ပြည့်စုံလှသော တော်လှန်ရေးသမားများသည် တစ်ဖွဲ့တစ်စဖြင့် အမျိုးကိုကာကွယ်ရင်း ကျဆုံးကုန်တော့သည်။

စစ်ဘာရီတို့သည် ဓါးကိုင်သောဗမာတို့၏ ဗမာ့သတ္တိကို



www.burmeseclassic.com

www.burmeseclassic.com



အလွန့်သတိထားလာကြသည်။ ရှိလာကြသည်။ လက်နက်ချင်း တူလျှင် ဘင်္ဂလားအော် ဟိုမှာဘက်ကမ်းကို လက်ပစ်ကူးရချေရဲ့ဟု စဉ်းစားလာရသော အခြေအနေသို့ ရောက်ခဲ့၏။

ရန်သူဘက်က ထိုသို့တွက်ဆသော်လည်း တောင်သူကြီးတို့ဘက်တွင်မူကား လူဦးရေချင်းမမျှ၊ လက်နက်ချင်း မတူကြသည့်အတွက် တော်လှန်ရေး မျိုးချစ်ပုဂ္ဂိုလ်အင်အားစုသည် ကုန်ခါနီးပေပြီ။ ခါးသည်ပင်လျှင် ကိုယ်စီမရှိတော့ပြီ။

နောက်ဆုံးတွင် လူတစ်ကျိပ်သာ အင်အားရှိတော့၏။ ထိုလူတစ်ကျိပ်နှင့်ပင် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲနိုင်ခဲ့သေး၏။ ထိုတစ်ကျိပ်သော မျိုးချစ်ပုဂ္ဂိုလ်တို့သည် စစ်ဘာရီများစွာကို လည်ဖြတ်နိုင်သေး၏။

ထိုတောင်သူကြီးတပ်စုကား ညဉ့်အခါ အလစ်ဝင်စီးသော ပျောက်ကြားများဖြစ်၍ နေ့အခါ တောနက်ဘက်သို့ ဝင်ရောက် ခိုအောင်းရတော့၏။

နေဝင်ရီတရော နွားရိုင်းသွင်းချိန် တစ်နေ့တွင်မူ တောင်သူကြီးတို့၏ပျောက်ကြားတပ်စုသည် စစ်ဘာရီတို့နှင့် ပက်ပင်းတွေ့ကာ အဝိုင်းခံရတော့သည်။

စစ်ဘာရီတို့ကာ ပျောက်ကြားတပ်ဖွဲ့ဝင်များကို ကြက်ငှက်ပမာ တဒိုင်းဒိုင်းဖြင့် ပစ်ခတ်ချေမှုန်းလေရာ ပျောက်ကြားတို့ကား ချုံနှင့်သစ်ပင်များကို အကာအကွယ်ယူရင်း ပြေးလွှားပုန်းလျှိုးနေရရှာ၏။





သို့နှင့်ပင် အလင်းပျောက်၍အမှောင်ရောက်သောအခါ တောင်သူကြီးတို့၏ငှက်ကြီးတောင်ခါးက စစ်ဘာရီအသားကို စား၍ စစ်ဘာရီတို့၏ကျည်ဆန်ကမူ တောင်သူကြီးတို့၏အသွေးကို သောက်လိုက်သည်။

နံနက်မိုးလင်း၍ လူစစ်ရာတွင် တောင်သူကြီးတို့ဘက်တွင် (၄)ယောက်သာကျန်တော့၏။ စစ်ဘာရီ(၂၀)ကျော်တို့ ဗမာသူရဲကောင်းတို့၏လက်ချက်ဖြင့် အတုံးအရုံး အသက်ပျောက်နေသည်ကို တွေ့ရှိကြရ၏။

ပျောက်ကြားဗိုလ် တောင်သူကြီးကား စစ်ဘာရီများကျဆုံးနေသည်ကို စစ်နိုင်သောဗိုလ်ကြီးကဲ့သို့ ကျေနပ်လှသည့်အလျောက် သူ၏ရောင်းရင်းများအတွက် ယူကျုံးမရ ဖြစ်နေရရှာသည်။

မျိုးချစ်ပုဂ္ဂိုလ်တို့သည် လူစုစည်း၍မရအောင် ဖြစ်နေ၏။ တော်လှန်နေကြသော မျိုးချစ်အချင်းချင်း ပေါင်းမိရန်မှာလည်း မြင်းမိုရ်တောင် ကာရံထားသကဲ့သို့ နယ်တိုင်းအရပ်တိုင်း စစ်ဘာရီတို့၏စစ်ကြောင်းသည် အကွက်စေ့ ဖြစ်နေလေသည်။

တစ်နေ့တွင် ပျောက်ကြားခေါင်းဆောင်ကြီးနှင့် ရောင်းရင်း သုံးယောက်တို့ တိုင်ပင်ကြသည်မှာ နယ်ချဲ့ကို ဆက်လက်ခုခံသင့်သလော၊ အညံ့ခံရမည်လော ဟူ၍ဖြစ်သည်။

"ငါတို့သည် ကျွန်ဖြစ်နေရသည်ထက် ရန်သူကို ခုခံရင်းသေရသည်က မြတ်သေး၏၊ လူတစ်ရာကျော်နှင့် တိုက်လာရာ



www.burmeseclassic.com

www.burmeseclassic.com



တွင်. . ယခု (၄)ယောက်သာကျန်သော်လည်း နောက်ဆုံးတစ်ယောက်တည်း ကျန်သည်အထိ၊ သို့မဟုတ် အားလုံးသေသည်အထိ တိုက်ကြစို့”

ဤကား မျိုးချစ်ပုဂ္ဂိုလ်တို့၏ သဘောထားပေတည်း။

နေ့စဉ်နေ့တိုင်းလိုပင် ဗမာပျောက်ကြားတို့သည် အင်္ဂလိပ် စစ်ဘာရီတို့အား အလစ်ဝင်တိုက်ကြ၏။

တစ်နေ့သော် တောင်သူကြီးတို့၏ကံကြမ္မာကား ဆိုးလေတော့၏။ ၎င်းတို့အား ရန်သူဝိုင်းထားကြသည်မှာ နေ့ခင်းဖြစ်နေ၍ ပြေးပေါက်ပိတ်နေပေပြီ။

၎င်းတို့လေးယောက်သည် ရန်သူ၏အဝိုင်းခံရသည်မှာ ယခုအကြိမ်ပါနှင့်ဆိုပါက သုံးကြိမ်ရှိပြီဖြစ်၏။ ရန်သူတို့သည် သူတို့အား တရစပ် ပစ်ခတ်လျက်ရှိ၏။

သူတို့သည် ရန်သူတစ်ယောက်ကိုမျှ မဲနှင့် ရွယ်နိုင်ခြင်းမရှိဘဲ အခံသက်သက်ဖြစ်လျက်ရှိစဉ် မိုးသည် သဲသဲမဲမဲ ရွာချလိုက်မှ ထွက်ပေါက်ရလာ၏။ မျိုးချစ်ရဲဘော်တစ်ယောက် ကျဆုံးခဲ့သဖြင့် သုံးယောက်သာ ကျန်တော့သည်။

တောင်သူကြီး မျိုးချစ်ပုဂ္ဂိုလ်သုံးယောက် ခြေဦးတည့်ရာသို့ ထွက်ခဲ့ရာတွင် စစ်ဘာရီတစ်ခုနှင့် ရင်ဆိုင်တိုးပြန်တော့၏။

မထူးတော့သည့်အဆုံးတွင် အနီးကပ်၍ခုတ်ကြ၏။

ရန်သူဘက်ကလည်း မိုးသီးမိုးပေါက်ပမာ ပစ်ခတ်သည်။





သို့နှင့် တိုက်ပွဲပြီးသောအခါ ပျောက်ကြားခေါင်းဆောင် တောင်သူကြီးသည် လူစစ်ကြည့်သည်။ စုစုပေါင်း တစ်ယောက်သာ ကျန်တော့သည့်အဖြစ်ကို သိရသည်။

ထိုတစ်ယောက်ကား ငှက်ကြီးတောင်ပိုင်ရှင် တောင်သူကြီးသာတည်း။

တောင်သူကြီးသည် ၎င်းတစ်ယောက်တည်းက စစ်ဘာရီနှစ်ယောက်ကို သုတ်သင်နိုင်ခဲ့ကြောင်း ကောင်းကောင်းမှတ်မိ၏။

သူ၏ရဲဘော်များကလည်း အနည်းဆုံး တစ်ယောက်ခန့်သော ရန်သူကို သတ်နိုင်လိမ့်မည်ဟု ယူဆမိသည်။

သို့သော် မိမိရဲဘော်များ၏အလောင်းကိုလည်းကောင်း၊ ထိုအဖြစ်မှန်ကိုလည်းကောင်း သေသည့်တိုင်အောင် သိရှိသွားဟန် မတူပါ။

တောင်သူကြီးသည် မိမိ၏ရဲဘော်နှစ်ယောက် ကျဆုံးခဲ့ခြင်းနှင့် တစ်ယောက်တည်း ကျန်ခဲ့သည့်အတွက် အလွန်တရာစိတ်အားငယ်သွားသည်။

သူသည် တောကြီးအလယ်တွင် အစာရေစာ မမှီဝဲရသည်မှာလည်း (၂)ရက်မျှ ရှိပြီဖြစ်လေရာ ဖွားဖက်တော် ငှက်ကြီးတောင်ကိုထမ်းလျက် သူ့ဆရာတော်ရှိရာ တောရကျောင်းဘက်ဆီသို့ လျှောက်လာမိသည်။

တောင်သူကြီးသည် မိုင်အစိတ်သုံးဆယ်ခရီးကို ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



တွင်း ဗလာသက်သက်ဖြင့် လျှောက်ခဲ့ရသည်။

ဆရာတော်၏ရှေ့မှောက်အရောက်တွင်ပင် တောင်သူကြီးခမျှာ ဗုန်းဗုန်းလဲကျတော့၏။

ဆရာတော်သည် ကျောင်းသားကလေးများအား ရေတိုက်စေသည်။ ငှက်ပျောသီးများ ကျွေးမွေးစေသည်။

"မင်း. . လူတွေရော"

"မှန်လှပါ. . . အားလုံးကျဆုံးကုန်ပါပြီဘုရား"

ဆရာတော်၏မျက်စိအစုံတို့သည် မီးလျှံကဲ့သို့ ဝင်းထိန်လျက်သာရှိ၏။

ထို့နောက် အလွန်တရာ ညှိုးငယ်သောအသွင်ဖြင့် မျက်လွှာချ၍ ဆိတ်ဆိတ်နေတော်မူရှာ၏။

ငါးမိနစ်ဆယ်မိနစ်ခန့် ကြာသောအခါ ဆရာတော်၏ ခက်ထန်သောအသံသည် ထွက်ပေါ်လာ၏။

"မင်းရဲ့ရောင်ထုံးထဲက ကြုတ်ပေးစမ်း"

တောင်သူကြီးသည် ၎င်း၏ရောင်ထုံးအတွင်းမှ ကြုတ်တစ်ခုကို အသာအယာ ဖြေလျက်. . ဆရာတော်ကို ကပ်လိုက်သည်။

"မင်းရဲ့ဓါးလည်း. . ပေး"

တောင်သူကြီးကား ရှိုက်ကြီးတငင်ဖြင့် ငိုလေတော့သည်။

၎င်း၏တစ်သက်တာတွင် အကြီးအကျယ်ဆုံးသော ဝမ်း





နည်းကြေကွဲခြင်းဖြင့် လူးလှိမ့်၍သာ ငိုနေ၏။

တောင်သူကြီးသည် ဆရာတော်၏အမိန့်ကို နာခံလျက် ဆရာတော်အား လက်နက်အပ်လိုက်ရရှာပေပြီ။

သူ့အဖြစ်ကို ကွယ်လွန်သူ သူ့လူများ တစ်ယောက်မျှ မသိလိုက်ကြပြီ။

ဆရာတော်ကြီးသည် ကြုတ်ငယ်အတွင်းမှ ဆီးစေ့ခန့်ရှိသောအရုပ်ကလေးကို ကွမ်းညှပ်ဖြင့် ပါးပါး,ပါးပါး ညှပ်ရင်း ဖြည်းညင်းစွာ မိန့်တော်မူသည်။

"ငါ့တပည့်. . . လောကမှာ အားမတန်ရင် မာန်လျှော့ရတယ်၊ မာန်လျှော့ခြင်းဟာ အရှုံးပေးရာ အညံ့ခံရာ မရောက်ပါဘူး၊ ငါ့တပည့်ရဲ့ဇာတိမာန်ကိုလည်း ဆရာတော် သိပါတယ်. .၊ လောကမှာ သင်္ခါရတရားကလွတ်တဲ့ ရုပ်နာမ်ဆိုတာ မရှိဘူး၊ ရုပ်နာမ်ဆိုတာ တစ်နေ့ပျက်တာပဲ၊ မင်းတို့ကို နိုင်လိုက်တဲ့လူတွေကို မင်း တစ်နေ့ပြန်နိုင်နိုင်တယ်၊ မင်းက မနိုင်တဲ့တိုင်အောင်၊ မင်းရန်သူကို တစ်ဦးဦးကနိုင်ပြီး တစ်နေ့ ပျက်စီးရမှာပဲ၊ ဘာရယ်လို့ အမြဲမရှိတဲ့ သင်္ခါရလောကကြီးဟာ. . . နိုင်တဲ့လူလည်း မကောင်း. . ရှုံးတဲ့လူလည်း မကောင်းဘူးကွ၊ အကောင်းဆုံး အမွန်မြတ်ဆုံး အအေးဆုံးဟာ ရှင်ဂေါတမရဲ့ တရားအမြိုက်အရသာပဲ ရှိတယ်၊ အဲဒီလို တရားတော်ကို နားလည်လာတဲ့အခါမှာ အခု မင်းစိတ်ထဲမှာရှိတဲ့ အလွန်တရာ လောင်ကျွမ်းနေပြီး မခံချင်တဲ့၊ လက်စားချေချင်တဲ့ လောဘ ဒေါသ မောဟတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



သူပစ်လိုက်သလို ပျောက်ကုန်မှာပဲ၊ အဲဒီတော့ မင်း ဒီနေ့ကစပြီး သတ်န်းဝတ်ရမယ်"

တောင်သူကြီးသည် ရှည်လျားစွာ မိန့်ကြားသော ဆရာတော်အား တောင်းပန်၊ ခွင့်တောင်းလိုသောအသွင်ဖြင့် ညှိုးငယ်စွာ မော်၍ကြည့်ရာ၏။

အလွန်တရာ အကင်းပါးသော ဆရာတော်က. . .

"ငါ့တပည့်. . ဆရာ့စကားကို တစ်သက်လုံး နားထောင်သူများဟာ တစ်ခါတစ်ရံ နားမထောင်မိတာနဲ့ပဲ လောကရောသံသရာပါ ဘဝဆုံးတတ်တယ်ကွဲ့. . . နားလည်ရဲ့လား"

ပါးပြင်ပေါ်တွင် မျက်ရည်အပြည့်လျှံခဲ့နေသော တောင်သူကြီးကား သာယာစွာ ခေါင်းညိတ်ရှာလေသည်။

ထိုအခိုက် ကွမ်းညှပ်ဖြင့် တချပ်ချပ် ညှပ်လျက်ရှိသော အသံကား ပျောက်ကွယ်သွားခဲ့လေပြီ။

ဆရာတော် ကွမ်းညှပ်ဖြင့် ကိုက်ညှပ်ပစ်လိုက်သော အရာမှာ အရုပ်ကလေးသာဖြစ်၏။

ထိုအရုပ်ကလေးကား မည်သည့်အရုပ်မျိုးဖြစ်သည်ကို မသိနိုင်တော့ပေ။

သို့သော် ဂမုန်းရန်လွတ်ဖြင့် စီရင်ထားသော အဆောင်ရုပ်တုတစ်ခု ဖြစ်သည်ဟူ၍သာ မှတ်မိတော့သည်။

အထက်ပါ အကြောင်းအရာများသည် 'ဂမုန်းရန်လွတ်' နှင့် ပတ်သက်၍ ထူးခြားဆန်းကြယ်သည့် အကြောင်းအရာအချို့





ပင်ဖြစ်သည်။

ဂမုန်းပင်များကဲ့သို့ပင် စိုက်အပ်သောသစ်ပင်၊ မစိုက်အပ်သော သစ်ပင်များလည်း ရှိပေသည်။

စိုက်အပ်သောသစ်ပင်များမှာ. . .

အရှေ့မျက်နှာတွင် ကြခတ်ဝါးပင်၊ သမန်းပင်၊

အရှေ့တောင်အရပ်တွင် သရဖီပင်၊

တောင်အရပ်တွင် ပုန်းညက်ပင်၊

အနောက်တောင်အရပ်တွင် အုန်းပင်၊

အနောက်အရပ်တွင် ကံ့ကော်ပင်၊

မြောက်အရပ်တွင် ကားသီးပင်၊

အရှေ့မြောက်အရပ်တွင် ဥသျှစ်ပင်တို့ဖြစ်သည်။

ဤင်းသစ်ပင်တို့ကို အိမ်ယာကျောင်းကန်အတွင်း၌ စိုက်ပျိုးထားပါက မကောင်းဆိုးဝါး အန္တရာယ်များ ကင်းဝေး၍ စီးပွားလာဘ်လာဘများ တိုးပွားစေသည်။

ထို့ပြင် မစိုက်အပ်သောသစ်ပင်များကိုလည်း ဖော်ပြပေးပါမည်။

| | |
|---|---|
| အရှေ့မျက်နှာစာ၌ | ညောင်ပင်၊ သပြေပင်။ |
| တောင်ဘက်အရပ်၌ | သျှစ်သျှားပင်၊ ဖီးကြမ်း၊ |
| | ငှက်ပျောပင်၊ သဘောပင်၊ |
| အနောက်ဘက်အရပ်၌ | လက်ပံပင်နှင့် ထိန်ပင် |
| မြောက်ဘက်အရပ်၌ | သဖန်းပင်၊ သျှစ်သျှားပင် |



www.burmeseclassic.com

www.burmeseclassic.com



ငင်းအရပ်မျက်နှာများ၌ မစိုက်အပ်သောသစ်ပင်များကို စိုက်ပျိုးထားမိပါက စီးပွားဥစ္စာ ပျက်စီး၍ ထိုအိမ်ခြံမြေ၌ ပိုင်ရှင်တို့ မနေနိုင်ဘဲ ရှိကြလေသည်။

အထက်ပါ သစ်ပင်တို့သည်လည်းကောင်း၊ ဂမုန်းပင်များသည်လည်းကောင်း၊ စိုက်အပ်သောသစ်ပင်. . ဂမုန်းပင်၊ မစိုက်အပ်သောသစ်ပင်. . ဂမုန်းပင်တို့ အများအပြား ရှိကြလေသည်။

ဂမုန်းပင်များထဲတွင် ဘီလူးဂမုန်း၊ ဆင်စွယ်ဂမုန်း၊ ဇေဒါဂမုန်း စသည်တို့မှာ နေအိမ်ခြံဝန်းများအတွင်း၌ မစိုက်ပျိုးအပ်သော ဂမုန်းပင်များဖြစ်ကြသေလည်။ ထိုအကြောင်းများကို ထိုကဲ့သို့ ဖော်ပြနေရခြင်းမှာ ရှေ့အခန်းများတွင် ဂမုန်းနှင့် ပတ်သက်သည့် အကြောင်းများထဲမှ ထူးခြားဆန်းကြယ်သော အကြောင်းများကို ရေးသားဖော်ပြပေးမည်ဖြစ်ပါသဖြင့် ယခုကဲ့သို့ နိဒါန်းအနေဖြင့် ရေးသားရခြင်းပင်ဖြစ်ပေသည်။







# အခန်း (၅)

# စ.ဓ.ဗ.ဝ ဓါတ်ပါသော သစ်လေးမျိုး

စပ်ဖန္စယ်လုံတောင်တန်းပေါ်မှာရှိသော တောနက်ကြီးတစ်ခုအတွင်း၌ ဆေးပင်နှင့် ဂမုန်းပင် ရှာဖွေသော လူအချို့ရှိနေကြလေသည်။

ငင်းတို့မှာ ဆရာကြီးဦးဖန်းကောင်းက ခေါင်းဆောင်လာပြီးနောက်မှ နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်းကောင်းက နီမောင်တို့ကို တူသားများကဲ့သို့ ခင်မင်နေသောကြောင့် တောပေါ်တောင်ပေါ် တက်သောအခါတိုင်း အဖော်ခေါ်သွားလေ့ရှိသည်။

နီမောင်တို့ကလည်း ဦးဇန်းကောင်းနောက်မှ လိုက်ကြရင်းမှ ထူးဆန်းသောအတွေ့အကြုံများကို တွေ့ကြရသဖြင့် သဘောကျလေသည်။

ထို့ပြင် ဦးဇန်းကောင်းနှင့် လိုက်ရသည်မှာ ဗဟုသုတလည်း များစွာရလေသည်။ ဦးဇန်းကောင်းက တောထဲရောက်သည်နှင့် တောတောင်မာယာတို့နှင့် ပတ်သက်သော လျှို့ဝှက်ချက်များ၊ အန္တရာယ်များ၊ ဗဟုသုတ ဖြစ်စေမည့်အကြောင်းများကို လက်တွေ့ပြသပေးသည်။

ထို့ပြင် ဆန်းကြယ်သောသစ်ပင်များ၊ ဂမုန်းပင်များ တွေ့လျှင်လည်း လက်တွေ့ပြသပေးသည်။

ယခု တောင်ပေါ်သို့ တက်လာကြခြင်းမှာ ထူးဆန်းသော ဂမုန်းပင်တစ်မျိုး ရှာဖွေရန်အတွက် ဖြစ်သည်။

ထိုဂမုန်းမှာ ရှင်သူငယ်ဂမုန်းပင် ဖြစ်သည်။

၎င်းတို့သည် တောထဲမှာ နေရာအနှံ့အပြား လှည့်လည်ပြီး လိုချင်သော ဂမုန်းပင်များကို လိုက်လံရှာဖွေသော်လည်း . . မတွေ့ကြရဘဲ အခြားဂမုန်းတချို့သာ ရကြလေသည်။

နေဝင်ကာနီးအချိန်ရောက်သောအခါ နှင်းများ အကာအကွယ်ရနိုင်သော ဂူပေါက်တစ်ခုအတွင်းသို့ဝင်ကာ နားကြလေ





သည်။ သစ်ရွက်ခြောက်၊ ဝါးရွက်ခြောက်၊ သစ်ကိုင်းသစ်တုံးများ ရှာဖွေပြီးနောက် ကျောက်တုံးနှစ်ခုကို ခတ်ပြီး မီးမွှေးကြသည်။

မီးအရှိန်ရလာသောအခါ ဝါးဆစ်ပိုင်းအတွင်း ရေထည့်ပြီး မီးဖိုပေါ်မှာ ချိတ်ဆွဲထားလိုက်ရာ အတန်ကြာတော့ ရေနွေးဆူလာသည်။

ထိုအခါ လက်ဖက်ခြောက် ခပ်လိုက်သောအခါ ရနံ့သင်းသော အခါးရည်(လက်ဖက်ရည်) ရလေသည်။

လေးယောက်သား အခါးရည် သောက်ရင်းနှင့် ပါလာသော အစားအသောက်တို့ကို စားသောက်နေကြသည်။

"အဘက ရှင်သူငယ်ဂမုန်းကိုပဲ ရှာမှာလား၊ တခြားဂမုန်းတွေ တွေ့ရင်ကော မယူဘူးလား"

စောထီးက မေးလိုက်သည်။

"ယူမှာပေါ့ကွ. . . ဂမုန်းပင်ဆိုတာ ရှားပါးပြီး သိဒ္ဓိရှိတဲ့ အပင်မျိုးပဲ၊ ဘယ်လောက်ပဲလိုက်ရှာရှာ ကိုယ်နဲ့ မထိုက်ရင်လည်း မတွေ့နိုင်ဘူး"

"ဘယ်လိုသိဒ္ဓိမျိုးတွေ ရှိတာလဲ အဘ"

"အများကြီးပေါ့ကွ. . . စီရင်တတ်မယ်ဆိုရင် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ အာဟာရသိဒ္ဓိ အပါအဝင် သိဒ္ဓိဆယ်ပါးစလုံး ပြီးမြောက်စေနိုင်တယ်"

"ပီယသိဒ္ဓိပြီးတယ်ဆိုရင်တော့ ပီယဆေးရရင် ကိုယ်လိုချင်တဲ့မိန်းမကို ယူနိုင်တာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ငမဲအောင်က အားတက်သရော မေးလိုက်ရာ ကျန်လူများက သဘောကျစွာ ပြုံးလိုက်လေသည်။

"ယူရင်တော့ ရတာပေါ့ကွ၊ ဒါပေမယ့် ဘယ်ကောင်းပါ့မလဲ၊ အပြစ်လည်း များတာပေါ့"

"ဘယ်လို အပြစ်များတာလဲ အဘ"

"မိန်းကလေးက ကိုယ့်အပေါ်မှာ မနှစ်သက်ပါဘဲနဲ့ ဆေးဝါးအကူအညီသုံးပြီး ယူရင် အပြစ်ရှိတာပေါ့၊ နောက်ပိုင်း ဒီအကြောင်းကို သူသိသွားရင်လည်း တစ်သက်လုံး စိတ်ဆင်းရဲကြရမှာပေါ့"

"အိမ်ထောင်ပြုတယ်ဆိုတာ ဘဝတစ်သက်တာအတွက် လက်တွဲကြတာပဲ၊ တခြားဘာအနှောင့်အယှက်မှ မပါဘဲနဲ့ တစ်ဦးနဲ့တစ်ဦး မေတ္တာသက်ဝင်ပြီးမှ ပြုကြရင်တော့ အကောင်းဆုံးပေါ့"

ဟု ပြောပြရာ ငမဲအောင်လည်း နောက်ထပ် ဆက်မမေးတော့ပေ။

လေးယောက်သား အခါးရည်နှင့် အစားအသောက်များကို စားသောက်နေကြစဉ် ညဉ့်ဦးပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။

ထို့ပြင် နှင်းမှုန်များလည်း တဖွဲဖွဲနှင့် ကျဆင်းလာသောကြောင့် အပြင်ဘက်တွင် အအေးဓါတ်များက ပိုလာလေသည်။





ထိုအချိန်မျိုးမှာ ညအချိန်ရောက်မှ အစာရှာထွက်လာသော တောကောင်ကြီးများ၏ ဟိန်းဟောက်သံများ၊ အော်သံများကို ကြားကြရသည်။

တောကောင်ကြီးများမှာ အများအားဖြင့် တစ်နေကုန် အိပ်နေပြီး တခြားတိရစ္ဆာန်ငယ်ကလေးများ အိပ်ချိန်ရောက်မှ အစာရှာထွက်လာလေ့ရှိသည်။

နေ့ဘက် အလင်းရောင်ရှိသောအချိန်တွင် မြင်သာသောကြောင့် တိရစ္ဆာန်များကို ဖမ်းဆီးရာမှာ အလွယ်တကူ မရနိုင်ပေ။ ညအချိန်ရောက်မှ သားကောင်လိုက်လျှင် အလွယ်တကူ ရနိုင်ကြသည်။

အစာရှာထွက်ကာနီးတွင် အချက်ပေးသည့်အနေဖြင့် ဟိန်းဟောက်သံ၊ အော်သံများ ပေးလိုက်သည်။

ထိုအသံကို ကြားသည်နှင့် တိရစ္ဆာန်ငယ်ကလေးများက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အမှောင်ထဲမှာ ပြေးမိပြေးရာ ပြေးရင်းမှပင် တောကောင်ကြီးများ ဖမ်းဆီးခြင်းကို ခံကြရလေတော့သည်။

နီမောင်တို့ ရောက်နေသည့် ဂူပေါက်ဝနှင့် မနီးမဝေးတော်ဝန်းကျင်မှာပင် တောကောင်ကြီးများ၏အော်သံအချို့ကို ကြားရသည်။

အချို့က မီးရောင်မြင်သဖြင့် အဝေးသို့ ရှောင်သွားကြသည်။ အချို့က အအေးဓါတ် သက်သာစေရန် မီးရောင်ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လာချင်ကြသော်လည်း အတွင်းမှာ လူများရှိနေသောကြောင့် မဝင့်ဝံ့ကြပေ။

“အဘ. . . ဂမုန်းနဲ့ ပတ်သက်တဲ့ အာဟာရသိဒ္ဓိ ပြီးတယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်”

ဟု နီမောင်က မေးလိုက်သည်။

ဦးဗန်းကောင်းက သောက်လက်စ အခါးရည် ထည့်ထားသော ဝါးဆစ်ပိုင်းကို အောက်သို့ ချလိုက်ပြီး စက္ကူဖြင့် ပတ်ထားသည့် ဆေးပတ်လိပ်တစ်လိပ်ကို မီးညှိပြီး ဖွာလိုက်သည်။

“ဂမုန်းပင် အမျိုးအနွယ်ပေါင်း တစ်ရာကျော် ရှိကြတဲ့ အထဲမှာ သူ့ဟာနဲ့သူတော့ အစွမ်းရှိကြတာချည်းပါပဲ၊ ဒါပေမယ့် ဒီအထဲမှာမှ ပိုပြီးသိဒ္ဓိစွမ်းအားရှိတဲ့ ဂမုန်းမျိုးတွေလည်း ရှိကြတာပေါ့လေ၊ ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းဖြူ စတဲ့ ဂမုန်းတွေဟာ. . သိဒ္ဓိရှိတဲ့ ဂမုန်းပင်တွေထဲမှာ ပါတာပေါ့”

ဦးဗန်းကောင်းက ဂမုန်းနက်နှင့် ပတ်သက်သည့် အကြောင်းအရာတစ်ခုကို ပြောပြလေသည်။

တစ်ခါက ပုပ္ပားတောင်ကြီးအနီးမှာ ရှိသောရွာတစ်ရွာမှ လယ်သမားတစ်ယောက်သည် တောင်မကြီးအပေါ်သို့ တက်ပြီး ထင်းခုတ်ရန် တပည့်တစ်ဦးနှင့်အတူ တက်သွားလေသည်။

၎င်းက ထင်းခုတ်နေစဉ် တပည့်ကို ထမင်းချက်ခိုင်းထားခဲ့သည်။ တပည့်က ထမင်းချက်နေရင်း ထမင်းအိုးအဖုံး မပါလာသောကြောင့် အနီးမှာရှိသော သစ်ရွက်များ ခူးအုပ်ကာ ထမင်း





အိုးနှပ်ရာ ထမင်းအားလုံး မည်းနက်နေတော့သည်။

လယ်သမားလည်း ထိုထမင်းကိုသာ စားရလေသည်။ အစပိုင်းကတော့ ထမင်းများ မည်းနေသောကြောင့် စားလျှင် တစ်စုံတစ်ခုခု ဖြစ်လေမလားဟု စိတ်ထဲမှာ စိုးရွံ့မိသော်လည်း စားမိသောအခါ ခါတိုင်းနှင့် မတူဘဲ အရသာရှိသောကြောင့် တပည့်ကိုပင် မကျွေးတော့ဘဲ တစ်ယောက်တည်း ထမင်းအိုးကုန်အောင် စားလိုက်လေသည်။ ထိုနေ့မှစပြီး ထိုလယ်သမားမှာ အခြားမည်သည့်အစားအသောက်ကိုမှ စားသောက်ရန် မလိုတော့ဘဲ အာဟာရသိဒ္ဓိ ပြီးမြောက်သွားတော့သည်။

“ဒါဖြင့် ထမင်းအိုး ဖုံးလိုက်တဲ့အရွက်က ဂမုန်းရွက်ဖြစ်မှာပေါ့နော်”

“ဟုတ်တယ်. . . ဂမုန်းနက်အရွက်ပဲ”

“နောက်တော့ ဘယ်လိုဖြစ်သွားသလဲ အဘ”

“ယောက်ျားဖြစ်သူက အစားအသောက် လုံးဝမစားသောက်တော့ မိန်းမက စိတ်ပူပြီး ဆရာတစ်ယောက်ကို ခေါ်ပြတယ်၊ ဆရာက ရိပ်မိတော့ အဲဒီလူကို အန်ဆေးကျွေးပြီး အန်ချတဲ့အဖတ်တွေကို အဝတ်နဲ့ ခံပြီး ယူသွားတော့တယ်၊ သူ အန်ချလိုက်တဲ့ အနက်ရောင်ထမင်းတွေက မူလအတိုင်းပဲ ရှိနေသေးတယ်”

“ဒါဖြင့် ဟိုဆရာကတော့ ကြားထဲက အချောင်ရသွားတာပေါ့နော်”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့. . . ဒါကြောင့်ပြောတာ၊ သိဒ္ဓိရှိတဲ့ပစ္စည်းဆိုတာ ထိုက်မှ ရတယ်၊ သုံးထိုက်မှ သုံးရတယ်လေ၊ နောက်မှ သူစားမိခဲ့တဲ့ ထမင်းဟာ အာဟာရသိဒ္ဓိပြီးတဲ့ ထမင်းမှန်းသိပြီး ဆရာကို လိုက်ရှာတော့ မတွေ့ရတော့ဘူး"

"သူက တစ်သက်စာ ရသွားပြီဆိုတော့. . လွတ်ရာပြေးတာပဲ ဖြစ်မှာပေါ့"

"အဲဒီနောက်တော့ ရွာကလူတွေပါ ခေါ်ပြီး သူတို့ ထမင်းချက်စားခဲ့တဲ့နေရာကို တစ်ခေါက်ပြန်သွားပြီး အဲဒီအပင်ကို ရှာကြတယ်၊ ဒါပေမယ့် အစအနတောင်မှ မတွေ့ကြရတော့ဘူး"

"ဘယ်ရောက်သွားလို့ မတွေ့တာလဲဟင်"

"သိဒ္ဓိရှိတဲ့ ဂမုန်းပင်တွေကို နတ်တွေက စောင့်ရှောက်ပေးကြတယ်၊ ဒါကြောင့် မထိုက်တဲ့သူတွေ မရနိုင်အောင် ကွယ်ဝှက်ထားကြတယ်. . . နေရာရွှေ့ထားကြတယ်"

"အတော်ဆန်းကြယ်တာပဲ. . ဒါဖြင့် တစ်နေ့က တောထဲမှာ ဝါးခုတ်နေရင်းနဲ့ ရိပ်ကနဲ တွေ့လိုက်ရတဲ့ ရှင်သူငယ်ဂမုန်းဆိုတာလည်း တန်ခိုးရှိတဲ့ဂမုန်းမျိုးဖြစ်မှာပေါ့နော် အဘ"

"ဒါပေါ့. . ဂမုန်းပင်မှန်သမျှတော့ သူ့နည်းနဲ့သူ အစွမ်းသိဒ္ဓိ ရှိကြတာချည်းပဲပေါ့၊ ရှင်သူငယ်ဂမုန်းလည်း သုံးတတ်မယ်ဆိုရင် အစွမ်းသိဒ္ဓိတွေ အများကြီး ရှိတာပဲပေါ့"

ဟု ပြောပြလေသည်။





ထိုသို့စကားပြောနေရင်းမှာပင် တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာသည်။

အမှောင်ရိပ်က ပိုများလာသလို အအေးဓါတ်လည်း ပိုလာလေသည်။

သူတို့လေးယောက်မှာလည်း အခါးရည်သောက်လိုက်၊ စကားပြောလိုက်နှင့် မအိပ်ကြဘဲ ရှိလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ အသံအချို့ ကြားလာရသဖြင့် ပြောလက်စ စကားသံများကို ရပ်ပြီး နားစွင့်ကြည့်လိုက်ကြသည်။

ဂူပေါက်ဝနှင့် မနီးမဝေးနေရာလောက်ဆီမှ တီးတိုးပြောဆိုနေသော စကားသံများဖြစ်သည်။

ယောက်ျားအသံ မပါဘဲ မိန်းမများအချင်းချင်း တီးတိုးပြောဆိုနေကြခြင်းဖြစ်သည်။

အတန်ကြာတော့ တရှပ်ရှပ်နှင့် လျှောက်လာသောခြေသံများ ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ အသက်(၂၀)ဝန်းကျင်အရွယ်ခန့်လောက်သာ ရှိသေးသည့် အမျိုးသမီး(၉)ယောက်ခန့် ဂူပေါက်ဝမှ ဖြတ်လျှောက်သွားကြသည်ကို လှမ်းမြင်လိုက်ကြရသည်။

အားလုံး တစ်ရွယ်တည်းဖြစ်ပြီး အဝတ်အစား ဝတ်ထားပုံမှာလည်း တစ်ပုံစံတည်းဖြစ်သည်။

ထိုနေရာမှ ဖြတ်လျှောက်သွားစဉ် ဂူပေါက်ဝသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူတို့ရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး ပြုံးပြသွားကြသေးသည်။

ဦးဖန်ကောင်းကတော့ အတွေ့အကြုံများနေပြီဖြစ်သဖြင့် မည်သို့မျှ မထူးခြားဟန် ရှိသော်လည်း. . ကျန်လူ၅ယ်သုံးယောက်ကတော့ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

"မိန်းကလေးတွေ အများကြီးပါလား၊ ဘယ်က လာကြတာလဲ မသိဘူး"

စောထီးက တိုးတိုးပြောသည်။

"ဒီလောက်တောနက်ကြီးထဲမှာ. . အချိန်မတော်ကြီး ဘယ်မိန်းကလေးတွေက လျှောက်သွားနေမှာလဲ"

ဦးဖန်ကောင်းက ပြောလိုက်သည်။

"ဒါဖြင့်. . လူ မဟုတ်ဘူးလား အဘ"

"လူတွေဆိုရင် ငါတို့မြင်တာနဲ့ ဂူထဲဝင်လာမှာပေါ့"

ထိုသို့ပြောနေစဉ်မှာပင် နောက်ထပ်စကားပြောသံများ ကြားရပြီး ခြေသံများ ကြားရသည်။

ခဏကြာတော့ စောစောက ဖြတ်လျှောက်သွားကြသည့် အမျိုးသမီးအုပ်စုပင် ဂူပေါက်ဝမှ နောက်တစ်ကြိမ် ဖြတ်လျှောက်သွားကြသည်။

ဒီတစ်ကြိမ်မှာလည်း ဂူပေါက်ဝရောက်သည်နှင့် သူတို့ရှိရာသို့ လှမ်းကြည့်ပြီးနောက် ပြုံးပြသွားကြလေသည်။

ထို့နောက် အတန်ကြာသောအခါ အသံမကြားရတော့





ပေ။

"ဂမုန်းသူယောင်မယ်တွေပဲ ဖြစ်မှာပါ"

ဦးဖန်ကောင်းက အခါးရည်တစ်ခွက် မော့သောက်လိုက်ရင်း မှတ်ချက်ချလိုက်လေသည်။

အတန်ကြာသောအခါ အပြင်ဘက်မှ နောက်ထပ်အသံမှ အချို့ ကြားလာရပြန်သည်။ ဲ့တိုက်

ဒီတစ်ခါတော့ လူသံများ မဟုတ်တော့ချေ။ ပါ။ မြွေ

"ရှီး . . ရှီး . . ရှီး . . ရှီ" ငလေးမျိုး

မြွေတွန်သံများပင်ဖြစ်သည်။ းလေးမျိုး

ထိုအသံများ ကြားသောအခါ အားလုံးနားစွင့်ဲတာပေါ့"

သည်။ မြွေတွန်သံများက ဂူပေါက်ဝနှင့် မဝေးလှပေ်ခဲ့ကြလေ ကောင်းက ထိုမြွေသံများ ကြားသောအခါ ၎င်းယူလာသော သားပိုင်းလေးခုကို လွယ်အိတ်အတွင်းမှ ထုတ်ယူပြီး မီးပုံအတွင်းသို့ ထည့်လိုက်လေသည်။

ထိုထင်းချောင်းလေးခုကို အကြောင်းရှိပါက အသုံးပြုနိုင်ရန် အဆင်သင့် ထည့်ယူလာခဲ့ဟန် တူသည်။

"အဘ. . . အဲဒီထင်းချောင်းတွေက ဘာတွေလဲဟင်"

"စ. ခ. ဗ. ဝ အက္ခရာနံ့ပါတဲ့ စစ်သား၊ ဇောဓိသား၊ ဝါးမင်း၊ ခမင်း စတဲ့ သစ်ချောင်းလေးခုပါ၊ ဒီထင်းချောင်းတွေက မီးခိုးငွေ့တွေ ထွက်လာရင် မြွေမပြောနဲ့ နဂါးတောင် ဒီနေရာကို မလာဝံ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြသည်။

ခဏကြတော့ သစ်သားချောင်းများကို မီးစွဲပြီး မီးခိုးငွေ့များ ထွက်လာသည်။

ထိုမီးခိုးငွေ့များထဲမှ ထူးထူးဆန်းဆန်း စ. ဓ. ဗ. ဝ မာလုံးပုံသဏ္ဌာန်များ ပေါ်နေလေသည်။

ထိုမီးခိုးငွေ့များ အပြင်သို့ ထွက်သွားပြီး မကြာမီအချိန်တာင အပြင်ဘက်မှ ကြားနေရသော မြွေတွန်သံများ ရပ်တန့်လသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့မှ အပြင်ဘယ်မိန်ကြည့်ကြရာ ညက မြွေတွန်သံများကြားရသော နေရာတွင် အပွင့်တံများ ထိုးထွက်နေသော မြွေဟောက်ဂမုန်းကို တွေ့ရကြရသည်။

"ညက မြွေတွန်သံတွေ ကြားရတာ ဒီမြွေဟောက်ဂမုန်းပင်တွေ ပွင့်လာလို့ပဲ ဖြစ်ရမယ်"

မြွေဟောက်ဂမုန်းပင်မှာ. . မြေပြင်မှ အရိုးတံကြီး ထိုးထွက်လာပြီး အတော်မြင့်မြင့်နေရာရောက်တော့မှ အပွင့်ပွင့်လာခြင်းဖြစ်သည်။

အပွင့်ပုံသဏ္ဌာန်မှာ နီညိုရောင်ဖြစ်ပြီး မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်နေသည်နှင့် တထေရာတည်း တူလေသည်။

"အဘ. . ဒီအပင်ရဲ့ပုံသဏ္ဌာန်က တကယ့်မြွေဟောက်





တစ်ကောင် ပါးပျဉ်းထောင်နေတဲ့အတိုင်းပါလား၊ သူက ဂမုန်းပင် ဖြစ်ပါရက်နဲ့ ထင်းချောင်းတွေက ထွက်တဲ့ မီးခိုးငွေ့တွေကို ဘာကြောင့် ကြောက်တာလဲ"

"ထင်းချောင်းဆိုပေမယ့်. . . စ. ဓ. ဗ. ဝ ဆိုတဲ့ခါတ်ပါတော့ သက်ရှိမြွေအစစ် မပြောနဲ့. . . ဂမုန်းမြွေတွေတောင်မှ ကြောက်ရွံ့ကြရတာပေါ့လေ၊ ဒါကြောင့် ဓါတ်ခိုက်ရင် နတ်တိုက်တာထက် ပိုဆိုးတယ်လို့ ရှေးစကားတွေ ထားခဲ့ကြတာပေါ့၊ မြွေပေါတဲ့အရပ်တွေ သွားတဲ့လူတွေက စ. ဓ. ဗ. ဝ ဓါတ်လေးမျိုးပါတဲ့ စစ်သား၊ ဓမင်း၊ တောဓိ၊ ဝါးမင်း စတဲ့ အပင်သားလေးမျိုး ဆောင်သွားရင် မြွေအန္တရာယ်ကနေ ကင်းဝေးစေနိုင်တာပေါ့"

ဟု ပြောပြကာ. . ထိုနေရာမှ ခရီးဆက်ထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





လမ်းဘေးချုံပုတ်ထဲမှ ပါးပျဉ်းထောင်ကြိုဆိုနေသော မြွေဟောက်ဂမုန်း





# အခန်း (၆)

# တောတောင်မာယာနှင့် လှည့်စားမှုများ

နောက်တစ်နေ့မှာ တောထဲအနှံ့သွားလာရင်းနှင့် ၎င်းတို့ အလိုရှိသော ဂမုန်းပင်များကို လိုက်လံရှာဖွေကြလေသည်။ သို့သော် အလိုရှိသောဂမုန်းမျိုး မရကြသေးဘဲ အခြားဂမုန်းအပါအဝင် ဆေးပင်၊ ဆေးမြစ်၊ ဆေးဥအချို့ကိုသာ ရကြလေသည်။

တစ်နေရာရောက်သောအခါ ၎င်းတို့ ရောက်နေသည့်နေရာနှင့် မနီးမဝေးနေရာမှ အသံအချို့ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ . . ဒီမှာဟေ့ . . . ငါ့ . . ဒီဘက်မှာဟေ့"

ထိုအသံကြားရသဖြင့် ဦးဇန်ကောင်းက နားစွင့်ကြည့်လိုက်လေသည်။

ထို့နောက် သူနှင့် ပါလာသူများကို ခြေသံမကြားစေရန် သတိပေးပြီး ထိုနေရာသို့ သွားကြလေသည်။

သူတို့ရောက်သွားသောနေရာမှာ တောင်ကုန်းတစ်ခု၏ အောက်နေရာဖြစ်သည်။

ထိုနေရာရောက်သောအခါ စောစောက ကြားနေရသည့်အသံက ပျောက်သွားသည်။

"ငါဒီမှာဟေ့လို့လည်း အော်ပြောသေးတယ်၊ အခု လာကြည့်တော့လည်း ဘယ်သူမှ မရှိပါလား"

ဟု ငမဲအောင်က ပြောသောအခါ ဦးဇန်ကောင်းက အသံမထွက်စေရန် လက်ဟန်ပြလိုက်သည်။

သို့ကြောင့် ငမဲအောင်လည်း ဆက်မပြောတော့ဘဲ အသံတိတ်သွားလေသည်။

ထိုတောင်ကုန်းအောက်မှာ ရပ်နေကြစဉ် အတန်ကြာသောအခါ တောင်ကုန်း၏အခြားတစ်ဖက်မှ အော်သံပေါ်ထွက်လာပြန်လေသည်။

"ငါ့ . . ဒီမှာဟေ့ . . . ငါ့ . . ဒီဘက်မှာဟေ့"

ထိုအသံကြားသောအခါ ဦးဇန်းကောင်းက သဘောပေါက်သွားပြီး ကျန်သုံးယောက်ကို ခပ်တိုးတိုး ပြောလိုက်သည်။





"မင်းတို့နှစ်ယောက်က ဟိုသစ်ပင်နောက်နားကနေ အခြေအနေကို စောင့်ကြည့်နေကြ၊ ငါနဲ့နီမောင်နဲ့က အသံကြားတဲ့ တောင်ကုန်းဟိုဘက်ကို သွားကြည့်မယ်"

ဟု ပြောပြီး ထိုနေရာမှာ စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ကို ထားခဲ့ပြီး ဦးဇန်ကောင်းနှင့် နီမောင်တို့နှစ်ယောက်က အသံကြားရာဘက်သို့ ခြေသံမကြားအောင် သွားကြလေသည်။

သူတို့မရောက်ခင်အချိန်ထိ . . .

"ငါ့ . . ဒီမှာဟေ့ . . . ငါ့ . . ဒီဘက်မှာဟေ့"

ဟု ကြားနေရသောအော်သံမှာ သူတို့ ထိုနေရာရောက်သောအခါ ချက်ချင်းပျောက်သွားပြီး စောထီးတို့ရှိသော တောင်ကုန်းဘက်မှ အသံကြားရပြန်လေသည်။

"ငါဒီမှာဟေ့ . . . ငါဒီဘက်မှာဟေ့"

"နီမောင် . . . မင်း ဒီနေရာမှာ စောင့်ပြီး အသံကြားရင် ကြားတဲ့နေရာကို သေသေချာချာမှတ်ထား၊ ငါ ဟိုဘက်သွားကြည့်လိုက်မယ်"

ဟု ပြောကာ ဦးဇန်ကောင်း တောင်ကုန်း၏အခြားတစ်ဖက်သို့ သွားပြန်လေသည်။

ဦးဇန်ကောင်း ဟိုဘက်သွားတော့ စောထီးနှင့် ငမဲအောင်တို့ကို မေးသည်။

"စောစောက ဘယ်နေရာက အသံကြားတာလဲ"

"ဟိုတောင်ကုန်းလေးနားက ကြားရတာ အဘ၊ လူ



www.burmeseclassic.com

www.burmeseclassic.com



တော့ မတွေ့ရဘူး"

"လာဟေ့. . . အဲဒီနေရာ တူးကြည့်မယ်"

သုံးယောက်သား အသံကြားရသော တောင်ကုန်းနေရာသို့ သွားကြည့်သောအခါ မြေမှာ သာမန်မဟုတ်ဘဲ တစ်စုံတစ်ခု တူးယူသွားသကဲ့သို့ မွနေသည်။

စိတ်မကျေနပ်သဖြင့် ထိုနေရာမှာ တူးဆွရှာကြည့်သောအခါ ဘာမှမတွေ့ကြရပေ။

"ဒီနေရာမှာ မရှိတော့ဘူး၊ ဟိုဘက်ရောက်သွားပြီ"

"ဘယ်သူလဲ အဘ၊ ဘယ်သူ့ကို ပြောတာလဲဟင်"

"လူမဟုတ်ဘူး. . . ဆေးမြစ်ကို ပြောတာ"

ထိုသို့ပြောနေကြစဉ်. . . တစ်ဖက်မှာစောင့်နေသော နီမောင်မှာ သူရှိနေသောနေရာနှင့် မနီးမဝေးမှာ ရှိနေသော မြေပြင်တစ်နေရာမှာ ဘယ်အချိန်က ရောက်လာမှန်းမသိသော ဆေးပင်ကဲ့သို့ အပင်ငယ်ကလေးတစ်ပင်ကို လှမ်းမြင်လိုက်ရသဖြင့် အံ့ဩသွားလေသည်။

"စောစောက ဒီနေရာမှာ ဘာပင်မှ မရှိပါဘူး၊ အခု ဒီသစ်ပင်လေးက ဘယ်နေရာက ရောက်လာတာပါလိမ့်"

ဟု တွေးတောနေသည်။

သစ်ပင်လေးမှာ မြေပေါ်သို့ နှစ်ပေခန့်သာ မြင့်ပြီး ဂမုန်းပင်ကဲ့သို့ အရွက်ဖားဖားနှင့် ဖြစ်လေသည်။

ထိုသို့တွေးတောနေစဉ်မှာ ထိုသစ်ပင်လေး ရှိသော





နေရာမှ ထူးခြားသောအသံတစ်မျိုး ထွက်လာလေသည်။

"ငါ. . ဒီမှာဟေ့. . . ငါ. . ဒီဘက်မှာဟေ့"

ထိုသို့ အသံထွက်နေသောအချိန်မှာ သစ်ပင်ငယ်ကလေးမှာ အသက်ဝင်နေသကဲ့သို့ ဟိုဘက်ဒီဘက် လှုပ်ယမ်းနေသည်။ ထိုမြင်ကွင်းကို မြင်သောအခါမှ သဘောပေါက်သွားလေတော့သည်။

"လက်စသတ်တော့ သူက ဒီလိုကိုး၊ အဘပြောတဲ့ အသက်ဝင်နေတဲ့ဆေးပင်ဆိုတာ ဒီအပင်မျိုးပဲ ဖြစ်ရမယ်"

ဟု တွေးမိပြီး ပုန်းကွယ်နေရာက ခပ်သုတ်သုတ် ပြေးထွက်သွားကာ ထိုသစ်ပင်ကလေးကို လက်ဖြင့် အမိအရ ဖမ်းဆုပ်ထားလိုက်လေသည်။

ထိုအခိုက်မှာပင် ဦးဇန်ကောင်းတို့သုံးယောက်လည်း အနားသို့ ရောက်လာကြလေသည်။

"နီမောင်. . . အခြေအနေ ဘယ်လိုလဲ"

"အော်သံကြားတဲ့အပင်တော့ ဖမ်းမိထားပြီ အဘ"

"ဟန်ကျတာပေါ့ကွာ"

ပြောပြောဆိုဆိုနှင့် ဦးဇန်ကောင်းက. . ထိုသစ်ပင်ကို အမြစ်ပါ,ပါအောင် တူးယူလိုက်လေသည်။

"ဒါဘာ ဆေးပင်လဲ အဘ"

"တောင်လုံးကျော် ဆေးမြစ်ပင်လို့ ခေါ်တယ်၊ သိပ်ပြီး တန်ဖိုးရှိတဲ့ဆေးမြစ်တစ်မျိုးပေါ့၊ သူက တန်ခိုးသိဒ္ဓိရှိတော့ အသံ



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ဘစ်နေရာက တစ်နေရာ ရွှေ့သွားနိုင်တယ်"

ဟု ပြောပြပြီး အပင်မှာ ပါလာသောဆေးမြစ်ကို အများ မြင်အောင် ပြလေသည်။

ဆေးမြစ်၏ပုံသဏ္ဌာန်မှာ သာမန်ဆေးမြစ်များနှင့် မတူဘဲ. . . တောင်ဝှေးထမ်းကာ မိုးပေါ်ပျံတက်နေသည့် ဇော်ဂျီပုံသဏ္ဌာန်မျိုးဖြစ်နေလေသည်။

"တောင်လုံးကျော်ဆေးမြစ်က ဒီဘက်မှာ အသံပေးပြီးရင် တောင်ရဲ့ဟိုဘက်ကို နေရာရွှေ့သွားတယ်၊ ဟိုဘက်မှာ အသံပေးပြီးရင် တောင်ကုန်းရဲ့ဒီဘက်ကို နေရာပြန်ရွှေ့လာ တတ်တယ်၊ ဒါကြောင့် တောင်ကုန်း ဟိုဘက်ဒီဘက် ပိတ်ပြီး စောင့်တော့မှရတာ၊ မသိတဲ့လူတွေဆိုရင်တော့ တောထဲမှာ တစ္ဆေခြောက်သလိုလို ကျတ်တွေ နာနာဘာဝတွေ လှည့်စားနေတယ်လို့ ထင်စရာရှိတာပေါ့"

"အတော်ဆန်းကြယ်တာပဲ. . . ဒီဆေးမြစ်က ဘယ်လိုနေရာတွေမှာ အစွမ်းထက်သလဲ အဘ"

"သုံးတတ်မယ်ဆိုရင်တော့ အများကြီးပေါ့၊ အများအားဖြင့်တော့ ကိုယ်မှာဖြစ်တဲ့ အနာရောဂါမှန်သမျှ အားလုံးပျောက်ကင်းနိုင်တယ်၊ သိဒ္ဓိပေါက်တဲ့အထိ စီစဉ်မယ်ဆိုရင်တော့ မြေလျှိုးမိုးပျံနိုင်တဲ့အထိ ရောက်နိုင်တယ်"

ဟု ပြောကာ ထိုဆေးပင်နှင့်ဆေးမြစ်ကို အဝတ်အိတ်တစ်ခုအတွင်းသို့ အသေအချာထည့်ကာ လွယ်အိတ်အတွင်းသို့





ထည့်လိုက်လေသည်။

ထိုနေ့က တစ်နေကုန် လိုက်လံရှာဖွေကြသော်လည်း ၎င်းတို့ အလိုရှိသော ရှင်သူငယ်ဂမုန်းပင်ကို မတွေ့ကြရပေ။

ထို့ကြောင့် နေဝင်ချိန်နီးသောအခါ သင့်တော်သော ဂူပေါက်တစ်ခုအတွင်းသို့ ဝင်ရောက်နားကြရပြန်လေသည်။

ထိုနေ့မှာလည်း ညအချိန်ရောက်သောအချိန်တွင် ဆန်းကြယ်သော လှည့်ဖြားမှုများကို ထပ်မံတွေ့ကြရလေသည်။ သို့သော်လည်း ထူးထူးခြားခြားတော့ မရှိတော့ပေ။

ညဉ့်နက်ပိုင်းအချိန်လောက်တွင် ဂူအပြင်ဘက်မှ တရှပ်ရှပ်ဖြင့် လျှောက်လာသည့်ခြေသံကို ကြားကြရပြန်သည်။

ဒီတစ်ကြိမ်မှာတော့ ခြေသံက မများပေ။ ခြေသံမကြားရသဖြင့် မနေ့ညက တွေ့ရသလို အမျိုးသမီးများကို ထပ်မံတွေ့ရမည်ဟု ထင်ထားသော်လည်း ဒီတစ်ကြိမ်တော့ မဟုတ်ပေ။

အဝါရောင်သင်္ကန်းစကို ခြုံထားသော ကလေးအရွယ်သာ ရှိသေးသည့် လူငယ်လေးတစ်ဦးပင်ဖြစ်သည်။

ထိုကိုရင်လေးက သူတို့ရှိနေသော ဂူပေါက်ဝ ရောက်သောအခါ တစ်ချက်လှည့်ကြည့်ပြီး တစ်ဖက်သို့ ဆက်လျှောက်သွားလေသည်။

ထိုအခါ နီမောင်က ဝမ်းသာအားရ ပြောလိုက်သည်။

"အဘ. . ဟိုတစ်နေ့က ကျွန်တော်တို့ တောထဲမှာ ဝါးခုတ်နေရင်းနဲ့ တွေ့လိုက်တာ. . အဲသည် ကိုရင်လေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ခေါင်းညိတ်ပြပြီး စကားသံ မထွက်စေရန် လက်ကာပြလိုက်သည်။

အတန်ကြာသောအခါ နောက်ထပ်ခြေသံကြားရပြီး ဟိုဘက်မှ ဒီဘက်သို့ ပြန်လျှောက်သွားပြန်လေသည်။

"အဲဒါ . . ငါတို့လိုချင်တဲ့ ရှင်သူငယ်ဂမုန်းပဲ"

"ဒါဖြင့် အခုလိုတွေ့နေတုန်း နောက်က လိုက်ဖမ်းယူလို့ မရဘူးလား"

"အချိန်မကျသေးဘဲ လိုက်ဖမ်းရင် ပျောက်သွားမှာပေါ့"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"အချိန်ကျတော့မှ လိုက်ရှာယူရမှာပေါ့"

ဦးဗန်ကောင်းက အေးအေးဆေးဆေး အမူအရာဖြင့် ပြောကာ အခါးရည် သောက်နေတော့သည်။

ထိုနေ့ညက တစ်ညလုံး ဂူပေါက်ဝမှ ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ကိုရင်လေးမှာ အာရုဏ်တက်ချိန် နီးလာသောအခါ ပျောက်သွားလေတော့သည်။

ဒီတော့မှ ဦးဗန်ကောင်းက ၎င်းတို့ထံမှာ ပါလာသော အစားအသောက်အချို့ကို ဖက်ဖြင့် ထုပ်ပြီး ဂူအပြင်ထွက်ကြရန် ပြင်လေသည်။

သူတို့သည် ညက ရှင်သူငယ်ကလေး ထွက်သွားသော နေရာဘက်သို့ လိုက်ရှာကြသည်။

အာရုဏ်တက်ချိန်ရောက်လာပြီဖြစ်သောကြောင့် တော





ထဲမှာ အမှောင်ရိပ်များ ရှိနေသေးသော်လည်း အလင်းရောင်က အတန်အသင့် ရနေလေပြီ။

သူတို့ ဂူအပြင်သို့ ရောက်သောအခါ အပြင်ဘက်မှာ မည်သည့်အရာမှ မတွေ့ရတော့ဘဲ ရှင်းနေလေသည်။

လေးယောက်သား ညက ရှင်သူငယ် ထွက်သွားသော ဘက်သို့ လိုက်လံရှာဖွေသောအခါ တစ်နေရာတွင် ကွက်လပ် ကျယ်ကြီးတစ်ခုကို အရင်တွေ့ရသည်။

ထိုကွက်လပ်ထဲမှာတော့ ဂမုန်းပင်ပေါင်းများစွာတို့ ရှိနေကြသည်။

အရောင်အသွေးရော၊ အပင်ပုံစံနှင့် အရွယ်အစားပါ တထေရာတည်း တူနေလေသည်။

"အဘ . . . ဂမုန်းပင်တွေ အများကြီးပါလား"

"ဟုတ်တယ် . . . အဲဒီအပင်တွေအားလုံး ရှင်သူငယ် ဂမုန်းပင်တွေချည်းပဲ"

"ဟန်ကျတာပေါ့ . . ဒါတွေအားလုံးခုတ်ယူရမှာလား"

"မဟုတ်ဘူး . . . ဒီအထဲမှာ ရှင်သူငယ်ဂမုန်းအစစ်က တစ်ပင်ပဲ ရှိတယ်၊ ကျန်တာတွေက အတုတွေချည်းပဲ၊ အဲဒီအတု ပင်တွေက ဆေးဘက်မဝင်ဘူး၊ ဆိပ်ဖူးပင်လို ပြုတ်ပြီး တို့စရာ လုပ်လို့ပဲ ရမယ်၊ အစစ်ကို ရအောင်ရှာနိုင်မှ ဆေးဖက်ဝင်မှာကွ"

"ဒီလောက်အများကြီးထဲမှာ ဘယ်လိုရှာယူမလဲ အဘ"

"နည်းသိရင် လွယ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ဦးဇန်ကောင်းက အစားအသောက်များ ထည့်လာသောအထုပ်ကို အပြင်သို့ ထုတ်ယူလိုက်ပြီး ပါးစပ်မှ ရေရွတ်လိုက်သည်။

"ကျွန်ုပ်တို့သည် ရှင်သူငယ်ဂမုန်းပင်အား အာရဏ်ဆွမ်းတပ်လှူရန် ရောက်လာခြင်းဖြစ်ပါတယ်၊ ရှင်သူငယ်သည် အလှူခံ ကြွလာပါတော့၊ အာရဏ်ဆွမ်း အလှူခံ ကြွလာပါကုန်လော့၊ အလှူခံ ကြွလာပါကုန်လော့"

ဟု ရေရွတ်ပြောဆိုလိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အတန်ကြာသောအခါ ဂမုန်းတောအတွင်းမှ ဂမုန်းပင်တစ်ပင်မှာ လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

၎င်းမှာ လေမတိုက်ပါဘဲနှင့် အသက်ဝင်လာသကဲ့သို့ ဖြစ်လာလေတော့သည်။

ကြည့်နေရင်းမှာပင် ထိုနေရာမှ ပိုးတဝါးပုံရိပ်အချို့ ထွက်လာလေသည်။

အခြားမဟုတ်ပေ။

ရှင်သူငယ်ပုံရိပ်များပင်ဖြစ်တော့သည်။

ထိုအချိန်မှာပင် ဦးဇန်ကောင်းက စားစရာများ ထည့်ထားသောအထုပ်ကိုယူပြီး ထိုနေရာသို့ သွားလေသည်။ အနီးသို့ ရောက်သောအခါ ထိုအထုပ်ကိုချပြီး လှုပ်ရှားနေသော ဂမုန်းပင်ကို ဥနှင့်အမြစ်ပါ မကျန်အောင် ဂရုတစိုက် တူးယူလိုက်သည်။





ပြီးမှ အဝတ်စဖြင့် အသေအချာထုပ်ကာ အပြင်သို့ ပြန်ထွက်လာလေသည်။

"အဘက အာရဏ်ဆွမ်းကပ်မယ်လို့ ပြောတာနဲ့ အဲ့ဒီ ဂမုန်းပင်က ဘာကြောင့်လှုပ်လာရတာလဲ"

"သူက ဂမုန်းပင်သာ ဆိုပေမယ့် ရှင်သူငယ်လို အသက်ဝင်နေတယ်လေ၊ ဒါကြောင့် ဆွမ်းကပ်မယ်လို့ ပြောလိုက်တာနဲ့ လှုပ်လာတာလေ"

"အတော်ထူးဆန်းတာပဲ"

"ဒါက အရေးမကြီးဘူး၊ လိုချင်တာ ရပြီဆိုတော့ ငါတို့ ဒီနေရာက အမြန်သွားကြရမယ်"

"ဘာဖြစ်လို့လဲ အဘ"

"ဒီလိုဂမုန်းမျိုးတွေရရင် အနှောင့်အယှက်တွေ လာတော့မယ်၊ ဒီတော့. . ဒီနေရာက အမြန်သွားကြမယ်၊ မင်းတို့ကို တစ်ခါတည်း မှာထားမယ်၊ ငါတို့ ဒီတောထဲက မထွက်မချင်း လမ်းမှာ အနှောင့်အယှက်တွေနဲ့ တွေ့ရနိုင်တယ်၊ ဒီတော့ လမ်းမှာ ဘယ်သူနဲ့ပဲတွေ့တွေ့၊ ဘယ်သူက ဘာပဲပြောပြော ကြောက်လည်းမကြောက်နဲ့၊ ဘာမှလည်း ပြန်မပြောကြနဲ့. . . ကြားကြလား"

"စိတ်ချပါ အဘ"

ထိုသို့ပြောပြီးနောက် လေးယောက်သား ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရောက်သောအခါ . . တောထဲမှထွက်လာသော လူတစ်ယောက်နှင့် တွေ့ကြရသည်။

ဦးခေါင်းပေါ်မှာ ခေါင်းပေါင်း,ပေါင်းထားပြီး မုတ်ဆိတ်မွေး ပါးသိုင်းမွေးအရှည်များ ရှိသည်။

၎င်းဝတ်ထားသော အဝတ်အစားများမှာ ဇော်ဂျီများဝတ်ဆင်သည့် အဝတ်အစားမျိုးနှင့် တူလေသည်။

လက်ထဲမှာ တောင်ဝှေးတစ်ချောင်း ကိုင်ထားပြီး လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။

"မိတ်ဆွေတို့. . . နေကြပါဦးဗျ"

သွားမည့်လမ်းရှေ့မှ ရပ်ပြီး ပြောသဖြင့် ဦးဗန်ကောင်းက ရပ်ပေးလိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

"မိတ်ဆွေကြီးတို့ တောင်လုံးကျော်ဆေးမြစ်နဲ့ ရှင်သူငယ်ဂုမုန်း ရလာခဲ့ကြတယ် မဟုတ်လား"

ဦးဗန်ကောင်းက ဘာမှပြန်မပြောပေ။

"ကျုပ်ကို ရောင်းခဲ့ပါဗျ၊ ကျုပ် ငွေတုံးတွေ အများကြီးပေးပါ့မယ်"

ဟုပြောပြီး သူ့လွယ်အိတ်အတွင်းမှ ဝင်းလက်နေသော ငွေတုံးအချို့ကို ထုတ်ပြသည်။

ဦးဗန်ကောင်းက ထွေထွေထူးထူး ပြန်မပြောဘဲ ခေါင်းယမ်းပြလိုက်သည်။





"ငွေမလိုချင်ရင်လည်း ရွှေတုံးတွေ ပေးပါ့မယ်ဗျ. . . လဲပေးခဲ့ပါ"

ဟု ပြောပြီး လွယ်အိတ်အတွင်းမှ နောက်ထပ်ရွှေတုံးများ ထုတ်ပြပြန်လေသည်။

တစ်စွန်းတစ်စ ရှိနေသည့် အလင်းရောင်ကြောင့် ရွှေတုံးများမှာ အရောင်လက်နေသည်။

ရွှေတုံးများကိုမြင်တော့ နောက်မှရပ်နေကြသော စောထီးနှင့်ငမဲအောင်တို့မှာ များစွာစိတ်ဝင်စားသွားကြသည်။ ထိုလူလက်ထဲမှာ ကိုင်ထားသောရွှေတုံးများသာရပါက သူတို့ဘဝအတွက် လိုချင်တာဖြစ်နိုင်လောက်သော အနေအထားမျိုးမှာရှိသည်။

ဦးဗန်ကောင်းက ရှေ့နည်းအတိုင်းသာ ပြန်မပြောဘဲ ခေါင်းခါပြလိုက်ပြန်သည်။

ထိုလူကလည်း လက်လျှော့သေးဟန် မရှိပေ။

ရွှေတုံးများကို လွယ်အိတ်အတွင်း ပြန်ထည့်လိုက်ပြီး နောက်ထပ်အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်သည်။ ပြီးနောက် ဦးဗန်ကောင်း မျက်နှာရှေ့မှာ လက်ဝါးပေါ် တင်ပြလေသည်။

"ခင်ဗျား ဆေးဆရာတစ်ယောက် မှန်ရင်တော့ ကျုပ်ပြတဲ့ပစ္စည်းကို မြင်တာနဲ့ ဘယ်လိုပစ္စည်းမျိုး ဖြစ်တယ်ဆိုတာ သိမှာပါ၊ ဒါ ကိစ္စပြီးနေတဲ့ဓါတ်လုံးပါ၊ လောကီကိစ္စတွေ ဆောင်ရွက်တဲ့နေရာမှာ ဒီဓါတ်လုံးတစ်လုံးရှိတာနဲ့ ကိစ္စအားလုံး ပြီးနိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့မှာပါလာတဲ့ ဆေးပင်တွေကို ပေးခဲ့မယ်ဆိုရင် ဒီဓါတ်လုံးကို ပေးလိုက်ပါမယ်"

ဟု ပြန်ပြောလေသည်။

သို့သော်လည်း. . ဦးဗန်ကောင်းက လက်မခံဘဲ ခေါင်းယမ်းပြကာ ခရီးဆက်ရန် ပြင်ဆင်သည်နှင့် ထိုသူက လမ်းဖယ်ပေးလေသည်။

မလှမ်းမကမ်းနေရာရောက်တော့မှ နီမောင်က လှည့်ကြည့်လိုက်လေရာ ထိုနေရာတွင် စောစောကရပ်နေသူ မရှိတော့ပေ။ သူတို့ ဆက်လျှောက်လာရင်း နီမောင်က မေးလိုက်သည်။

"စောစောကလူ ဘယ်လိုလူမျိုးလဲ အဘ"

"သာမန်အဆင့်မှာပဲရှိတဲ့ ဝိဇ္ဇာတစ်ဦးပဲ ဖြစ်မှာပေါ့"

"သူက သိဒ္ဓိရှိတဲ့ဝိဇ္ဇာ ဖြစ်နေပါရက်နဲ့ လိုချင်တဲ့ဆေးပင်ကို သူ့အစွမ်းအစနဲ့ ရှာယူလို့ မရဘူးလား"

"ဆေးပင်တွေ ဂမုန်းပင်တွေက သူတို့ထက်ပိုပြီး သိဒ္ဓိရှိတယ်၊ ဒါကြောင့် မထိုက်ရင် ရှာလို့မတွေ့နိုင်ဘူး"

"သူပြတဲ့ဓါတ်လုံးကရော သိဒ္ဓိရှိတဲ့ဓါတ်လုံးမျိုးပဲ မဟုတ်လား"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်"

"ဟုတ်ရဲ့သားနဲ့ ဒီလိုဓါတ်လုံးမျိုးကို အဘက ဘာ





ကြောင့် လက်မခံလဲ"

"ဒီဓါတ်လုံးမျိုးကလည်း ကိုယ်နဲ့ထိုက်မှ ကိုင်တွယ်သုံးစွဲလို့ ရတာမျိုးလေ၊ သူနဲ့ လဲယူလိုက်လို့ ငါ့လက်ထဲ ရောက်လာရင်လည်း ငါနဲ့မထိုက်ရင် ချက်ချင်းပြန်ပျောက်သွားမှာပေါ့၊ အဲဒီတော့မှ ဓါတ်လုံးလည်းဆုံး ဆေးပင်လည်း ဆုံးတဲ့အဖြစ်မျိုးနဲ့ ကြုံရမှာပေါ့"

ထိုသို့ရှင်းပြတော့မှ နီမောင်တို့က ဦးဗန်ကောင်း၏ အမြော်အမြင်ရှိပုံကို သဘောပေါက်ကြရလေသည်။

စကားတပြောပြောနှင့် လျှောက်လာရာ တစ်နေရာသို့ ရောက်သောအခါ နောက်ထပ်အနှောင့်အယှက်တစ်ခုနှင့် ထပ်မံကြုံတွေ့ကြရပြန်သည်။

သူတို့နောက်သို့ အမျိုးသမီးတစ်ယောက် ငိုယိုပြီး လိုက်လာကာ ပြောပြန်လေသည်။

"ဆရာကြီးတို့ရယ်. . . ကျွန်မယောက်ျားရဲ့ အသက်ကို ကယ်ပေးကြပါဦးရှင်၊ တောထဲမှာ ထင်းခုတ်ရင်းနဲ့ မြွေကိုက်ခံရလို့ပါ၊ တစ်ဆိတ်လောက် ကျွန်မနောက်ကို လိုက်ကြည့်ပေးကြပါရှင်"

ဟု သနားစဖွယ် ငိုယိုပြောနေသော်လည်း. . ဦးဗန်ကောင်း က တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ဆက်လျှောက်သွားလေသည်။

နီမောင်တို့သုံးယောက်မှာ ထိုအမျိုးသမီးကို သနား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရပ်မနေဝံ့ခဲ့သောကြောင့် ဦးဗန်ကောင်းနောက်သို့ အမီလိုက်ကြသည်။

ထိုအမျိုးသမီးက တငိုငိုနှင့်ပြောရင်း နောက်မှ လိုက်မြဲ လိုက်လာရာ တစ်နေရာရောက်သောအခါ ထပ်မလိုက်တော့ဘဲ ရပ်ကျန်ခဲ့လေသည်။

သူမထံမှ ငိုသံလည်း မကြားတော့ပေ။

ထိုအခါမှ နီမောင်က တစ်ချက်လှည့်ကြည့်လိုက်လေသည်။ အလင်းရောင် ကောင်းစွာရနေပြီဖြစ်သောကြောင့် ထိုအမျိုးသမီး၏မျက်နှာကို ကောင်းစွာမြင်ရလေရာ များစွာအံ့သြသွားလေသည်။

ထို့အတူ ကြောက်စိတ်များလည်း ဝင်လာသည်။

ထိုအမျိုးသမီးမျက်နှာမှာ စောစောက မြင်ရသလို . . သနားစဖွယ်မျက်နှာ မဟုတ်တော့ပေ။

ဘီလူးသဘက် မျက်နှာမျိုးကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာသွင်ပြင်မျိုး ပြောင်းသွားကာ ၎င်းတို့ သွားရာဘက်သို့ မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်နေလေသည်။ အတော်ဝေးဝေးရောက်မှ နီမောင်က ပြောသည်။

"ဟိုအမျိုးသမီးမျက်နှာက စောစောကတွေ့ရတာနဲ့ မတူဘူး၊ ကြောက်စရာကောင်းလိုက်တာ အဘရာ"

"မင်းက ဘာကြောင့် လှည့်ကြည့်နေရတာလဲ၊ လှည့်ကြည့်မှတော့ မြင်ရမှာပေါ့"





"သူ ဘာကြောင့် ကျွန်တော်တို့နောက်ကို ဆက်မလာတော့တာလဲဟင်"

"သူ့ပိုင်နက်နယ်မြေ ဆုံးသွားလို့ ဆက်မလိုက်လာနိုင်တာ ဖြစ်မှာပေါ့၊ မဟုတ်ရင် မင်းတို့အိမ်ရောက်တဲ့အထိ လိုက်လာမှာပေါ့"

ဟု ပြောလိုက်ရာ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပခုံးတွန့်ပြလိုက်ကြလေတော့သည်။ အရှေ့ဘက်မှာတော့ အာရုဏ်ဦးအလင်းရောင်များက တဖြည်းဖြည်းနှင့် ထွန်းလင်းတောက်ပလာကြချေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

# ထူးဆန်းစွာ ဝိညာဉ်များသူနှစ်ယောက်

ကောင်းမှုလုံဘုရားပွဲတော်ကြီးကား စတင်လေပြီ။ ဘုရားနှင့် အနီးဆုံးမှာရှိကြသော ကောင်းမှုလုံရွာအပါအဝင် အနီးပတ်ဝန်းကျင်တစ်ဝိုက်ရွာများမှ ရွာသူရွာသားများမှာ ဘုရားပွဲတော် နွှဲပျော်ကြရန် စိတ်အားထက်သန်လျက် ရှိနေကြသည်။

ထို့ပြင် . ပူတာအို၊ မချမ်းဘောနှင့် နမ့်ခမ်းဘက်မှာ ရှိကြသောလူများလည်း ကိုယ့်အဖွဲ့နှင့်ကိုယ် ဘုရားပွဲသို့ လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြလေသည်။

ခမ်းတီးရှမ်းများ အများဆုံးနေကြသော ကောင်းမှုလုံ့ရွာ အတွင်းမှာလည်း လူသွားလူလာများဖြင့် စည်ကားလျက်ရှိနေကြသည်။ ကောင်းမှုလုံ့ရွာမှာ တောင်တန်းကြီးများအောက်ခြေတော၏အပြင်ဘက်၌ဖြစ်ပြီး မလိခကမ်းခြေနှင့်လည်း မဝေးလှပေ။

ကောင်းမှုလုံ့ရွာတည်ထားသောနေရာမှာ မလိခမြစ်ရေကွေ့ဝိုက်၍ ဦးတိုက်နေသည့် နေရာဖြစ်သည်။ ရွာတည်ထားသောနေရာမှာ မလိခမြစ်ကမ်းနှင့် တောင်တန်းကြီးများကြားမှာ ရှိသော မြေကွက်လပ်ကြီး၌ ဖြစ်လေသည်။

လူဦးရေအများဆုံးနေထိုင်သည့် ရွာကြီးတစ်ရွာ ဖြစ်သည်နှင့်အညီ ယခုကဲ့သို့ ဘုရားပွဲတော်ရှိသည့် ရက်မျိုးတွင် လူသွားလူလာတို့ဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေလေတော့သည်။ ရပ်ဝေးမှ လာရောက်ကြသူများမှာ မိမိတို့ခြံထွက်၊ နယ်ထွက်၊ ဒေသထွက် ပစ္စည်းများကို ရောင်းချရန် ယူဆောင်လာကြလေသည်။

ထို့ကြောင့် ဘုရားပွဲတော်ကျင်းပရာ ဈေးတန်း တစ်လျှောက်မှာ ဘုရားပွဲလာသူများအပြင် ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားနေခြင်းဖြစ်သည်။

မချမ်းဘော၊ နမ့်ခမ်း၊ ပူတာအိုဘက်မှ လာကြသူများမှာလည်း ရောင်းချရန်ပစ္စည်းများ ပါလာကြသည်။





ထို့ပြင် တစ်နှစ်တစ်ခါ ကျင်းပသော ဘုရားပွဲတော်သို့ ရပ်ဝေးမှ လာရောက်ကြသူများပင် ရှိကြလေသည်။

တောင်ပေါ်မှ ဆင်းလာကြသူများဆိုလျှင် ၎င်းတို့ ရှာဖွေယူလာသော အဖိုးတန်ဆေးမြစ်၊ ဆေးဥ၊ ဂမုန်း၊ သစ်ခွပန်း၊ ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ရွက်၊ ဖျားရည်၊ ကျောက်သွေး၊ ကြံ့သွေး အစရှိသော ရှားပါးလှသည့် ဆေးပစ္စည်းများကို တကူးတကယူလာပြီး ရောင်းချလေသည်။ အရှေ့ပိုင်းနှင့်မြောက်ပိုင်းဘက်မှ ဆင်းလာသူများကလည်း ၎င်းဒေသထွက်ကုန်များဖြစ်သော လက်ဖက်ခြောက်၊ ပဲပြောင်း စသောရောင်းကုန်များကို ယူဆောင်လာကြလေသည်။

နမ့်ခမ်းဘက်မှ ဆင်းလာကြသူများထဲတွင် မြနှင်းဖြူတို့မိသားစုသုံးယောက်လည်း ပါလာကြသည်။

၎င်းတို့မှာ ရောင်းချရန် ကုန်ပစ္စည်းအဖြစ် လက်ဖက်ခြောက်များ ပါလာကြသည်။

ထို့ပြင် ငွားဇာခါးရွာမှ မြသင်းကြူတို့မိသားစုများမှာလည်း ဘုရားပွဲတော်သို့ လာရောက်ကာ ၎င်းတို့မှာပါလာသော ကုန်ပစ္စည်းများကို ရောင်းချရန် ပြင်ဆင်နေကြလေသည်။

ဘုရားပွဲလာသူများမှာ လူသွားလူလာများသော လမ်းမဘေးတွင် ယာယီတဲကလေးများ ထိုးပြီးနောက် ပါလာသော ကုန်ပစ္စည်းများကို ရောင်းချကြခြင်းဖြစ်သည်။

တစ်နေ့တော့ ညနေပိုင်းအချိန်တွင် ဘုရားရင်ပြင်တော်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ မြနှင်းဖြူနှင့်မြသင်းကြူတို့နှစ်ယောက် မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင် တွေ့ဆုံကြလေသည်။

ပုင်းတို့နှစ်ယောက်မှာ နာမည်ချင်း ဆင်တူသလို အသက်ချင်းကလည်း မကွာလှပေ။

ထို့ထက် ရုပ်ချင်းကပါ ဆင်တူနေကြခြင်းဖြစ်သည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်တွေ့ကြပြီးနောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တအံ့တသြဖြစ်နေကြလေသည်။

သူတို့နှစ်ယောက်စလုံး ရှေ့ဆက်မသွားတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရပ်လိုက်ကြသည်။

"နင် ဘယ်သူလဲဟင်"

မြနှင်းဖြူက တအံ့တသြဖြင့် စတင်မေးလိုက်သည်။

"ငါ့နာမည်က မြသင်းကြူလို့ ခေါ်တယ်၊ ငါက ငွားဇာခါးရွာမှာနေတယ်၊ ဒါထက် နင်ကရော ဘယ်သူလဲဟင်. . ."

"ငါ့နာမည် မြနှင်းဖြူလို့ ခေါ်တယ်၊ ငါက နမ့်ခမ်းရွာမှာနေတယ်"

"ဟင်. . . ငါတို့နှစ်ယောက် နာမည်ချင်းလည်း ဆင်တယ်၊ ရုပ်ချင်းလည်း အတော်တူတယ်နော်၊ မသိရင် အမြွှာညီအစ်မလို့တောင် ထင်ရတယ်"

"အေးနော်. . . လူတူမရှား နာမည်တူမရှား ရှိတယ်လို့တော့ ကြားဖူးပါတယ်၊ ဒါပေမယ့် ငါတို့နှစ်ယောက်လို ရုပ်ချင်းရော နာမည်ချင်းပါ တူတာမျိုးတော့ အတော်ရှားမှာပဲ၊ ငါ့အဖေနဲ့





အမေကသာ နင့်ကို မြင်ရင်တော့ အတော့်ကို အံ့သြမှာပဲ"

"ဟုတ်တယ်. . . ငါ့မိဘတွေကလည်း နင့်ကို မြင်ရင် အံ့သြကြမှာပဲ"

ဟု ပြောဆိုကာ တစ်ယောက်ရှိနေသောနေရာကို တစ်ယောက် ပြောပြပြီးနောက် လူချင်းခွဲလိုက်ကြလေသည်။ နံဘေးနားမှ ဖြတ်လျှောက်သွားကြသူများမှာလည်း ရုပ်ချင်းအတော်ဆင်သော သူတို့နှစ်ယောက်ကိုကြည့်ပြီး အံ့သြနေကြသည်။

ယခုနှစ် ဘုရားပွဲတော်မှာ လူစည်ကားသည်ဆိုသော်လည်း ယခင်နှစ်များကဲ့သို့တော့ လူမများချေ။

ဒါကလည်း အကြောင်းတစ်ခု ရှိနေသည်။

ယခုနှစ်မှာမှ ထိုနယ်ထိုဒေသတွင် ကပ်ရောဂါဆိုးတစ်ခု ဝင်ရောက်နေလေသည်။ အခြားမဟုတ်ပေ။

ဝမ်းရောဂါဆိုးကြောင့် အချို့နေရာ အချို့ဒေသများမှာ လူအသေအပျောက် ရှိနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် နှစ်စဉ်မပျက် ကျင်းပသည့် ဘုရားပွဲတော်သို့ မပျက်မကွက် လာချင်ကြသော်လည်း ကိုးလန့်စာ စားဖြစ်နေကြခြင်းဖြစ်သည်။

နီမောင်က ဘုရားပွဲဈေးသွားကာနီးတွင် လမ်းကြုံသဖြင့် ဦးဇန်ကောင်းအိမ်ဘက်သို့ လှည့်ဝင်သွားလေသည်။

၎င်းလက်ထဲမှာလည်း ဦးဇန်ကောင်း ကြိုက်နှစ်သက်သည့် ရွှေဖီမိုးလွတ် လက်ဖက်ခြောက်တစ်ထုပ် ပါလာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအိမ်ရောက်သောအခါ ဆေးကြိတ်နေသည့် ဦးဇန် ကောင်းကို တွေ့ရလေသည်။

“အဘ ဆေးကြိတ်နေတာလား”

“ဟုတ်တယ် နီမောင်ရ၊ မင်း ဘုရားပွဲဈေး သွားမလို့လား”

“ဟုတ်ပါတယ်. . . အဘအတွက် လက်ဖက်ခြောက် ကောင်းကောင်းရတာနဲ့ လာပို့ပေးရင်းနဲ့ ဒီဘက်လှည့်ဝင်လာတာ”

“အေး. . အေး. . သွားတာလည်း သွားပေါ့၊ အခုတလော ဝမ်းရောဂါဖြစ်တဲ့သတင်းတွေ ကြားနေရတယ်၊ အစားအသောက်တွေ သတိထားနော်”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

“မင်းအတွက် အကာအကွယ်ရအောင် ဆေးတစ်ခွက်ကြိုတင်သောက်သွားတာ ပိုကောင်းမယ်၊ ငါ အခုစီရင်နေတာ အဲဒီရောဂါ ပျောက်နိုင်တဲ့ဆေးပဲ”

ဟု ပြောပြောဆိုဆိုနှင့် ဆေးတစ်ခွက် စီစဉ်ပေးရာ. . နီမောင်ကလည်း ထွေထွေထူးထူး မရှိလှဘဲ သောက်လိုက်သည်။ ပြီးမှ ဦးဇန်ကောင်းအား နှုတ်ဆက်ပြီး ပွဲဈေးတန်းဘက်သို့ ထွက်ခဲ့လေသည်။

ပွဲဈေးတန်းတစ်နေရာ ရောက်သောအခါ မမျှော်လင့်ဘဲ မြသင်းကြူကို တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။ အနီး





ရောက်တော့မှ ဇဝေဇဝါဖြစ်သွားသည်။

“မြ. . မြသင်းကြူ. . . ”

“ကျွန်မ မြသင်းကြူ မဟုတ်ပါဘူး. . . မြနှင်းဖြူပါ”

“စိတ်မရှိပါနဲ့ဗျာ. . . ကျွန်တော်တို့ရွာက မြသင်းကြူဆိုတဲ့မိန်းကလေးနဲ့ အတော်လေးတူနေလို့ပါ၊ နောက်ပြီး ခင်ဗျားနာမည်က မြနှင်းဖြူဆိုတော့. . နာမည်ပါ အတော်လေးတူနေတယ်”

နီမောင်က မြနှင်းဖြူကို ကြည့်ပြီး တအံ့တသြ ပြောလိုက်ရာ သူမက သဘောကျစွာ ပြုံးနေလေသည်။

“ရှင်ပြောတဲ့မိန်းကလေးကို စောစောက ဘုရားရင်ပြင်ပေါ်မှာ ကျွန်မ တွေ့လိုက်ပြီးပါပြီ၊ ရှင်ပြောသလိုပါပဲ. . . ကျွန်မနဲ့အတော်လေး ရုပ်ချင်းဆင်တယ်၊ ကျွန်မ နမ့်ခမ်းရွာက လာတာပါ”

“ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ မြသင်းကြူတို့နဲ့အတူ ငွားဇာခါးရွာမှာ နေပါတယ်”

ထိုသို့ပြောဆိုပြီး ထွက်လာခဲ့လေသည်။

သို့သော်လည်း နာမည်ရောရုပ်ရည်ချင်းပါ အတော်တူသာ မြနှင်းဖြူဆိုသော မိန်းကလေးကို တွေ့ရသဖြင့် အံ့သြနေမိလေသည်။

နောက်တစ်နေ့မှာတော့ ရောဂါဆိုးကြီးက ဘုရားပွဲဈေး ကူးစက်ကာ ဝင်ရောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီဆေးဝါး၊ ဆေးရုံများ မရှိသောနေရာဖြစ်သည် က တစ်ကြောင်း၊ ဆေးကုသပေးမည့် ဆေးဆရာများ မရှိသည် က တစ်ကြောင်းကြောင့် ရောဂါဝင်ရောက်လာသည်နှင့် အသေ အပျောက် ရှိလာသည်။

ရောဂါဆိုးဖြင့် သေကြသောကြောင့် သေပြီဆိုသည်နှင့် နီးစပ်ရာနေရာများမှာ သင့်သလို ဖြစ်သလို မြှုပ်နှံသင်္ဂြိုဟ်ကြ လေသည်။

လူများနှင့် ကြိတ်ကြိတ်တိုးစည်ကားနေသော ဈေးတန် တစ်လျှောက်မှလူများမှာ ပြန်သူပြန် ပြေးသူပြေး ဖြစ်ကြလေရ ချက်ချင်းဆိုသလို ကျိုးနှင့်ဖုတ်ဖုတ် အနေအထားမျိုး ရောက်သွာ လေတော့သည်။

ရောဂါဆိုးဝင်လာမှန်း သိသော်လည်း ချက်ချင်းထွက် မပြေးနိုင်သူအချို့သာ ကျန်ခဲ့ကြသည်။

ရပ်ဝေးမှ လာကြသူများ၊ ဈေးရောင်းချရန် လာကြသ များ၏မိသားစုများထဲမှ ရောဂါဖြစ်၍သော်လည်းကောင်း၊ အ သေအပျောက်ရှိသဖြင့်သော်လည်းကောင်း၊ ထိုသူများသာ ပွဲဈေ တန်းမှာ ကျန်ခဲ့ကြသည်။

ထိုသူများထဲမှာ ငွားဇာခါးရွာမှ ဈေးရောင်းရန်လာ သော မြသင်းကြူတို့မိသားစုများနှင့် နမ့်ခမ်းရွာမှလာကြသော မြနှင်းဖြူတို့မိသားစုဝင်များလည်း ကျန်နေကြသည်။

တိုက်ဆိုင်မှုဟု ဆိုရပေမည်။ မြနှင်းဖြူရော မြသင်းကြ





ဒါ နှစ်ယောက်စလုံး ဝမ်းရောဂါဆိုးဒဏ်ခံရပြီး သေဆုံးကြရမည့် အခြေအနေမျိုးနှင့် ကြုံတွေ့နေကြရသည်။

သူတို့မိသားစုများမှာလည်း ကုသရန်ဆေးဝါး မပါသည် ကတစ်ကြောင်း၊ မည်သို့ကုသရမှန်း မသိကြသည်ကတစ်ကြောင်း ကြောင့် သေမင်းခေါ်ဆောင်ရာသို့ ထည့်လိုက်ရတော့မည့် အ ခြေအနေမျိုး ရောက်နေသည်။

ထိုသတင်းကြားသည်နှင့် ကောင်းမှုလုံရွာမှာ ရှိသော ဆေးဆရာကြီး ဒီပကဆိုသူနှင့် ငွားဇာခါးရွာမှ ဆေးဆရာ ဦးဗန် ကောင်းတို့ ချက်ချင်းရောက်လာကြပြီး ရောဂါဖြစ်နေသူများကို ဆေးဝါးတိုက်ကာ ကယ်နိုင်သမျှ ကယ်တင်ပေးကြလေသည်။

၎င်းတို့ရောက်လာကြပြီး ဆေးများတိုက်လေရာ အ သေအပျောက် အနည်းငယ် လျော့သွားလေသည်။

သို့သော်လည်း သေဆုံးသူများကို ဖြစ်သလိုမြှုပ်နှံ သင်္ဂြိုဟ်ကြရသောကြောင့် ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ ဘီလူး အစရှိသော မကောင်းဆိုးဝါးများကပါ ဝင်ရောက်လာကြသော ကြောင့် ရောဂါဖြစ်သည်ထက် ထိတ်လန့်ကြောက်ရွံ့ပြီး သေဆုံးမှု များက ပိုများလာသည်။

ညအချိန်ရောက်လာသည်နှင့် တောဘက်မှ ခွေးအူသံ များ အဆက်မပြတ် ကြားရပြီး မှောင်ရီသမ်းနေသောအချိန်တွင် ညီးမည်းသဏ္ဌာန်များ သွားလာနေသည်ကို ဝိုးတဝါး လှမ်းမြင် ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မကောင်းဆိုးဝါးများ ခြောက်လှန့်မှု ခံရသော အခါ အချို့လူနာများမှာ အကြောက်လွန်ပြီး သေကြရပြန်လေသည်။

လွန်ခဲ့သောရက်ပိုင်းများက ဘုရားပွဲလာသောပရိသတ်များဖြင့် ကြက်ပျံမကျစည်ကားခဲ့သော လွင်ပြင်ကြီးမှာ ယခုတော့ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေပြီ။

ညဉ့်ဦးပိုင်းအချိန်ရောက်လာသည် ခွေးအူသံများ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာ မကောင်းဆိုးဝါးများ လာရောက်ခြောက်လှန့်မှုများကို ခံကြရသည်။

အတော်များများကတော့ သေသူများကို ဖြစ်သလိုမြှုပ်နှံသင်္ဂြိုဟ်ပြီး ထိုင်နေရာမှ ထွက်ပြေးကြသည်။ အချို့လည်း မိသားစုထဲမှ ရောဂါသည်းနေသူများ ရှိနေသေးသောကြောင့် ရုတ်တရက် မပြန်နိုင်သေးဘဲ ရှိနေကြသည်။ ထိုအထဲတွင် နမ့်ခမ်းရွာမှလာသော မြနှင်းဖြူတို့မိသားစုရော၊ ငွေးဇာခါးရွာမှလာသော မြသင်းကြူတို့မိသားစုပါ မပြန်နိုင်ကြသေးဘဲ ကျန်နေကြသေးသည်။

ပို၍ထူးခြားသော တိုက်ဆိုင်မှုမှာ မြနှင်းဖြူရော မြသင်းကြူပါ ရောဂါဖြစ်နေကြခြင်းပင်ဖြစ်၏။

နှစ်ယောက်စလုံး မျှော်လင့်ချက် မရှိနိုင်တော့သော အခြေအနေမျိုးသို့ ရောက်နေကြလေပြီ။





ထိုအခြေအနေမျိုးမှာ မြနှင်းဖြူထံသို့ ဆရာကြီး ဒီပကရောက်လာပြီး ကုသပေးသလို၊ မြသင်းကြူထံသို့ ဦးဗန်ကောင်းရောက်လာပြီး ကုသပေးလေသည်။

ကာယကံရှင် မိဘများကတော့ သူတို့သမီးများ သေဆုံးသွားပြီအထင်ဖြင့် အလောင်းမြေမြှုပ်သင်္ဂြိုဟ်ရန်ပင် ပြင်ဆင်နေကြလေသည်။

"နေပါဦးဗျ၊ လူနာမိန်းကလေးကို ကျုပ် သေသေချာချာစမ်းကြည့်ပါရစေဦး"

ဟု ခွင့်တောင်းကာ အသက်ကင်းမဲ့နေသကဲ့သို့ ဖြစ်နေသော မြသင်းကြူကို သေသေချာချာ စမ်းကြည့်လေသည်။ မြသင်းကြူ၏မိဘများဖြစ်သော ဦးဘန်လောက်နှင့် ဒေါ်ကေ့ဂျာတို့ကတော့ သမီးဖြစ်သူ သေဆုံးသွားပြီအထင်နှင့် ငိုကြွေးနေကြလေသည်။

"ဒီလောက်လည်း ငိုမနေပါနဲ့ဦး၊ ခင်ဗျားတို့သမီးက တကယ်သေသွားတာ မဟုတ်သေးပါဘူး"

"ဟင်. . . တကယ်လား ဆရာ"

"တကယ်ပြောတာပါ. . . သူ့ဝိညာဉ်က အပြင်ရောက်နေလို့ အခုလို သေသလိုမျိုး ဖြစ်နေတာပါ၊ ဆေးဝါးအစီအရင်တွေနဲ့ သူ့ရဲ့ဝိညာဉ်ကို ပြန်ခေါ်ရင် အသက်ပြန်ရှင်လာနိုင်ပါသေးတယ်"

ဟု ပြောရာ နှစ်ယောက်စလုံး ဝမ်းသာသွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျွန်မသမီးလေး အသက်ပြန်ရှင်အောင်သာ ကုပေးပါ ဆရာကြီးရယ်၊ ကျွန်မတို့ ချမ်းသာသမျှ ဥစ္စာပစ္စည်းတွေနဲ့ ကန်တော့ဆိုရင်တောင် ကန်တော့ပါ့မယ်ရှင်"

"ဒီလောက်လည်း မလိုပါဘူးဗျာ၊ လူ့အသက် တစ်ချောင်းဆိုတာ ကယ်တင်ကောင်းပါတယ်၊ ကျုပ်တတ်နိုင်သမျှ ကြိုးစားကယ်တင်ပေးပါ့မယ်"

ဟု ပြောကာ ဝိညာဉ်လိပ်ပြာကို ခေါ်ယူသော အတတ်ပညာနှင့် ဆေးဝါးများ၊ ဂါထာမန္တန်များကို အသုံးပြုကာ ကုသပေးလေသည်။

အခြားနေရာမှာလည်း မြနှင်းဖြူကို သေဆုံးသွားပြီ ထင်သောကြောင့် မိဘများက မြေမြှုပ်သင်္ဂြိုဟ်ရန် ပြင်နေစဉ်မှာ ဆရာဒီပက ရောက်သွားပြီး ကြည့်ရှုစစ်ဆေးသောအခါ နာမ ဝိညာဉ် အပြင်ရောက်နေမှန်း သိရသောအခါ လိပ်ပြာဝိညာဉ်ကို ပြန်လည်ခေါ်ယူရန် ကြိုးစားဆောင်ရွက်နေလေသည်။

သည်နေရာတွင် ခန္ဓာကိုယ်မှ လိပ်ပြာထွက်ခွာခြင်း အကြောင်းကို ဖော်ပြပေးပါသည်။

မိမိရုပ်ခန္ဓာမှ လိပ်ပြာဝိညာဉ် ခွဲထွက်ခြင်းမှာ နည်းအမျိုးမျိုး ရှိပေသည်။ လွယ်မယောင်နှင့် များစွာခက်ခဲသော ပညာမျိုးလည်းဖြစ်ပေသည်။

ရုပ်ခန္ဓာနှင့် လိပ်ပြာခန္ဓာသည် မိတ္တူခန္ဓာများဖြစ်သည်။





ရုပ်ခန္ဓာသည် ရုပ်လောကတွင် ကျက်စားသွားလာနိုင်သကဲ့သို့ ပရလောကတွင် လိပ်ပြာခန္ဓာဖြင့် ကျက်စားသွားလာနိုင်သည်။

တစ်နည်းအားဖြင့် ရှေးမြန်မာ မိရိုးဖလာပညာဖြစ်သော ရုပ်ပြောင်းနာမ်ခွာ ပညာသည် စင်စစ်အားဖြင့် လိပ်ပြာခန္ဓာဖြင့် ပရလောကသို့ ဝင်ရောက်ကျက်စားသော လိပ်ပြာလွှင့်ပညာဖြစ်သည်။

ကာလရှည်ကြာသောအခါ ဤပညာမှာ နာမည်သာ ကျန်ပြီး လက်တွေ့ကျင့်ကြံမှုများ ကွယ်ပျောက်မတတ်ဖြစ်သွားသည်။

လိပ်ပြာခန္ဓာကို ရုပ်ကြမ်းခန္ဓာမှ ထွက်ခွာရန် နည်းလမ်းများစွာရှိသည်ကို လေ့လာရသည်။

ယင်းနည်းလမ်းများမှာ. . မူးယစ်ဆေးဝါးဖြင့်လည်းကောင်း၊ မန္တန်ဖြင့်လည်းကောင်း၊ လည်ပင်းရှိ မေ့ကြောကို အတိုင်းအဆဖြင့် နှိပ်ခြင်းဖြင့်လည်းကောင်း၊ သမာဓိအားကို အသုံးပြုခြင်းဖြင့်လည်း ဆောင်ရွက်ကြသည်။

လူသည်အိပ်သောအခါ ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာ ထွက်ပြီး လိပ်ပြာလောကသို့ ရောက်သွားသည်ဟု. . ဂန္ဓာရီပညာက ဆိုသည်။

ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာသည် အချိန်မရွေး ထွက်နိုင်ပြီး တစ်ဖန်ပြန်လည်ဝင်နိုင်ခြင်းနှင့် ဤသို့ ရုပ်ခန္ဓာမှစွန့်ခွာပြီး

www.burmeseclassic.com



လိပ်ပြာလောကတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံ၊ အဖြစ်အပျက် သင်ခန်းစာနှင့် ဂန္ဓာရီပညာများကို ရုပ်ခန္ဓာသို့ ပြန်လည်သယ်ဆောင်နိုင်သော စွမ်းအင်ကို ထုံကူးခြင်း၊ ထုံတက်ခြင်းဟုခေါ်သည်။

ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာ ထွက်ခွာခြင်းသည် လွယ်မယောင်နှင့် ခက်သောကိစ္စဖြစ်သည်။

လူတိုင်းသည် အိပ်ပျော်သွားသောအခါ လိပ်ပြာခန္ဓာကလေးသည် ရုပ်ခန္ဓာမှ ထွက်ခွာသွားမြဲ ဖြစ်သော်လည်း အိပ်စက်ခြင်းမပြုဘဲနှင့် လိပ်ပြာခန္ဓာ ထွက်ခွာရေးမှာ ခက်ခဲလှသည်။

ထွက်ခွာသောအခါတွင်လည်း မိမိထွက်ခွာလိုသောအချိန်တွင် တစ်မုဟုတ်ချင်း ထွက်ခွာနိုင်သည်မှာ ပို၍ခက်ခဲလှသည်။ ထွက်ခွာသောအခါတွင် ထွက်ခွာပုံ ထွက်ခွာနည်းချင်း ကွာခြားလှသည်။

ရောက်လိုရာအရပ်ကို တစ်မဟုတ်ချင်း ရောက်သွားသောနည်း၊ သွားရာလမ်းတွင် တွေ့မြင်သမျှကို လေ့လာမှတ်သားပြီး ရောက်သွားသောနည်း၊ သွားလာရာလမ်းခရီး၏ ဦးတည်ချက် ကွေ့သွားမည်လော၊ လျှို့ဝင်သွားမည်လော၊ အပေါ်မှတက်ပြီးသွားမည်လော. . .

ဤနည်း - ပညာများကို စာတွေ့ဖြင့် သင်ကြား၍ မရနိုင်။ အကြိမ်ကြိမ် လေ့ကျင့်သင်ကြားယူရမည်။

လိပ်ပြာခန္ဓာဖြင့် ခရီးသွားစဉ် လမ်းခုလတ်တွင် အ





နှောင့်အယှက်များ၊ အခက်အခဲများ တွေ့ရတတ်သည်။

ပရလောကရှိ ပရလောကဘုံသားများတွင် စိတ်ထားစရိုက်အမျိုးမျိုး ရှိသည်။

ထိုပရလောကသားတို့နှင့် တွေ့ကြုံလျှင် မည်သို့ကာကွယ်ရမည်၊ မည်သို့ဖြတ်သန်းရမည်ကို ဂန္ဓာရီပညာဖြင့်သာလျှင် ဖြေရှင်းနိုင်သည်။

လိပ်ပြာဒလောကသည် လူ့ပြည် ရုပ်လောကနှင့် တစ်ဆက်တည်းဖြစ်ရာ လူ့ပြည်ရုပ်လောကမှ သဘာဝစွမ်းအင်များသည် လိပ်ပြာလောကအပေါ်သို့ အနည်းနှင့်အများ ရိုက်ခတ်သည်။

ရုပ်လောကမှ ကမ္ဘာ့ဆွဲငင်အားသည် လိပ်ပြာလောကသို့ အနည်းငယ်အကျိုးသက်ရောက်သည်။

ရုပ်လောကမှ တောမီးလောင်မှုများ၊ မုန်တိုင်းများ၊ ငလျင်များ၊ မီးတောင်ပေါက်ကွဲမှုများ၊ အနုမြူဗုံးကဲ့သို့ အင်အားပြင်းထန်သော ပေါက်ကွဲမှုများသည် လိပ်ပြာလောကသို့ အနည်းနှင့်အများ အကျိုးသက်ရောက် ဖြစ်ပေါ်တတ်သည်။

ထို့ကြောင့် လိပ်ပြာခန္ဓာနှင့် သွားရာလမ်းတွင် အခက်အခဲများ ပေါ်ပေါက်တတ်သည်။

ဤအခက်အခဲများကို ကာကွယ်နည်း ရှောင်တိမ်းနည်းများကို အိပ်မက်ဖြင့် ပိုက်သာဂိုရပ်က သာဓကများကို လက်တွေ့လေ့ကျင့်သင်တန်းပေးသည်။

www.burmeseclassic.com



လိပ်ပြာလောကအတွင်းရှိ ဓါတ်သဘာဝများ၊ ရောင်စဉ်လှိုင်းများ၊ အသံလှိုင်းများ၊ အပူစွမ်းအင်များ၊ အလင်းစွမ်းအင်များ သဘာဝနှင့် ယင်းတို့ကို အသုံးချနည်းများဖြစ်သည်။

ဤစွမ်းအင်များကို အသုံးပြုနိုင်ခြင်းကိုပင် သိဒ္ဓိပေါက်ခြင်း၊ ဝိဇ္ဇာဓိုရ်ဖြစ်ခြင်းဟု ခေါ်ခြင်းဖြစ်သည်။

လိပ်ပြာခန္ဓာ ထွက်ခွာခြင်း၊ လေ့လာခြင်းတို့ကို သရဖူဆောင်းသောအရာမှာ အခြားသူတစ်ပါး၏ ရုပ်ခန္ဓာကိုယ် အတွင်းသို့ မိမိလိပ်ပြာခန္ဓာဝင်ရောက်ပြီး သူတပါး၏ခန္ဓာဖြင့် မိမိလိပ်ပြာခန္ဓာ လုပ်ဆောင်လိုရာ လေ့လာလိုရာတို့ကို လေ့လာခြင်း၊ အတွေ့အကြုံ ရှာမှီးခြင်းဖြစ်သည်။

အိန္ဒိယ မဟာဂန္ဓာရီပညာကျော် သျှရီချန်ကာချာရီယသည် ရုပ်ခန္ဓာကိုယ်ကို တောင်စောင်းတစ်ခုအတွင်း တပည့်သာဝကတို့အား အစောင့်ချထားပြီး လတ်လတ်ဆတ်ဆတ် ဘဝပြောင်းသွားသော မဟာရာဇာကြီး၏ ရုပ်ခန္ဓာကိုယ်အတွင်း ဝင်ရောက်ကာ ကာမသျှတ္တရပညာများကို လေ့လာခဲ့သည်။

ပရစိတ်ပညာ သုတေသီများက ရုပ်ခန္ဓာကိုယ်တစ်ခုအတွင်းသို့ အခြားလိပ်ပြာခန္ဓာ(သို့မဟုတ်)ဝိညာဉ်တစ်ခုက ဝင်ရောက်နေခြင်းကို ပူးဝင်ခြင်း(Obsession)ဟု အမည်တပ်၍ လေ့လာလျက်ရှိသည်။

ထိုသို့ သူတစ်ထူး၏ခန္ဓာကိုယ်အတွင်းသို့ ပရလောကမှ ဝိညာဉ်များ နှစ်ရှည်လများပူးဝင်နေသော သာဓကများမှာ အလွန်များပြား၍ လူသိများလှသည်။





သို့သော် သက်ရှိလူသားတစ်ဦး၏ ဝိညာဉ်(ခေါ်)လိပ်ပြာခန္ဓာသည် အခြားသက်ရှိလူသားတစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်းမှာ သာမန်အားဖြင့် မလွယ်ကူလှချေ။

ဆရာတပည့်များအား နှစ်ရှည်လများ လက်တွေ့ လက်ထပ်လေ့ကျင့်သင်ကြားပေးမှသာလျှင် တတ်ကျွမ်းနိုင်သည်။

အချို့သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့သည် အသက်အရွယ်အိုမင်းလာသောအခါ မိမိ၏တပည့်သာဝက၏ ခန္ဓာကိုယ်အတွင်းသို့ဖြစ်စေ(သို့မဟုတ်)အခြားသင့်လျော်ရာ ပုဂ္ဂိုလ်တစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ဖြစ်စေ ဝင်ရောက်ခြင်းဖြင့် ရုပ်ခန္ဓာများပြောင်းလဲသွားသော်လည်း ဝိညာဉ်(ခေါ်)လိပ်ပြာခန္ဓာ မသေဘဲ ပျောက်ကွယ်မသွားဘဲ ဆက်လက်တည်ရှိနေသည်ကိုပင် ဝိဇ္ဇာဟု ခေါ်ကြသည်။

တရုတ်မဟာဂန္ဓာရီတွင် ပေါက်ပုဂ္ဂိုလ်ရှစ်ပါးတို့သည် ဤသို့ ရုပ်ခန္ဓာပြောင်းလဲပြီး ဆက်လက်ရှင်သန်လျက်ရှိပေသည်။

အိန္ဒိယပြည်တွင် နာမည်ကျော်ကြားသော ဆိုင်းဘာဘာသည် မူလဆိုင်းဘာဘာ၏ ရုပ်ခန္ဓာမဟုတ်၊ ဆိုင်းဘာဘာ၏ ဝိညာဉ်(ခေါ်)လိပ်ပြာခန္ဓာက သူ၏တပည့် သာဝကတစ်ဦး၏ရုပ်ခန္ဓာအတွင်းသို့ ဝင်ရောက်ပြီး မူလဆိုင်းဘာဘာ၏လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

အနောက်နိုင်ငံမှ စိန့်ဂျာမိန်းမှာလည်း ရော့ကော်ဇီ၏



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်ပြီး ဂန္ဓာရီပညာများကို ဆက်သက်ဖြန့်ဖြူးနေသည်ဟု ဆိုသည်။

ထို့ကြောင့် သူတစ်ပါး၏ခန္ဓာကိုယ်အတွင်းသို့ မိမိ၏လိပ်ပြာခန္ဓာ ဝင်ရောက်နေနိုင်ခြင်းသည် လိပ်ပြာလွှင့်၊ လိပ်ပြာခွာအတတ်ပညာတွင် ထိပ်တန်းအကျဆုံးသော သရဖူပညာပင်ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

လိပ်ပြာခန္ဓာဖြင့် ဂန္ဓာရီပညာများကို လေ့လာရာတွင်သာ မဟုတ်သေး၊ လောကအကျိုး၊ သူတစ်ပါးအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကိုလည်း ဆောင်ရွက်နိုင်သေးသည်။

ပရလောကသားတို့ မကျွတ်လွတ်သည်ကို ကျွတ်လွတ်အောင်၊ သေအံ့ဆဲဆဲဖြစ်နေသူကို အယူမတိမ်းပါးရအောင်၊ လူ့ပြည်တွင် ဝဋ်ကြွေးအရမဟုတ်ဘဲ မတော်တဆ အန္တရာယ်များမှကယ်ဆယ်ခြင်း စသော လုပ်ငန်းများကိုလည်း လိပ်ပြာခန္ဓာဖြင့် လုပ်ဆောင်နိုင်သည်။

ရှမ်ဗလား မဟာဂန္ဓာရီအနွယ်ဝင် သာဝကများသည် ဤသို့သော ကယ်ဆယ်ရေးလုပ်ငန်းများကို ကမ္ဘာအနှံ့အပြားတွင် လူသိမခံဘဲ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တမလွန်လောကသို့ ရောက်လာကာစ ကြောင်တောင်တောင် ဖြစ်နေသူ လိပ်ပြာခန္ဓာများကိုလည်း တမလွန်တစ်ဖက်ကမ်းမှ စောင့်ကြိုပြီး နေရာချထားပေးသည်။ သက်ဆိုင်ရာနေရာသို့ လိုက်ပို့ပေးသည်။



BURMESE CLASSIC .com



ပိုက်သာဂိုရပ်(စ)သည် ရှမ်ဗလားမှ တမန်တော်တစ်ဦးဖြစ်ရာ ဤလောက အကျိုးဆောင်လုပ်ငန်းလုပ်ရန် တပည့်သာဝကများအား လက်တွေ့သင်ပြပေးခြင်းဖြစ်သည်။

သူတို့သည် မသမာသူအချို့၏မကောင်းကြံစည်မှုများကိုလည်း ဖယ်ရှားပေးရသေးသည်။

ဤသို့သော လိပ်ပြာခန္ဓာ၏ စွမ်းအင်သတ္တိကို နားလည်တတ်မြောက်သော ပိုက်သာဂိုရပ်(ခ)သည် တပည့်သာဝကတို့အား လိပ်ပြာခန္ဓာခွာနည်းပညာကို ညအိပ်ချိန်တွင် ဂီတသံဖြင့်သင်ကြားပေးခဲ့ခြင်းဖြစ်ပေသည်။

အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း ခန္ဓာကိုယ်အတွင်းမှဝိညာဉ်လိပ်ပြာ ခွာထုတ်သွားသောကိစ္စမှာ ခက်ခဲသောကိစ္စ ဖြစ်သလို မိမိခန္ဓာကိုယ်အတွင်းသို့ လိပ်ပြာခန္ဓာ ပြန်ရောက်လာအောင် ဆောင်ရွက်ရသည့်ကိစ္စမှာလည်း လွယ်လွယ်ကူကူတော့မဟုတ်ပေ။

ယခုလည်း ဆရာကြီးဒီပကနှင့် ဆရာဦးဗန်ကောင်းတို့မှာ ၎င်းတို့ အသက်လုကုသပေးနေသည့် မြနှင်းဖြူနှင့်မြသင်းကြူတို့၏ ပြင်ပလောကသို့ရောက်နေသော ဝိညာဉ်လိပ်ပြာများကို သက်ဆိုင်ရာ ကိုယ်ခန္ဓာအတွင်းသို့ နေသားတကျပြန်လည်ဝင်ရောက်နိုင်ရန် ကြိုးစားအားထုတ်နေကြလေသည်။

သို့သော်လည်း ကာယကံရှင်များပင် ၎င်းတို့ဝိညာဉ်လိပ်ပြာများကို တွေ့မြင်ရန် မလွယ်ကြပေရာ နံဘေးမှ ကူညီပေး



www.burmeseclassic.com

www.burmeseclassic.com



နေသော ဆရာများအနေနှင့်လည်း . ကာယကံရှင်၏ဝိညာဉ် အစစ်အမှန် ဖြစ်မည်မဖြစ်မည်ကို အပ်ချမတ်ချ မသိနိုင်ကြပါ ပေ။

ကာယကံရှင်ကို အသက်ပြန်ရှင်အောင် စွမ်းဆောင်ကြ နိုင်သော်လည်း အကြောင်းများစွာတို့ကြောင့် ပြောင်းလဲသွား သော ဝိညာဉ်လိပ်ပြာများအကြောင်းကိုတော့ မတတ်နိုင်ကြ တော့ပေ။

ထို့ကြောင့် ဆရာကြီးနှစ်ယောက်တို့ ကြိုးစားကုသပေးမှု ကြောင့် မြနှင်းဖြူရော မြသင်းကြူတို့နှစ်ယောက်စလုံး ကံကောင်း ထောက်မမှုဖြင့် အသက်ပြန်ရှင်ခွင့် ရကြလေသည်။

သို့သော်လည်း သူတို့နှစ်ယောက်၏ဝိညာဉ်များကတော့ မှားယွင်းမှုဖြစ်သွားခဲ့ကြပေတော့သည်။

လောကတွင် ထူးခြားဆန်းကြယ်သော အံ့သြဖွယ်ရာ များကတော့ နေရာအနှံ့တွင် ဖြစ်ပျက်နေကြလေသည်။







# အခန်း (၈)

# မြနှင်းဖြူလား မြသင်းကြူလေလား

လောကတွင် ထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ် အပျက်များသည် နေရာအနှံ့အပြားတွင် နေ့စဉ်နှင့်အမျှ ဖြစ် ပျက်လျက် ရှိနေကြပေသည်။

ယခုလည်း ကောင်းမှုလုံ ဘုရားပွဲတော်ဈေးတန်းတွင် ရောဂါဆိုးတစ်ခု ဝင်ရောက်လာခဲ့သောကြောင့် သေသူသေ. ပြေးသူပြေးနှင့် ရှုတ်ရှုတ်သဲသဲ ဖြစ်ကြသောအချိန်မှာပင် ပွဲဈေး



www.burmeseclassic.com

www.burmeseclassic.com



ခါးရွာမှလာသော မြသင်းကြူနှင့် နမ့်ခမ်းရွာမှ လာရောက်လက်ဖက်ရောင်းသော မြနှင်းဖြူတို့နှစ်ယောက်မှာ ထူးဆန်းတိုက်ဆိုင်မှုများဖြစ်ကြလေသည်။

၎င်းတို့နှစ်ယောက်မှာ အသက်အရွယ် မတိမ်းမယိမ်းရှိကြသလို ရုပ်ရည်ချင်းကလည်း အမြွှာညီအစ်မကဲ့သို့ တူကြလေသည်။

ထို့ထက် ထူးခြားသောအချက်မှာ တစ်နေရာစီမှာ နေကြသော်လည်း နာမည်ချင်းပါ ဆင်တူနေကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်၏ရေစက်မှာ ထိုမျှနှင့် မပြီးသေးပေ။ ပွဲဈေးတန်းမှာ ရောဂါဆိုးများ ဝင်ရောက်လာသောအခါ နှစ်ယောက်စလုံး ရောဂါဆိုး၏နှိပ်စက်ခြင်းကို တပြိုင်နက် ခံကြရသည်။ ရောဂါသည်းပြီး သတိမေ့မြောနေတော့လည်း အတူတူပင်ဖြစ်သည်။

ထို့ပြင် ဆရာကြီးနှစ်ယောက်က တစ်ပြိုင်တည်း ကုသပေးသောကြောင့် သတိပြန်ရလာတော့လည်း အံ့သြဖွယ်ကောင်းလောက်အောင် တစ်ချိန်တည်း တစ်ပြိုင်နက်တည်းပင်ဖြစ်၏။

နှစ်ယောက်စလုံး အသက်ချမ်းသာရာရသည်နှင့် အချိန်မဆွဲခဲ့တော့ဘဲ မြနှင်းဖြူတို့မိသားစုက နမ့်ခမ်းသို့ ပြန်သွားကြပြီး မြသင်းကြူတို့ကလည်း သူမတို့နေသောရွာသို့ ပြန်ခဲ့ကြလေသည်။

နီမောင်မှာ တိတိလင်းလင်း ချစ်သူဘဝ မရောက်ကြ





သေးသော်လည်း မြသင်းကြူအတွက် များစွာစိတ်ပူနေမိလေသည်။

ထို့ကြောင့် သူမတို့မိသားစုအတွက် လိုအပ်သောကိစ္စများကို ကူညီလုပ်ကိုင်ပေးလေသည်။

စိတ်မချသောကြောင့် ဦးဗန်ကောင်းကိုလည်း မကြာခဏ မေးကြည့်ရသည်။

"အဘ. . . မြသင်းကြူ တကယ်နေကောင်းသွားတာရော ဟုတ်ရဲ့လားဟင်"

"ဘာဖြစ်လို့ မေးတာလဲ၊ နေကောင်းလို့သာ ရွာကို ပြန်လာနိုင်တာပေါ့"

"သူ့ကြည့်ရတာ အရင်နဲ့ မတူတော့သလိုပဲ၊ ဘာဖြစ်နေတာလဲ မသိဘူး၊ ငေးငေးငိုင်ငိုင်နဲ့ ဖြစ်နေတယ်"

"ဒါကတော့ သေလောက်တဲ့ရောဂါနဲ့ တွေ့ခဲ့ရတော့ စိတ်ချောက်ချားနေတာလည်း ဖြစ်မှာပေါ့"

ဦးဗန်ကောင်းကတော့ ထိုမျှလောက်သာ ပြောလေသည်။ သို့သော်လည်း မြသင်းကြူ၏အမူအရာမှာ ယခင်ကနှင့် လုံးလုံးမတူတော့ဘဲ ကွာခြားသွားသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

သူမသည် အိမ်သို့ပြန်ရောက်လာပြီးကတည်းက တမူထူးခြားနေသည်။

အချိန်ရှိသမျှ အိပ်ရာထဲမှာ လှဲနေပြီး ငိုယိုနေလေ

www.burmeseclassic.com



သည်၊

မိဘများဖြစ်သော ဦးဘန်လောက်နှင့် ဒေါ်ကော့ဂျာတို့ကတော့ သမီးဖြစ်သူ အမူအရာကိုကြည့်ပြီး အမျိုးမျိုး တွေးတောကာ စိုးရိမ်နေကြသည်။

မြသင်းကြူကလည်း အခြားသူများ မဆိုထားနှင့်၊ မိဘရင်းချာများကို တွေ့မြင်ရသော်လည်း မှတ်မိဟန်မရှိဘဲ မျက်လုံးပြူးကြီးဖြင့်သာ စိုက်ကြည့်နေတတ်သည်။

"ဟဲ့. . သမီး. . အမေလေ. . မမှတ်မိတော့ဘူးလား၊ သေသေချာချာ ကြည့်ပါဦး"

ဒေါ်ကော့ဂျာက သူမလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားရင်း မျက်နှာကို အနားသို့ တိုးပြသော်လည်း မှတ်မိဟန်မရှိပေ။

"အဒေါ်တို့က ဘယ်သူတွေလဲ၊ ကျွန်မရော ဘယ်နေရာရောက်နေတာလဲဟင်၊ ကျွန်မမိဘတွေကရော ဘယ်ရောက်သွားပြီလဲဟင်"

"ဟင်. . ."

"ကျွန်မမိဘတွေ ရောဂါနဲ့ သေသွားကြလို့ အဒေါ်တို့က ကျွန်မကို ဒီနေရာခေါ်လာကြတာလားဟင်"

"ဟဲ့. . . သမီး ဘာတွေပြောနေတာလဲ၊ ဒါ. . နင် တစ်သက်လုံး နေခဲ့တဲ့အိမ်လေ၊ နင့်နံဘေးမှာ ထိုင်နေတာကရော. . နင့်ကိုမွေးခဲ့တဲ့ နင့်အမေလေ"





"မဟုတ်ပါဘူး. . . အဒေါ်က ကျွန်မအမေ မဟုတ်ပါဘူး၊ ကျွန်မကို အခုလို ခေါ်ထားပေးတာ ကျေးဇူးတင်ပါတယ်၊ နေကောင်းရင်တော့ ကျွန်မရွာကိုပဲ ပြန်ပါရစေ၊ ရွာမှာ ဆွေမျိုးတွေရှိပါတယ်"

ထိုစကားကိုသာ အကြိမ်ကြိမ်ပြောနေရာ ဒေါ်ကော့ဂျာမှာ မျက်ရည်လေးစမ်းစမ်းဖြင့် စိတ်မချမ်းမသာဖြစ်ကာ အခန်းအပြင်သို့ ပြန်ထွက်လာလေသည်။

အပြင်ဘက်မှာ စောင့်နေသော ဦးဘန်လောက်က ဒေါ်ကော့ဂျာအမူအရာမြင်ပြီး စိုးရိမ်စွာ မေးလိုက်သည်။

"ကော့ဂျာ ဘယ်လိုဖြစ်လာတာလဲ၊ သမီးနေကောင်းရဲ့လား"

"တော့်သမီးက လူကတော့ နေကောင်းလာပါပြီ၊ စိတ်ကတော့ မမှန်တော့ဘူး၊ ကျုပ်ကိုလည်း မမှတ်မိဘူး၊ သူ့ကိုယ်သူလည်း မမှတ်မိတော့ဘူး ဘယ်လိုလုပ်ကြမလဲ"

"ဒီအတိုင်းသာဆိုရင်တော့ ဆေးရိုးသားရိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဖုတ်ဝင်တာတို့ အပမီတာတို့ ဖြစ်နိုင်တယ်၊ ဆရာကြီးနဲ့ ခေါ်ပြရမှာပေါ့"

ဟု ပြောပြီး ဦးဗန်ကောင်းကို သွားခေါ်ကြလေသည်။

ထိုသတင်းကို ကြားသောအခါ နီမောင်ကပါ လိုက်လာလေသည်။

ဦးဗန်ကောင်းကို မြင်သောအခါ မြသင်းကြူမှာ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိပေ။

သို့သော်လည်း ဆေးကုပေးခြင်းကိုတော့ လက်ခံလေသည်။ အပြင်ရောက်တော့ ဦးဗန်ကောင်းက ပြောသည်။

"တစ်ခုခုတော့ မှားနေပြီနဲ့တူတယ်"

"ဟင်. . . ဘယ်လိုမှားတာလဲ ဆရာကြီး"

"သူ့မှာ မကောင်းဆိုးဝါး မိစ္ဆာတွ ဝင်ပူးနေတာတော့ လုံးဝမဟုတ်ပါဘူး၊ ဒါပေမယ့် လူကသာ မြသင်းကြူ မှန်ပေမယ့် သူ့စိတ်ကတော့ မြသင်းကြူစိတ် မဟုတ်တော့တာတော့ အမှန်ပဲ"

ထိုစကားကြောင့် မျက်လုံးပြူးသွားကြသည်။

"ဟင်. . . ဒီတော့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"တစ်ခုခုတော့ လုပ်ရမှာပေ့ါ၊ ဒါပေမယ့် သူ ဘာဖြစ်နေတာလဲဆိုတာ သိအောင်အရင်လုပ်ရမယ်"

ဟု ပြောပြလေသည်။

ထိုအခိုက်မှာပင် မြသင်းကြူက အပြင်ဘက်သို့ ထွက်လာသည်။ အပြင်ဘက်မှာတော့ ဦးဘန်လောက်၊ ဒေါ်ကော့ဂျာတို့အပြင် နီမောင်နှင့်ဦးဗန်ကောင်းတို့ပါ ရှိနေကြသည်။

မြသင်းကြူက နီမောင်ကို မြင်သောအခါ ပထမတော့ ခပ်စိမ်းစိမ်း ကြည့်သည်။ နောက်တော့မှ မှတ်မိသွားဟန်ရှိလေသည်။

"အော်. . . ရှင်ပါလား၊ ရှင်က ဒီမှာ နေတာကိုး"





ဟု ပြောသည်။

"မြသင်းကြူ. . . ဘာဖြစ်နေတာလဲ၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

"ရှင့်ကို ကျွန်မ မှတ်မိပါတယ်၊ ဘုရားပွဲဈေးမှာ လူမှားပြီး လာနှုတ်ဆက်တဲ့ ကိုနီမောင် မဟုတ်လား"

ထိုစကားကြောင့် နီမောင် မျက်လုံးပြူးသွားလေတော့သည်။ တစ်ဆက်တည်းမှာလည်း တစ်စုံတစ်ခုကို သတိရလိုက်မိလေသည်။

"ဒါဖြင့် ခင်ဗျားက ဘယ်သူလဲ"

"ကျွန်မတောင် မှတ်မိတယ်၊ ရှင် ကျွန်မကို မမှတ်မိတော့ဘူးလား၊ ကျွန်မနာမည် မြနှင်းဖြူလေ. . . နမ့်ခမ်းရွာကလေ"

နီမောင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ ချက်ချင်း. . တစ်စုံတစ်ခုကိုလည်း သတိရလိုက်မိလေသည်။ သူ့တစ်သက်တွင် ထိုမျှလောက် ဆန်းကြယ်သောအဖြစ်မျိုးကို မတွေ့ဖူး မကြုံဖူးသောကြောင့် များစွာအံ့ဩနေလေတော့သည်။

"ဘာဖြစ်တာလဲ နီမောင်"

ဦးဗန်ကောင်းက နီမောင်ကို အကဲခတ်ကြည့်ပြီး တိုးတိုးမေးလိုက်သည်။

"အဘပြောသလို တစ်ခုခုမှားနေတာကတော့ အမှန်ပဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မှားတာလဲ"

"သူ မြသင်းကြူ မဟုတ်ဘူး"

"ဟင်. . မြသင်းကြူကို မြသင်းကြူ မဟုတ်ဘူးဆိုတော့ ငါတို့က ဘယ်လိုနားလည်ရမှာလဲ"

"လူကတော့ မြသင်းကြူ မှန်ပေမယ့် စိတ်က မြသင်းကြူ စိတ် မဟုတ်တော့ဘူး၊ သူ့ကိုယ်ထဲမှာ ရောက်နေတာက သူနဲ့ ရုပ်ချင်းတူတဲ့ နမ့်ခမ်းရွာက မြနှင်းဖြူဆိုတဲ့ မိန်းကလေးရဲ့စိတ် ရောက်နေပြီ၊ ဒါကြောင့် ဒီက လူတွေကို သူ မမှတ်မိတော့ဘူး၊ ကျွန်တော့်အထင် ပြောရရင်တော့ သူတို့အချင်းချင်း ဝိညာဉ်များ ဝင်လာရော့သလား မသိဘူး"

ထိုစကားကို ကြားသောအခါ အားလုံး မျက်လုံးပြူးသွား ကြလေတော့သည်။

"ပိုပြီးသေသေချာချာ သိချင်ရင်တော့ မြနှင်းဖြူတို့နေတဲ့ နမ့်ခမ်းရွာကိုသွားကြရင် ပိုကောင်းမယ် အဘ"

"အင်း. . . ဒီလိုဆိုတော့လည်း သွားကြတာပေါ့"

နီမောင်တို့ ပြောနေသော စကားသံကို တစ်စွန်းတစ်စ ကြားသောအခါ မြသင်းကြူက ဝင်ပြောသည်။

"ကိုနီမောင်. . . ရှင်တို့ ကျွန်မတို့ရွာကို သွားကြမလို့ လား၊ ဒီလိုဖြင့် ကျွန်မလည်း လိုက်ခဲ့ပါရစေ၊ ကျွန်မကိုလည်း တစ်ခါတည်း ခေါ်သွားပေးပါနော်"

"တစ်ခါတည်း လိုက်လို့မဖြစ်သေးဘူး၊ မြနှင်းဖြူရဲ့မိဘ





တွေကို အရင်ရှာကြည့်ရဦးမယ်၊ သူတို့နဲ့တွေ့မှ မြနှင်းဖြူဆီ ခေါ် လာခဲ့ပါ့မယ်"

"ကိုနီမောင် တကယ်ပြောတာနော်"

"တကယ်ပြောတာပေါ့. . . မြနှင်းဖြူမိဘတွေနဲ့ အမြန် ဆုံးတွေ့အောင် ကျွန်တော် ကြိုးစားပေးပါ့မယ်"

ဟု ပြောပြရာ မြသင်းကြူက ကျေးဇူးတင်သောအကြည့် မျိုးဖြင့် နီမောင်ကို လှမ်းကြည့်နေလေသည်။

ထို့နောက် နီမောင်နှင့်ဦးဗန်ကောင်းတို့နှစ်ယောက် အ ပြင်သို့ ထွက်လာကြသည်။

"သူတို့အဖြစ်ကလည်း သနားစရာပဲ. . . ကံကောင်း ထောက်မလို့ သေမယ့်ဘေးကတော့ လွတ်ခဲ့ပါရဲ့၊ ဝိညာဉ်များနေ တော့ အသက်ရှင်နေရပေမယ့် စိတ်မမှန်တဲ့လူတစ်ယောက်လို ဖြစ်နေတာပေါ့"

"ဒီလိုအဖြစ်မျိုးက ရှိဖူးသလား အဘ"

"ရှိပေမယ့် အတော့်ကို ဖြစ်နိုင်ခဲတဲ့ကိစ္စပါပဲ၊ ငါထင်တာ တော့ ဒါဟာ သာမန်တော့ မဟုတ်တန်ဘူး၊ ဒီထက်ဆန်းကြယ်တဲ့ အကြောင်းတစ်စုံတစ်ခုတော့ ရှိဦးမယ်ထင်တာပဲ"

ဦးဗန်ကောင်းက တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားပြီး ပြောလိုက်သည်။

"ဒါဖြင့် နမ့်ခမ်းရွာမှာရှိနေတဲ့ မြနှင်းဖြူဆိုတဲ့ အမျိုးသမီး လည်း သူ့လိုမျိုး ဖြစ်နေမှာပေါ့နော်၊ သူ့ကိုယ်သူ မြသင်းကြူလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်နေမှာပေါ့နော်"

"သူတို့နှစ်ယောက် မှားကြတာဆိုရင်တော့ ဒီလိုပဲ ဖြစ်နေမှာပဲပေါ့"

"ဒီလိုဆိုရင် ကုလို့ရနိုင်ပါဦးမလား အဘ"

"အတော်ခက်ခဲတဲ့ကိစ္စမျိုးပဲ. . ကိုယ့်ထက် တတ်ကျွမ်းတဲ့ဆရာကြီးတွေနဲ့ တိုင်ပင်ပြီး ကြိုးစားကြည့်ရမှာပဲ"

ဟု ပြောဆိုကာ နှစ်ယောက်သား လိုအပ်သော ဆေးဝါးပစ္စည်းများကို ယူဆောင်ပြီး နမ့်ခမ်းရွာဘက်သို့ ခရီးထွက်ခဲ့ကြလေတော့သည်။







# အခန်း (၉)

# မာယာဖြင့် အန္တရာယ်မှ ရှောင်ရခြင်း

ငွားဇာခါးရွာတွင် မြသင်းကြူတို့မိသားစုများ အခက်အခဲ ဒုက္ခများနှင့် တွေ့နေရသကဲ့သို့ နမ့်ခမ်းရွာမှာ နေကြသော ဦးစိုင်းလုံတို့မှာလည်း ထိုကဲ့သို့သောဒုက္ခများနှင့် တွေ့ကြုံနေကြရလေသည်။

ဘုရားပွဲဈေးမှ ရွာသို့ပြန်သွားစဉ်က မြနှင်းဖြူမှာ အသက်အန္တရာယ်ကင်းသွားသော်လည်း ကောင်းစွာသတိမရသေး



www.burmeseclassic.com

www.burmeseclassic.com



သော ဦးစိုင်းလုံတို့က သမီးအတွက်စိုးရိမ်စိတ်ဖြင့် ရွာသို့ ချက်ချင်း ပြန်သွားကြခြင်းဖြစ်ပေသည်။

ရွာသို့ ရောက်ပြီး နောက်တစ်နေ့ ရောက်သောအခါမှ မြနှင်းဖြူမှာ သတိပြန်ရလာလေတော့သည်။

ထိုအချိန်တွင် သူမအနီးတွင် မိဘများဖြစ်ကြသော ဦးစိုင်းလုံနှင့် ဒေါ်နန်းသူဇာတို့ ရှိနေကြသည်။

အခြားသတင်းမေးသူများကတော့ အခန်းအပြင်ဘက်တွင် ရှိနေကြသည်။

"သမီး သတိပြန်ရလာပြီလား၊ တော်ပါသေးရဲ့ကွယ်. . ကံကြီးပေလို့သာ ငါ့သမီးလေး သေမင်းခံတွင်းက လွတ်ခဲ့ရတာ"

ဒေါ်နန်းသူဇာက ထိုသို့ ပြောသော်လည်း မြနှင်းဖြူက လုံးဝ မမှတ်မိသောအကြည့်မျိုးဖြင့် ဇဝေဇဝါကြည့်ကာ နေရာမှ ထထိုင်လိုက်သည်။

"ကျွန်မ ဘယ်ကိုရောက်နေတာလဲဟင်"

"သမီးရဲ့အိမ်ကို ပြန်ရောက်နေပြီလေ၊ ဘုရားပွဲ သွားရင်းနဲ့ ရောဂါတွေ ဖြစ်ကြတဲ့အထဲမှာ သမီးလည်း ပါသွားတယ်၊ အခု ရောဂါပျောက်သွားလို့ အမေတို့အိမ်ကို ပြန်ရောက်နေပြီလေ"

"ဟင်. . . ဒါ ကျွန်မအိမ် မဟုတ်ပါဘူး၊ အဒေါ်တို့ကို ကျွန်မ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးပါဘူး၊ အဒေါ်တို့က ဘယ်သူတွေလဲဟင်"





ထိုစကားကြောင့် ဦးစိုင်းလုံတို့ လင်မယားနှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေသည်။

"ဟင်. . . ငါတို့က နင့်အဖေနဲ့အမေပဲလေ၊ ဘယ်လိုဖြစ်ပြီး အခုလို မေးရတာလဲ"

"အို. . . ဦးကြီးတို့က ကျွန်မအဖေနဲ့အမေ မဟုတ်ပါဘူး၊ ကျွန်မအဖေနဲ့အမေက ငွားဇာခါးရွာမှာ ရှိကြတယ်၊ သူတို့ရော ဘယ်မှာလဲဟင်"

ထိုစကားကြောင့် လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

"ငါတို့ကို မမှတ်မိရအောင် နင်က ငါတို့သမီး မြနှင်းဖြူ မဟုတ်ဘူးလား"

ဦးစိုင်းလုံက အသံကျယ်ကျယ်ဖြင့် မေးလိုက်သည်။

"ကျွန်မ မြနှင်းဖြူဆိုတာ မဟုတ်ပါဘူးရှင်၊ ကျွန်မ ငွားဇာခါးရွာက မြသင်းကြူပါ ကျွန်မအဖေအမေရှိတဲ့ ရွာကိုသာ ပြန်ပို့ပေးကြပါ"

ဟု မျက်ရည်အဝိုင်းသားဖြင့် တောင်းပန်ပြောဆိုလေသည်။ သို့အတွက်ကြောင့် ရှိုးသားသော ဦးစိုင်းလုံတို့လင်မယားနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

"အို. . . ကျုပ်တို့ကတော့ ဘာမှနားလည်တဲ့လူတွေမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ ဘာလုပ်တတ်မှာလဲ၊ နားလည်တတ်ကျွမ်းတဲ့လူတွေနဲ့ပြမှ ဖြစ်မှာပေါ့"

ဟု ပြောဆိုကာ မျက်စိမျက်နှာပျက်စွာဖြင့် အခန်းအပြင်သို့ ထွက်ခဲ့ကြလေသည်။

"ဘယ်လိုဖြစ်လာလို့လဲ ဦးစိုင်းလုံ"

အပြင်ရောက်တော့ သူတို့အမူအရာ ကြည့်ပြီး တစ်ယောက်က မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ကျုပ်သမီးက ကျုပ်တို့လင်မယားနှစ်ယောက်စလုံးကို မမှတ်မိတော့ဘူး ဖြစ်နေတယ်ဗျာ၊ ဘယ်လိုဖြစ်သွားသလဲ မသိတော့ပါဘူး"

"ဟာ. . . ဒီလိုဆိုရင်တော့ ဒီအတိုင်း ထားလို့မဖြစ်ဘူး၊ ပယောဂ ဝင်နေတာပဲဖြစ်မယ် ကျုပ်တို့ ပယောဂဆရာ သွားခေါ်ပေးရမလား"

"နေကြပါဦး. . . ဒီလောက်လည်း စိတ်မလောကြပါနဲ့ဦး၊ သူ့မိဘတွေကို မမှတ်မိပေမယ့် ကျုပ်တို့ ရွာသူရွာသားတွေကိုတော့ မှတ်မိချင် မှတ်မိမှာပေါ့. . အပြင်ခေါ်ပြကြည့်ပါလား"

ဟု ပြောသဖြင့် ဒေါ်နန်းသူဇာက အခန်းထဲ ပြန်ဝင်သွားပြီး မြနှင်းဖြူကို ချော့မော့ကာ အပြင်ခေါ်လာလေသည်။

ထိုသို့ခေါ်လာတော့လည်း တစ်ယောက်မှ မမှတ်မိပေ။

ထို့နောက်မှာတော့ သူမနှင့် လူကြီးချင်း သဘောတူထားသော စိုင်းကျော်စွာနှင့် နှစ်ယောက်ချင်းစကားပြောခွင့်





ပေးလိုက်လေသည်။

မြနှင်းဖြူက စိုင်းကျော်စွာကို မြင်သောအခါ ခပ်စိမ်းစိမ်းကြည့်နေသည်။

"မြနှင်းဖြူ နေကောင်းသွားပြီ မဟုတ်လားဟင်"

"အို. . . ကျွန်မ မြနှင်းဖြူ မဟုတ်ပါဘူး၊ ငွားဇာခါးရွာက မြသင်းကြူပါ၊ ရှင် ဘယ်သူလဲ"

"ငါက နင်နဲ့ လူကြီးချင်း သဘောတူထားတဲ့ စိုင်းကျော်စွာလေ၊ နင် ငါ့ကို မမှတ်မိတော့ဘူးလား"

ဟု ပြောကာ စိုင်းကျော်စွာက မြနှင်းဖြူ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

သို့သော် မြနှင်းဖြူက ချက်ချင်းရုန်းဖယ်ပစ်လိုက်သည်။

"အို. . . ကျွန်မလက်ကို မကိုင်ပါနဲ့၊ ရှင်. . ဒီထက်ပိုကဲလာရင်တော့ ကျွန်မ သည်းမခံနိုင်ဘူးနော်"

ဟု မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သဖြင့် စိုင်းကျော်စွာလည်း ဆက်မတိုးဝံ့တော့ပေ။

"နင်က မြနှင်းဖြူမှ မြနှင်းဖြူစစ်စစ်ကနေ ဘယ်လိုကနေ ဘယ်လို မြသင်းကြူ ဖြစ်သွားရတာလဲ၊ မြသင်းကြူဆိုတာ ဘယ်သူလဲ. . . ဘယ်ကလဲ"

"မြသင်းကြူဆိုတာ ဘယ်သူကမလဲ. . . ကျွန်မပဲပေါ့"

"မဟုတ်ပါဘူး. . . တစ်ခုခုတော့ လွဲနေပါပြီ၊ နင် ဘယ်လိုကြောင့် အခုလို စိတ်ပြောင်းသွားတာလဲတော့ မသိဘူး နင်



www.burmeseclassic.com

www.burmeseclassic.com



ချည်ရှင် နင့်မျက်နှာကို ငါ မှန်နဲ့ ပြမယ်"

ဟု ပြောပြီး အတော်အတန် ကြီးသော မှန်တစ်ချပ်ကို ယူလာပြီး မြနှင်းဖြူရှေ့မှာ ထောင်ပြသည်။

"ကဲ. . . ဒီမှာကြည့်"

မြနှင်းဖြူက မှန်ထဲမှာ ပေါ်နေသောရုပ်ကို တစ်ချက်ကြည့်ပြီး မျက်လုံးပြူးသွားလေသည်။

"ဟင်. . . မှန်ထဲက မျက်နှာက ကျွန်မမျက်နှာလည်း မဟုတ်ပါလား၊ သူက ဘယ်သူလဲဟင်"

"သူက နင်ပဲလေ"

"မဟုတ်ပါဘူး. . . မှန်ထဲက မျက်နှာက ကျွန်မမျက်နှာ မဟုတ်ပါဘူး၊ သူ့ကို ကျွန်မ သိပါတယ်. . ၊ နေပါဦး. . . သူက ဘုရားပွဲမှာတွေ့ခဲ့တဲ့ မိန်းကလေးပဲ"

ထိုသို့ပြောနေသဖြင့် စိုင်းကျော်စွာလည်း အတော့်ကို ခေါင်းရှုပ်သွားလေတော့သည်။

ထို့ထက် သူ့ချစ်သူ မြနှင်းဖြူကိုယ်တိုင်က သူ့ကို မမှတ်မိတော့ပါဟုပြောပြီး အနားကိုပင် အကပ်မခံတော့သဖြင့် များစွာ စိတ်ဆင်းရဲနေသည်။

စိုင်းကျော်စွာမှာ သဘောထားနူးနယ်သူ ဖြစ်သောကြောင့် ထိုကဲ့သို့ ဖြစ်နေရသည်ကိုပင် တစ်မျိုးတစ်မည် တွေးနေမိလေသည်။

"သူ ငါ့ကို ညာနေတာများလား၊ ဘာမှမဖြစ်ဘဲနဲ့ ဖြစ်





ချင်ယောင်ဆောင်နေတာလား၊ ဒါမှမဟုတ် ရောဂါဖြစ်ပြီး စိတ်ဖောက်ပြန်သွားတာများလား၊ ဒီလိုမှ မဟုတ်ရင် ဘုရားပွဲသွားရင်း ချစ်သူတွေဘာတွေ တွေ့ခဲ့လို့ ငါ့ကို ဒီလိုလုပ်နေတာများလား"

ဟု တွေးမိတွေးရာ တွေးနေတော့သည်။

နောက်ပိုင်းရက်များမှာလည်း မြနှင်းဖြူမှာ တမှိုင်မှိုင်တတွေတွေနှင့် သူမကို ငွားဇာခါးရွာ ပြန်ပို့ပေးရန်သာ ပြောနေတော့သည်။

နောက်တစ်နေ့မှာတော့ ရွာလူကြီးက ဆန်ဂါးရွာမှ နတ်ဆရာ သံပချိုင်ကို သွားခေါ်လာသည်။

နမ့်ခမ်းရွာမှ လာခေါ်သည်မှန်း သိသောအခါ မြနှင်းဖြူကို ပိုးပန်းနေသည့် သံပချိုင်၏သားဖြစ်သူ ထန်ဂါးကပါ လိုက်လာလေသည်။

သူလိုက်လာသောအိမ်မှာ တခြားအိမ် မဟုတ်ဘဲ မြနှင်းဖြူတို့အိမ်မှန်း သိသောအခါ ဝမ်းသာသွားသည်။

ထို့ထက် မြနှင်းဖြူနှင့် တွေ့ရသောအခါ ပို၍ဝမ်းသာသွားလေသည်။

"မြနှင်းဖြူ. . . နင် နေမကောင်းဘူးဆိုလို့ ငါတို့ လာကြည့်ပေးတာ"

ဟု ပြောသော်လည်း မြနှင်းဖြူက ထန်ဂါးကို စူးစူးဝါးဝါး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်စိထဲမှာ ထန်ဂါးကို တစ္ဆေသရဲတစ်ကောင်ပမာ မြင်နေလေသည်။ စိတ်ထဲမှာလည်း. . .

"ဘယ်က မျက်နှာရှူးလဲ မသိဘူး၊ တစ်ခါမှလည်း မမြင်ဖူး မတွေ့ဖူးဘဲနဲ့ အတင်းလာရောနေတယ်"

ဟု စိတ်မသက်မသာ တွေးနေလေသည်။

ပယောဂဆရာ သံပချိုင်က မြနှင်းဖြူကို စမ်းသပ်ပြီး. . ဤသို့ပြောလေသည်။

"သူ အခုလိုဖြစ်နေတာ သာမန်ရောဂါ မဟုတ်ဘူး၊ ပယောဂဝင်ပူးနေတာကြောင့် သူ့ရဲ့မူလစိတ် မရှိတော့ဘူး၊ ဒါကြောင့် ပယောဂနှင်ပေးရမယ်"

"နှင်ပေးပါ ဆရာရယ်၊ လိုအပ်တာတွေ ကျုပ်တို့ ပေးပါ့မယ်၊ ကျုပ်သမီးလေး နေကောင်းသွားရင် ပြီးတာပါပဲ"

ဟု အပ်လေသည်။

သူမကို ဆေးကုရန် ပြင်နေသောအခါ မြနှင်းဖြူက မေးသည်။

"အဲဒါ ဘာလုပ်မလို့လဲ၊ ကျွန်မ ဘာမှမဖြစ်ဘဲနဲ့တော့ ဆေးကုတာ လက်မခံနိုင်ဘူးနော်"

"ဟဲ့. . . သမီး၊ ဆေးကုပေးမယ့်ဆရာကို ဒီလိုမပြောရဘူးလေ၊ သမီးနေကောင်းသွားအောင် ဆေးကုမှ ရမှာပေါ့"

"အို. . . ကျွန်မ ဘာမှမဖြစ်ဘဲနဲ့တော့ ဆေးကုမခံချင်ပါဘူး"





ထိုသို့ပြောနေရာ ဦးစိုင်းလုံက အားနာသဖြင့် ကြားထဲမှ ဝင်ပြောရလေသည်။

"စိတ်ထဲ မရှိပါနဲ့ ဆရာရယ်၊ ကျုပ်သမီးလေးက အရင်တုန်းက ဒီလိုမဟုတ်ပါဘူး၊ အခု ရောဂါဖြစ်နေလို့ ဒီလိုဖြစ်နေတာပါ"

"ကိစ္စမရှိပါဘူးလေ. . . အခုပြောနေတာက သူပြောနေတာမှ မဟုတ်တာ၊ သူ့ကိုယ်ထဲမှာ ရောက်နေတဲ့ ပယောဂ,က ပြောနေတာဆိုတော့ ခွင့်လွှတ်ပေးရမှာပေါ့၊ ကဲ. . . ဆေးကုဖို့ ပြင်ကြရအောင်"

နတ်ဆရာ သံပချိုင်က ၎င်းမှာပါလာသော ဆေးဝါးပစ္စည်းများ ရုပ်တုများကို ပြင်ဆင်ပြီးနောက် မြနှင်းဖြူကိုယ်မှာ စွဲနေသော ပယောဂအစွဲကို ထုတ်လေသည်။

သူက ထိုသို့ပြုလုပ်လေလေ မြနှင်းဖြူမှာ တရှုံ့ရှုံ့ ငိုနေသည်မှလွဲပြီး ထူးခြားမလာပေ။

"သူ့ကိုယ်ထဲမှာ ဝင်နေတဲ့ ပယောဂက သာမန်မဟုတ်ဘူး၊ အကော် ပညာအဆင့်အတန်းမြင့်တဲ့ ပယောဂပဲ၊ ဒါကြောင့် အခုလောက် ကုနေတာတောင် မဖြိုတာပေါ့၊

ဒါပေမယ့် ကျုပ်ကို အာမခံချင်လို့ကတော့ ဘယ်ရပါ့မလဲ၊ သာမန်ကုထုံးနဲ့ ကုလို့မှ ဒင်းက အာခံနေရင်တော့ ကြိုးနဲ့တုပ်ပြီး ဆေးကြိမ်လုံးနဲ့ရိုက်ပြီး နှင်ထုတ်ရမှာပဲ"

ဟု ပြောရာ မြနှင်းဖြူမှာ မျက်လုံးပြူးသွားလေသည်။

www.burmeseclassic.com



သူခေါ်မိဘများကလည်း ဆေးဆရာသဘောကျ ကုသခွင့်ပေးထားရာ သူမအနေနှင့် ဘာမှမတတ်သာအောင် ဖြစ်နေလေတော့သည်။ သို့သော်လည်း စိတ်ထဲမှာ ဤသို့တွေးမိလေသည်။

"အင်း. . . ငါ့ကို မြသင်းကြူလို့ ပြောရင်လည်း ဘယ်သူမှ ယုံကြည်မှာ မဟုတ်ဘူး၊ ငါ ဆက်ပြီးငြင်းနေပြန်ရင် ဒီဆရာက ငါ့ကို ကြိုးနဲ့ တုပ်ပြီး ရိုက်တော့မှာပဲ၊ သူရိုက်တာတော့ မခံနိုင်ဘူး၊ အရိုက်မခံရအောင် အချိုသတ်ထားပြီး နောက်ပိုင်း အခွင့်အရေးရတော့မှ ငါနေတဲ့ရွာကို ပြန်ပြေးတာ ကောင်းမယ်"

ဟု တွေးလိုက်မိသည်။

နတ်ဆရာ သံပချိုင်ကတော့ မြနှင်းဖြူကို ဆေးကြိမ်လုံးနှင့် ရိုက်ရန်ပြင်ဆင်နေသည်။

ထိုသို့ပြင်ဆင်နေရာ အနီးမှာရှိသော သားဖြစ်သူ ထန်ဂါးက တိုးတိုးကပ်မေးသည်။

"အဖေ သူ့ကို တကယ်ရိုက်မှာလား"

"ရိုက်ရမှာပေါ့ကွ. . . သူ့ကိုယ်ထဲမှာ ဝင်ပြီးနှောင့်ယှက်နေတဲ့ ပယောဂကို ဆေးကြိမ်လုံးနဲ့ ခပ်နာနာ ရိုက်ထုတ်ပစ်မှ ရမှာပေါ့"

"ရိုက်ရင်လည်း ဖြေးဖြေးရိုက်ပါ အဖေ၊ အရင်လူတွေလို သွေးထွက်သံယိုဖြစ်ပြီး သတိမေ့အောင်မျိုးတော့ မရိုက်ပါနဲ့"

သံပချိုင်က ထန်ဂါးကို တစ်ချက်ကြည့်သည်။





"မင်းနဲ့ ဘာဆိုင်လို့ ငါ့အလုပ်ကို ဝင်ပြောနေရတာလဲ"

"မြနှင်းဖြူက ကျွန်တော် သဘောကျနေတဲ့ မိန်းကလေးဗျ၊ သူ့ကို ကျွန်တော့်ရှေ့မှာ ရိုက်တာနှက်တာ မကြည့်ချင်ဘူး၊ အဖေ့မှာ ပီယဆေးပါရင်. . သူ့ကို ကျွန်တော်နဲ့ နီးကပ်အောင် လုပ်ပေးပါ"

ဟု ပြောလေရာ သံပချိုင်မှာ များစွာဒေါသထွက်သွားလေသည်။

သို့သော်လည်း အခြားသူများရှေ့မှာမို့ ဘာမှပြန်မပြောတော့ဘဲ အံကြိတ်ရုံသာ ကြိတ်လေသည်။

ထို့နောက်မှတော့ ဆေးစီရင်ထားသောကြိုးဖြင့် တုပ်ရန် ပြင်လေသည်။

ထိုအခါမှ မြနှင်းဖြူက ပြောသည်။

"ဆရာကြီးရယ်. . . ကျွန်မကို ကြိုးနဲ့တုပ်ပြီး မရိုက်ပါနဲ့ရှင်၊ ကျွန်မပညာတွေကို နှုတ်ပြီးပြန်ပါတော့မယ်"

"ဒီလိုမှပေါ့. . . ငါကလည်း မရိုက်ချင်ပါဘူး၊ ဒါပေမယ့် နင်က ခေါင်းမာနေလို့သာ ရိုက်ဖို့ပြင်ရတာပါ၊

ကဲ. . ကဲ. . ဒီလိုဆိုရင် ကိုယ့်ပညာကိုယ်နှုတ်ပြီး အေးအေးသာ ပြန်ပေတော့"

သံပချိုင်က အများရှေ့မှာ ဂုဏ်ယူဝင့်ကြွားသော အမူအရာဖြင့် အသံကျယ်ကျယ်နှင့် ပြောလိုက်သည်။

ထို့နောက် မြနှင်းဖြူက ယုတ္တိရှိစွာ လှဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . ကဲ. . သူ့ကိုယ်မှာ ဝင်နေတဲ့ ပယောဂလည်း ပြန်ထွက်သွားပြီ၊ အိပ်ပျော်ရာက ပြန်နိုးလာရင် ကောင်းသွားလိမ့်မယ်၊ ဒီလောက် ပညာလေး မလောက်လေးမလောက်စားနဲ့ ကျုပ်ရှိတဲ့နေရာ လာဝံ့တာများ အံ့ပါရဲ့၊ နောက်တော့ လာဝံ့တော့မှာ မဟုတ်တော့ပါဘူး"

ဟု ပြောကာ ကာယကံရှင်များက ၎င်းအတွက် ပေးသော ငွေကြေးနှင့်စားသောက်စရာများကို ယူပြီး သားအဖ နှစ်ယောက် ပြန်သွားကြလေတော့သည်။

ထိုအခါမှ သတိမေ့ပြီး အိပ်ပျော်ဟန်ဆောင်နေသည့် မြနှင်းဖြူမှာ သက်ပြင်းချနိုင်လေတော့သည်။







# အခန်း (၁၀)

# ချစ်ခြင်းဆုံနိုး မကြုံနိုး ဘဝများ

ပြဿနာများက ထိုမျှလောက်နှင့် အေးသွားသည်တော့ မဟုတ်ပါချေ။

နောက်တစ်နေ့တွင် နမ့်ခမ်းရွာသို့ လူတစ်စု ရောက်လာလေသည်။ နီမောင်၊ ဦးဇန်ကောင်းနှင့် ဆရာကြီးဒီပကတို့ သုံးယောက်ပင်ဖြစ်သည်။

နီမောင်တို့က ကောင်းမှုလုံ့ရွာမှာ နေထိုင်သော ဆရာကြီး ဒီပကကို အကျိုးအကြောင်းများပြောပြကာ တစ်ပါတည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခေါ် လာကြခြင်းဖြစ်၏။

ဆရာကြီးဒီပကကာလည်း ထိုအကြောင်းကို ကြားသော အခါ များစွာအံ့ဩနေပြီး ၎င်း၏ဆေးလွယ်အိတ်ကိုပါ တစ်ပါတည်းယူ၍ နီမောင်တို့နှင့် လိုက်လာခဲ့သည်။

နမ့်ခမ်းရွာသို့ ရောက်သောအခါ မြနှင်းဖြူတို့နေအိမ်သို့ မေးမြန်းပြီး သွားကြလေသည်။

သူတို့ရောက်သွားသောအချိန်တွင် မြနှင်းဖြူမှာ ကောင်းစွာ သတိပြန်ရနေပြီး အခြေအနေကြည့်နေသည့်အချိန်လည်း ဖြစ်သည်။

သူမသည် အခြားသူများ ယုံကြည်မှု ရှိစေရန် အလိုက်သင့်နှင့်ပင် ဟန်မပျက် နေလေသည်။

ထိုအချိန်မှာပင် ဧည့်သည်များက ရောက်လာကြသည်။ နီမောင်နှင့် ဦးဗန်ကောင်းတို့ကို မြင်သောအခါ များစွာဝမ်းသာသွားသည်။

"ဒါ မြနှင်းဖြူတို့အိမ် ဟုတ်ပါသလားခင်ဗျာ"

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်. . ဧည့်သည်တွေ ထင်ပါရဲ့၊ အိမ်ပေါ်ကို လာကြပါ"

သူတို့ အိမ်ပေါ် ရောက်သည်နှင့် မြနှင်းဖြူက အိပ်ခန်းအတွင်းမှ ထွက်လာပြီး နီမောင့်လက်မောင်းတစ်ဖက်ကို အတင်းဖက်ထားရာ မိဘများမှာ တအံ့တဩနှင့် မျက်လုံးပြူးနေကြသည်။





"နီမောင်. . . နင်တို့ရောက်လာတာ ဝမ်းသာလိုက်တာ၊ နင်တို့ ငါ့ကို လာခေါ်ကြတာလားဟင်၊ အဖေနဲ့အမေတို့ရော နေကောင်းကြရဲ့လား၊ နင်တို့ ပြန်ရင် ငါပါ တစ်ခါတည်း လိုက်ခဲ့မယ်နော်"

ဟု မရပ်မနား ပြောနေသလို နီမောင့်လက်မောင်းကိုလည်း မလွှတ်တော့ပေ။

နီမောင်မှာလည်း အတင်းကပ်နေသော မြနှင်းဖြူကို ဘယ်လိုခွာထုတ်ရမှန်း မသိတော့ဘဲ အားနာနေတော့သည်။ ထိုအခါမှ ဦးဗန်ကောင်းက အကြောင်းစုံ ရှင်းပြနေလေတော့သည်။

"ဒီက မိတ်ဆွေများကို ကျုပ်ကပဲ ရှင်းပြပါရစေ၊ ဒီမိန်းကလေးနဲ့ နာမည်ချင်းရော ရုပ်ချင်းပါဆင်တဲ့ မိန်းကလေးတစ်ယောက် ငွားဇာခါးရွာမှာ ရှိပါတယ်၊ ဘုရားပွဲဈေးမှာ ဝမ်းရောဂါတွေဖြစ်တော့ သူတို့နှစ်ယောက်စလုံး ပါကြပါတယ်၊ ကျုပ်နဲ့ ဟောဒီက ဆေးဆရာကြီးတို့ ကုသပေးခဲ့လို့ နှစ်ယောက်စလုံး ဘေးအန္တရာယ်က လွတ်ကင်းခဲ့ကြရပါတယ်၊ ဒါပေမယ့်. . ."

ဦးဗန်ကောင်းက စကားကို ရပ်ပြီး နီမောင့်လက်မောင်းကို အတင်းဖက်ထားသော မြနှင်းဖြူကို စိတ်မကောင်းစွာဖြင့် တစ်ချက်ကြည့်လိုက်သည်။

"ဆက်ပြောပါဦး ဆရာကြီးရဲ့"

"သူတို့နှစ်ယောက်စလုံး အန္တရာယ်က ကင်းဝေးခဲ့ကြပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဝိညာဉ်ချင်း မှားဝင်ခဲ့ကြတယ်"

ထိုစကားကြောင့် နားထောင်နေသူများမှာ မျက်လုံးပြူး သွားကြလေသည်။

"ဝိညာဉ်ချင်း မှားတယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"မြနှင်းဖြူရဲ့ဝိညာဉ်က မြသင်းကြူဆိုတဲ့မိန်းကလေးဆီ ရောက်သွားပြီး မြသင်းကြူရဲ့ဝိညာဉ်ကတော့ ဟောဒီမြနှင်းဖြူ ဆိုတဲ့ မိန်းကလေးရဲ့ကိုယ်ထဲမှာ ရောက်နေပါတယ်"

"ဒုက္ခပါပဲဗျာ. . . ကျုပ်တို့ တစ်သက်နဲ့တစ်ကိုယ် ဒီလို အဖြစ်မျိုး တစ်ခါမှလည်း မကြားမိခဲ့ပါဘူး၊ ဒါကြောင့် ဒီမှာ ဒီလို အဖြစ်တွေ ဖြစ်နေတာကိုး"

ဟု ဦးစိုင်းလုံက ပြောသည်။

"ဒီအတိုင်းဆိုရင် ကျွန်မသမီးလေးက ဘယ်မှာလဲဟင်"

"သူက ငွားဇာခါးရွာမှာ ရောက်နေပါတယ်၊ မကြာခင် ဒီရွာကို ခေါ်လာပေးပါ့မယ်"

"မြန်မြန်သာ ခေါ်ပေးပါ ဆရာကြီးရယ်"

မြနှင်းဖြူနှင့်မြသင်းကြူတို့နှစ်ယောက် ဝိညာဉ်မှားနေ သည်မှာ သေချာသွားပြီဖြစ်သဖြင့် ငွားဇာခါးရွာမှ မြသင်းကြူတို့ မိသားစုသုံးယောက်ကို ထိုရွာသို့ ခေါ်လာရန် နီမောင်ကပင် တာဝန်ယူ ဆောင်ရွက်ရလေသည်။

နီမောင်က အကျိုးအကြောင်း ပြောပြပြီး ခေါ်လာခဲ့ရာ မြသင်းကြူတို့ မိသားစုသုံးယောက်စလုံး လိုက်လာကြလေသည်။





မြနှင်းဖြူဝိညာဉ် ဝင်နေသော မြသင်းကြူကတော့ နမ့်ခမ်းရွာသို့ ပြန်ရတော့မည့်ဖြစ်သောကြောင့် ဝမ်းသာနေသည်။ ပျော်ရွှင်နေ လေသည်။

နီမောင်ကိုလည်း. . .

"အခုလို ကျွန်မရွာကို ပြန်ပို့ပေးတဲ့အတွက် ရှင့်ကို အ များကြီး ကျေးဇူးတင်ပါတယ် ကိုနီမောင်ရယ်"

ဟုလည်း တဖွဖွ လာပြောနေသည်။

နီမောင်ကတော့ ချစ်သူမြသင်းကြူကို ကြည့်ပြီး. . .

"ဖြစ်မှဖြစ်ရလေ မြသင်းကြူရယ်"

ဟု စိတ်မကောင်းစွာ ရေရွတ်မိလေသည်။

နမ့်ခမ်းရွာသို့ ရောက်သွားကြသောအခါ မြနှင်းဖြူနှင့် ရုပ်ချင်း အတော်ဆင်သော မြသင်းကြူကို ကြည့်ပြီး ရွာသူရွာ သားများက အံ့သြနေကြလေသည်။

မြနှင်းဖြူတို့အိမ် ရောက်သွားတော့မှ အခြေအနေက ပိုပြီးရှုပ်ထွေးသွားလေတော့သည်။

မြနှင်းဖြူ ဝိညာဉ်ဝင်နေသည့် မြသင်းကြူက ဦးစိုင်းလုံ နှင့် ဒေါ်နန်းသူဇာတို့ကို မြင်သောအခါ အဖေအမေဟု ခေါ်ပြီး ပြေးဖက်ကာ ငိုနေသကဲ့သို့ မြသင်းကြူဝိညာဉ် ဝင်နေသည့် မြနှင်းဖြူကလည်း ငွားဇာခါးရွာမှ လာသော ဦးဘန်လောက်နှင့် ဒေါ်ကော့ဂျာတို့နှစ်ယောက်ကို တွေ့မြင်သောအခါ အဖေအမေ ဟု ခေါ်ကာ ဖက်၍ငိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကာယကံရှင် ဖြစ်ကြသည့် မိဘများမှာ ကောင်းစွာနားမလည်နိုင်ကြဘဲ ရှိကြရာမှ ဦးဇန်ကောင်းနှင့် ဆရာကြီး ဒီပကတို့က နားလည်အောင် ရှင်းပြတော့မှ သဘောပေါက်သွားကြလေတော့သည်။

မိဘများက သဘောပေါက်သွားကြသော်လည်း လက်ရှိရောဂါဝေဒနာ စွဲကပ်နေကြသော အမျိုးသမီးနှစ်ယောက်ကတော့ အခြေအနေအမှန်ကို မသိကြသေးပေ။

ထို့ထက် မြနှင်းဖြူစိတ်ဝင်နေသော မြသင်းကြူက. . နီမောင်ကို မြင်သောအခါ ချစ်သူမှန်းမသိတော့ဘဲ စိုင်းကျော်စွာကို မြင်သောအခါ ရယ်ရယ်မောမောနှင့် စကားပြောဆိုဆက်ဆံလေသည်။

ထို့အတူ မြသင်းကြူ စိတ်ဝင်စားနေသည့် မြနှင်းဖြူကလည်း သူမချစ်သူ စိုင်းကျော်စွာကို မြင်သော်လည်း မမှတ်မိတော့ဘဲ နီမောင်ကို တွေ့သောအခါ သူမချစ်သူအနေဖြင့် ပြောဆို ဆက်ဆံကြလေသည်။

ကာယကံရှင်နှစ်ဦးက ၎င်းတို့၏မူလအခြေအနေမှန်ကို မသိကြသဖြင့် မသိသာသော်လည်း နီမောင်နှင့်စိုင်းကျော်စွာတို့ နှစ်ယောက်မှာမူ အတော်ကလေး အနေရအထိုင်ရ ခက်ကြလေသည်။

မိဘများကလည်း မိန်းကလေးများ စိတ်ချမ်းသာလျှင်ပြီးရောဟု သဘောထားကာ ၎င်းတို့ချစ်သူရေးများကို ဝင်ရောက်





ဟန့်တားမှုများ မပြုကြဘဲ ဒီအတိုင်းသာ ကြည့်နေကြသည်။

ယခုရောက်နေကြသောအိမ်မှ မြနှင်းဖြူတို့အိမ် ဖြစ်သော်လည်း မြနှင်းဖြူက ဘာမှမသိတော့ဘဲ မြနှင်းဖြူစိတ် ဝင်နေသော မြသင်းကြူကသာ အိမ်ရှင်ဝတ္တရားနှင့်အညီ ဧည့်သည်များအတွက် လိုလေသေး မရှိအောင် ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရသောအခါ ဦးစိုင်းလုံတို့မှာ များစွာအံ့ဩနေကြလေသည်။

အခြားကိစ္စများတွင် အဆင်ပြေသော်လည်း မြသင်းကြူအနေနှင့် မြနှင်းဖြူအဝတ်အစားများကို ဆင်သောအခါ ကိုယ်တိုင်းချင်း မတူသောကြောင့် အနည်းငယ် အခက်အခဲ တွေ့ရလေသည်။

"ဒီအင်္ကျီတွေက ငါနဲ့ မတော်ဘဲ ပွနေပါလား၊ ဘယ်လိုဖြစ်သွားတာပါလိမ့်၊ ငါ နေမကောင်းဖြစ်ပြီး အင်္ကျီတွေများ ချောင်ကျသွားရော့သလား"

ဟု ဇဝေဇဝါဖြင့် တွေးနေမိသည်။

ထို့ထက် ၎င်းတို့ချစ်သူများနှင့် တွေ့ပြီး စကားပြောသောအခါမှာလည်း အဆင်မပြေကြပြန်ပေ။

အဘယ်ကြောင့်ဆိုသော် နီမောင်ရော စိုင်းကျော်စွာပါ သူတို့နှင့် တွေ့နေရသူများမှာ သူတို့၏ချစ်သူများ မဟုတ်ကြသောကြောင့် အခက်အခဲ တွေ့နေကြရလေသည်။

"စိုင်းကျော်စွာ. . . နင့်ကြည့်ရတာ အရင်လို မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့သလိုပဲ. . . ဘာဖြစ်နေတာလဲဟင်"

"ဟို. . ဟို. . ဘာမှမဖြစ်ပါဘူး၊ နှင် နေကောင်းရဲ့လား မြသင်းကြူ. . အဲ. . မြနှင်းဖြူ. ."

"ဘယ်က မြသင်းကြူလဲ၊ အခု ငါတို့အိမ်ရောက်နေတဲ့ မြသင်းကြူကို နှင်သဘောကျနေပြီ မဟုတ်လား"

"မဟုတ်ပါဘူး. . . စကားမှားသွားလို့ပါ"

"နေစမ်းပါဦး. . . ငါမေးပါရစေဦး၊ နှင်က ငါနဲ့ တွေ့နေတာတောင် အရင်လိုမဟုတ်ဘဲ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတယ်၊ ဒါပေမယ့် ဟိုမြသင်းကြူအနားက မခွာဘဲနေတာ ဘယ်လိုသဘောလဲ. . . ပြောပါဦး"

မြသင်းကြူက သူ့လက်မောင်းတစ်ဖက်ကို ကိုင်ပြီး မေးလာသောအခါ စိုင်းကျော်စွာခမျာ ရှန်းရခက် ဖယ်ရခက်နှင့် အကျပ်အတည်း တွေ့ရလေသည်။

ထို့အတူ နီမောင်ခမျာမှာလည်း ထိုအခက်အခဲမျိုးနှင့် တွေ့ကြုံရလေသည်။

မြနှင်းဖြူက နီမောင်ကို သူ့ချစ်သူဟု ထင်နေကာ ခါတိုင်းလိုပင် တရင်းတနှီးနေကာ မေးမြန်းသည်။

"နီမောင်. . . နှင် အခုတလော ဘယ်လိုဖြစ်နေတာလဲ၊ တစ်နယ်တစ်ကျေးမှာ ကိုယ့်ချစ်သူကို တွေ့နေရတာတောင် အရေးမလုပ်တော့သလိုပဲ၊ ဘာလဲ. . . နှင် ငါ့ကို အရင်ကလို မချစ်တော့ဘူး မဟုတ်လား. . . မှန်မှန်ပြော"





"မ. . မဟုတ်ပါဘူး မြနှင်းဖြူရယ်၊ အဲ. . မြ. . မြသင်းကြူရယ်"

"ဒါဖြင့် ငါ့မိဘတွေရှေ့မှာမို့ ဟန်ဆောင်နေတာလား၊ ငါ့မိဘတွေကလည်း အရင်ကလို ငါတို့နှစ်ယောက်ကိစ္စကို မပြောတော့ပါဘူး၊ နှင် ဝမ်းမသာဘူးလားဟင်"

ဟု မြနှင်းဖြူက သူ့လက်တစ်ဖက်ကို ကိုင်၍မေးသောအခါ နီမောင်ခမျာ ရှန်းရအခက်၊ ဒီအတိုင်း ဟန်မပျက် နေရအခက်နှင့် အခက်တွေ့ရတော့သည်။

စိတ်ထဲမှာတော့. . .

နှင်သာ မြသင်းကြူဆိုရင် သိပ်ကောင်းမှာပဲ၊ အခုတော့ ငါ ဘယ်လိုလုပ်ရမလဲ မြသင်းကြူရယ်။

ဟု တွေးနေမိသည်။

"နီမောင်"

"ဟင်. . မြ. . မြသင်းကြူ"

"နှင် ဘာတွေများ ဒီလောက်စဉ်းစားနေတာလဲဟင်"

"နှင် နေကောင်းရဲ့လား မြသင်းကြူ"

"ငါ အခု နေပြန်ကောင်းနေပါပြီ၊ မကြာခင် ငါတို့ ရွာကို ပြန်ကြတော့မှာ မဟုတ်လားဟင်၊ ဒါထက် အဖေအမေတို့က ဒီရွာကို ဘာလာလုပ်ကြတာလဲဟင်"

"နှင်ကို လာခေါ်တာပေါ့ မြသင်းကြူရယ်"

"ဝမ်းသာစရာကြီးပဲ. . . ငါလည်း ရွာကို ပြန်ချင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာပြီ၊ ဒါထက် ငါက ဒီရွာကို ဘယ်လိုရောက်နေတာလဲ၊ ဘယ်သူခေါ်လာတာလဲဟင်"

"ဟို. . ဟို. . နင် နေမကောင်းဖြစ်နေလို့ ဒီရွာက ရှိတဲ့ဆေးဆရာနဲ့ ဆေးကုပေးဖို့ ခေါ်လာကြတာပေါ့၊ အခုတော့ နင်နေကောင်းသွားပြီ မဟုတ်လား"

"ကောင်းသွားပြီလေ. . . ဒါထက် ဒီရွာရောက်တော့ဟို. . ငါနဲ့ ရုပ်ချင်းဆင်တဲ့ မြနှင်းဖြူကို တွေ့တယ်မဟုတ်လား၊ သူ့ကိုရော စိတ်မဝင်စားဘူးလားဟင်"

"မဝင်စားပါဘူး မြသင်းကြူရယ်၊ ငါက နင့်တစ်ယောက်ကိုသာ ချစ်တာပါ"

ဟု ပြောလိုက်ရာ မြနှင်းဖြူမျက်နှာပေါ်မှာ ကျေနပ်သောအပြုံးကလေးများ ဖြစ်ပေါ်သွားလေသည်။

နီမောင်ကတော့ သနားစရာကောင်းလှသော မြနှင်းဖြူမျက်နှာလေးကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။

ထို့နောက်မှာတော့ ကာယကံရှင် မိန်းကလေး နှစ်ယောက်ကို မသိစေဘဲ နှစ်ဖက်မိဘများ၊ ဆရာကြီးဒီပက၊ ဦးဝန်ကောင်းတို့ ခေါင်းချင်းရိုက်ကာ တိုင်ပင်ဆွေးနွေးကြရတော့သည်။

"ကျွန်တော်တို့ဘက်ကတော့ ဝမ်းသာရတော့မလို ဝမ်းနည်းရတော့မလို ဖြစ်နေရပါပြီ၊ သမီးလေး အသက်ပြန်ရှင်လာ





လို့ ဝမ်းသာရမယ်မှ မကြံရသေးဘူး၊ ဝမ်းနည်းစရာနဲ့ ကြုံနေရပါပြီ၊ ကယ်နိုင်ရင် ကယ်ပေးကြပါဦး ဆရာကြီးတို့ရယ်"

ဟု ဦးဘန်လောက်က ပြောသည်။

"ဒီလောက်လည်း စိတ်ဆင်းရဲမနေကြပါနဲ့လေ၊ ဘယ်လောက်ဆိုးဝါးတဲ့ အဖြစ်အပျက်ပဲဖြစ်ဖြစ် နောက်ဆုံးမှာ အဖြေတစ်ခုခုတော့ ပေါ်လာတာပါပဲ၊ လူတွေတောင် ကံကောင်းထောက်မလို့ အသက်ပြန်ရှင်လာပြီးမှတော့ ဒီလိုမျှော်လင့်ဘဲဖြစ်နေတဲ့ကိစ္စမျိုးကတော့ အဖြေရှာလို့ရမှာပေါ့"

ဟု ဆရာကြီး ဒီပက,က ကာယကံရှင်များ စိတ်ပူပန်မှုလျော့စေရန် ပြောလိုက်သည်။

"ကျွန်တော်တို့ကတော့ ဘာမှလည်းမသိ၊ ဒီအကြောင်းမျိုးတွေကိုလည်း ဘာမှ နားမလည်ကြပါဘူး၊ ကျွန်တော်တို့ရဲ့သမီးလေးကိုသာ လူမှန်နေရာမှန် ရောက်အောင် ဆရာကြီးတို့ပဲဆောင်ရွက်ပေးပါ"

ဦးစိုင်းလုံကပါ ဝင်ပြောပြန်လေသည်။

ထိုအခါ ဦးဝန်ကောင်းက. . .

"ကျုပ်တို့ အစွမ်းကုန် ကူသပေးမှာပါ၊ မကြာခင်မှာတော့ခင်ဗျားတို့ရဲ့သမီးနှစ်ယောက် မူလကိုယ်နဲ့မူလစိတ် ပြန်ရပါစေမယ်လို့ ကတိပေးပါတယ်ဗျာ"

ဟု ဝင်ပြောလိုက်ရာ ကာယကံရှင်များ အတန်အသင့်စိတ်သက်သာရာ ရသွားဟန် ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အနေနဲ့ ခင်ဗျားတို့ကို တစ်ခုပဲ တောင်းပန်ထားချင်ပါတယ်"

"ဘာများလဲ. . . ပြောသာပြောပါ ဆရာကြီး"

"တခြားတော့ မဟုတ်ပါဘူး၊ မိန်းကလေးနှစ်ယောက်စလုံးမှာ သူတို့ ရည်စူးထားတဲ့သူတွေ ရှိနေကြတယ်၊ အခုအခြေအနေမှာတော့ စိတ်နဲ့လူနဲ့ လွဲနေတဲ့အချိန်ဖြစ်နေလေတော့ သူတို့လူနဲ့ သူတို့လည်း လွဲနေကြမှာပါ။ အဲဒါလေးတော့ ခင်ဗျားတို့အနေနဲ့ သူတို့အပေါ်မှာ နားလည်ခွင့်လွှတ်ပေးကြပါဗျာ"

ထိုစကားကြားသောအခါ ယခင်က သမီးဖြစ်သူ မြသင်းကြူနှင့် နီမောင်ကို သဘောမတူချင်သော ဦးဘန်လောက်ကပင် ပြောပြသည်။

"ကျွန်တော်တို့ သဘောပေါက်ပါတယ် ဆရာကြီး၊ အခုလို ဖြစ်နေတဲ့အချိန်မှာ သူတို့လူငယ်တွေရဲ့ကိစ္စကို ဘယ်လိုမှ သဘောမထားပါဘူး၊ သူတို့ စိတ်ဆင်းရဲမှာစိုးလို့ တားဆီးပိတ်ပင်တာမျိုးတွေလည်း မလုပ်ပါဘူး"

ဟု ကတိပေးသည်။

"ဟုတ်ပါတယ် ဆရာကြီး၊ အခု အရေးကြီးနေတာက ကျွန်တော့်သမီးလေး မူလအခြေအနေအတိုင်း ပြန်ကောင်းလာဖို့ပါပဲ၊ သူနေကောင်းသွားလို့ စိတ်ပုံမှန်ဖြစ်တဲ့အချိန်မှာ သူ့ သဘောကျရွေးတဲ့ အိမ်ထောင်ဘက်ကို ကျွန်တော်တို့အနေနဲ့ သဘောတူပေးမှာပါ"





ဦးစိုင်းလုံကပါ ဝင်ပြောရာ မနီးမဝေးမှာရှိနေသော နီမောင်မှာ အတန်အသင့် စိတ်ချမ်းသာမှု ရသွားလေသည်။ သူနှင့်မြသင်းကြူတို့ ချစ်ခရီးလမ်းမှာ ဖြောင့်ဖြူးလာနိုင်စရာ ရှိသော်လည်း ယခုအခြေအနေမှာတော့ မြနှင်းဖြူဝိညာဉ် ဝင်နေပြီး စိုင်းကျော်စွာကိုပင် ကပ်နေသဖြင့် မထွေးနိုင်မမျိုနိုင် အခြေအနေမျိုး ဖြစ်နေလေသည်။

စိုင်းကျော်စွာတစ်ယောက်လည်း သူ့ချစ်သူ မြနှင်းဖြူ တစ်ယောက် နီမောင်ဆီရောက်နေသဖြင့် ထိုကဲ့သို့ပင် ခံစားနေလိမ့်မည်ဟု တွေးမိလေသည်။



www.burmeseclassic.com





# အခန်း (၁၁)

# ချစ်သူမဟုတ်သော ချစ်သူတို့ဘဝများ

ညဥ့်ဦးပိုင်းအချိန်ရောက်သောအခါ ဆရာကြီး ဒီပက, က နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်ကိုသာခေါ်ပြီး. . အချင်းချင်း တိုင်ပင်ပြောဆိုလေသည်။

တကယ်တော့ ဆရာကြီးဒီပကမှာ အဆင့်မြင့်သည့်သိဒ္ဓိပေါက်လမ်းစဉ်လိုက်နေသော အထက်ဆရာကြီးတစ်ဦးဖြစ်မှန်း နောက်ပိုင်းမှ သိခွင့်ရကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဒီပကမှာ အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် အရပ်အမောင်း မြင့်မားကာ ဥပမိရုပ်ကောင်းသူတစ်ဦးဖြစ်သည်။

ဆံထုံးကို ထိပ်မှာထုံးထားပြီး ပဝါတစ်ထည်ဖြင့် ပေါင်းထားသည်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးအရှည်များ ရှိပြီး သစ်ခေါက်ဆိုးထားသော အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

သွားလေရာ ဆေးလွယ်အိတ်နှင့် ဝါးတောင်ဝှေးတစ်ချောင်း ပါသည်။ တောင်ဝှေးအရင်းပိုင်းတွင် နဂါးရုပ်တစ်ခု ပါလေသည်။

ထိုနဂါးရုပ်မှာ ဝါးမြစ်ဆုံမှ သဘာဝအတိုင်း ဖြစ်ပေါ်နေသည့်အရုပ်ဖြစ်သည်။

သူသည် အင်္ဂဝိဇ္ဇာမိုရ်(၃)မျိုးဖြစ်သော ဂါထာမန္တန် ဝိဇ္ဇာမိုရ်၊ ဆေးဝိဇ္ဇာမိုရ်၊ သုတပြာစား ဝိဇ္ဇာမိုရ်တို့အနက် ဆေးဝိဇ္ဇာမိုရ်လမ်းစဉ်ကို ကြိုးစားနေသည့် ဆရာကြီးတစ်ဦးလည်းဖြစ်သည်။

ဆေးဝိဇ္ဇာဆိုသည်မှာ အစွမ်းသတ္တိထက်မြက်သော ဆေးပင်၊ ဂမုန်းပင်၊ ပန်းပေါင်း၊ မင်းပေါင်းများဖြင့် သိဒ္ဓိဝင်ဆေးများ စီရင်ပြီးနောက် တစ်နှစ်ဂူအောင်း၍ ဆေးစားခြင်း၊ သုံးနှစ်ဂူအောင်း၍ ဆေးတက်၊ ဆေးစားခြင်း၊ အချို့ဆေးဝိဇ္ဇာကြီးများသည် မြေကြီးတွင် ဂူသင်္ကျန်၊ တွင်းသင်္ကျန် တူး၍ လူသူမနီးသော တောကြီးထဲတွင် ဂူအောင်း၊ တွင်းအောင်း၍ ဆေးစား၊ ဆေးတက်ခြင်း၊ ထုံကူးခြင်း၊ ထုံဆေးစားခြင်းဖြင့် ဆေးဝိဇ္ဇာမိုရ်လမ်းကို အားထုတ်နေကြသူများဖြစ်သည်။





ယခု ဆရာကြီး ဒီပကမှာလည်း ထိုလမ်းစဉ်ကို ပေါက်မြောက်အောင် ကြိုးစားအားထုတ်နေသူဖြစ်ရာ အတော်အတန် ခရီးပေါက်နေသူလည်း ဖြစ်ပေသည်။

"ဦးဇန်ကောင်းတို့နဲ့ တွေ့ရတာ ကျုပ်ဖြင့် သိပ်ပြီးဝမ်းသာတာပဲဗျာ"

"ကျွန်တော်တို့လည်း ဆရာကြီးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် ဆရာကြီးက ကျွန်တော်တို့နဲ့ တွေ့ရတာ ဘာကြောင့် ဝမ်းသာရတာလဲ"

"ဒါကတော့ဗျာ ဆေးပညာ ဝါသနာပါသူချင်း၊ ဓလေ့စရိုက်လက္ခဏာ တူတဲ့သူချင်း . . တွေ့ရလို့ ဝမ်းသာတာပေါ့၊ နောက်တစ်ချက်က ကျုပ်မှာ အကြံအစည်တစ်ခု ရှိနေတယ်ဗျ၊ အဲဒီအကြံအစည်က ကျုပ်တစ်ယောက်တည်းနဲ့တော့လည်း မဆောင်ရွက်နိုင်ဘူး၊ ခင်ဗျားတို့လိုလူမျိုးတွေရဲ့ အကူအညီရမှ အောင်မြင်အောင်ဆောင်ရွက်နိုင်မှာဗျ၊ ဒါကြောင့် ခင်ဗျားတို့နဲ့ အခုလိုတွေ့ရတာကို ဝမ်းသာတယ်လို့ ပြောတာပေါ့"

"ဘယ်လိုကိစ္စမျိုးလဲ ဆရာကြီး၊ သိခွင့်ရှိရင် သိပါရစေ"

"သိရပါတယ်ဗျာ. . . ပြောပြရမှာပေါ့၊ ကျုပ်ကြံစည်ထားတဲ့ကိစ္စက တခြားတော့ မဟုတ်ဘူး. . ရှင်သူငယ် ဂမုန်း



www.burmeseclassic.com

www.burmeseclassic.com



သိုက်ထဲက ဆေးဘုရားနဲ့ ဆေးပုရပိုက်တွေကို ယူဖို့ အကြံအစည်ပါ"

ထိုစကားကြားသောအခါ ဆေးပညာနှင့် ပတ်သက်လာလျှင် ထူးထူးဆန်းဆန်းကိစ္စများကို ဝါသနာပါသော ဦးဇန်ကောင်းကလည်း များစွာစိတ်ဝင်စားသွားလေသည်။

"ရှင်သူငယ်ဂမုန်းသိုက်က ဘယ်မှာရှိတာလဲ ဆရာကြီး"

"စပ်ဖန္ဒယ်လုံတောင်တန်းကြီးရဲ့ အနောက်ဘက်. . တောင်ကိုးလုံးမှာ ရှိတယ်ဗျ။ အဲဒီဂမုန်းသိုက်ထဲက ဆေးဘုရားနဲ့ ဆေးပုရပိုက်တွေသာ ရခဲ့ရင်တော့ ကျုပ်ရဲ့ကိစ္စ ပြီးပါပြီ"

"ဒီအတွက်တော့ မပူပါနဲ့ ဆရာကြီး၊ ကျွန်တော်တို့နှစ်ယောက် ဆရာကြီးကိစ္စ အောင်မြင်ဖို့ အစွမ်းကုန်အကူအညီပေးပါ့မယ်"

ဟု အားတက်သရော ပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျုပ်ရဲ့ကိစ္စ အောင်မြင်ပြီးမြောက်ရင်လည်း ခင်ဗျားတို့အတွက်လည်း အကျိုးရှိရပါစေမယ်"

"ရပါတယ် ဆရာကြီး၊ ကျွန်တော်က ရှင်သူငယ်ဂမုန်းဆိုတာနဲ့တင် အတော်ကလေး စိတ်ဝင်စားနေတာပါ. .၊ ဘာကြောင့်လဲဆိုတော့ တလောကမှ ကျွန်တော် ရှင်သူငယ်ဂမုန်း ရခဲ့သေးတယ် ဆရာကြီး"

ဟု ရှင်သူငယ်ဂမုန်း ရခဲ့ပုံအကြောင်းများကို ပြန်ပြောပြ





လိုက်ပြီး ၎င်းဆေးလွယ်အိတ်အတွင်းမှ ရှင်သူငယ်ဂမုန်းဥကို ထုတ်ပြလိုက်လေသည်။

ဆရာကြီးဒီပက ရှင်သူငယ်ဂမုန်းဥကို လက်ပေါ်တင်ကာ အသေအချာ ကြည့်ရှုနေသည်။ အတန်ကြာအောင် ကြည့်ပြီးမှ မှတ်ချက်ချသည်။

"ခင်ဗျားလည်း အတော်အတန် ခရီးပေါက်နေတဲ့အဆင့်ကို ရောက်နေပြီ ဦးဇန်ကောင်း၊ ဒီလိုဂမုန်းပင်မျိုးဆိုတာ သိဒ္ဓိရှိတယ်၊ တော်ရုံအစွမ်းအစရှိရုံနဲ့ ရအောင်မယူနိုင်ဘူး၊ ရှင်သူငယ်ဂမုန်းမျိုးကို အခုလိုရအောင်ယူနိုင်မှတော့ ခင်ဗျားအဆင့်က မနိမ့်တော့ဘူး၊ ရှေ့ဆက်ပြီး ကြိုးစားမယ်ဆိုရင်. . သိဒ္ဓိပေါက်တဲ့အဆင့်မျိုး ရောက်တော့မှာ အသေအချာပဲ"

ဟု ပြောပြရာ ဦးဇန်ကောင်းမှာ များစွာကျေနပ်သွားဟန်ရှိလေသည်။

ထို့နောက်ဆရာကြီးက ဂမုန်းဥကို ပြန်ပေးသဖြင့် လွယ်အိတ်အတွင်းသို့ ပြန်ထည့်ထားလိုက်သည်။

"ဆရာကြီးနဲ့ ကြုံကြိုက်တုန်း မေးရဦးမယ်၊ ရှင်သူငယ်ဂမုန်းက ဘယ်နှစ်မျိုးလောက်ရှိသလဲ ဆရာကြီး"

"အင်း. . . အစစ်တစ်ခုမှာ အတုတွေကတော့ အများကြီး ဝန်းရံနေတာပေါ့၊ တချို့ကလည်း မသိကြတော့ ရှင်သူငယ်ဂမုန်းကို အမျိုးအစားအများကြီးရှိတယ်လို့ ထင်နေကြတယ်"

"မှန်ပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ရှင်သူငယ်အမျိုးအစားက သိပ်ပြီး များများမရှိပါဘူး၊ ရှင်သူငယ်ဂမုန်းအမျိုးတွေထဲမှာ ဂမုန်းရှင်ကုလား၊ ဂမုန်းရှင်ဝါကြား၊ ဂမုန်းရှင်စိမ်း၊ ဂမုန်းရှင်ဝါ၊ ဂမုန်းရှင်ကြီး၊ ဂမုန်းရှင်သူငယ်ငှက်ပျောနဲ့ ဂမုန်းရှင်သူငယ်ဆိုပြီး ခုနစ်မျိုးပဲ ရှိပါတယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ သူတို့က ပုံပန်းသဏ္ဍာန်ရော အတူတူပဲလား၊ မသိတဲ့လူတွေ ဗဟုသုတရအောင် နည်းနည်းလောက် ပြောပြပေးပါလား ဆရာကြီး"

ဦးဇန်ကောင်းစကားကြောင့် ဆရာကြီးက အောက်ပါ ဂမုန်းပင်များအကြောင်းကို အကျဉ်းချုပ် ပြောပြလေသည်။

➢ ဂမုန်းရှင်ကုလားဆိုသည်မှာ. . .

အများမြင်ဖူးတွေ့ဖူးသော တောင်စွန်ပင်၊ ဗုဒ္ဓသရဏံပင်တို့ နှစ်မျိုးစလုံးနှင့် ခပ်ဆင်ဆင်တူသည်။ အရွက်ရှည်၍ အဖျားချွန်သည်။ အပင်ကြောမာလျက် အရိုးရှည်သည်။ အရွက်အပေါ်မျက်နှာမှာ အစိမ်းရင့်ရောင်ဖြစ်ပြီး ကျောဘက်မှာ နီညိုစိမ်းနုရောင် ရှိသည်။ ၎င်းဂမုန်းမျိုးမှာ ဥမရှိဘဲ အပင်ခေါင်းမှ အတက်များထွက်၍ ပွားသည်။

➢ ဂမုန်းရှင်ဝါကြားဆိုသည်မှာ. . .

တောင်စွန်ရွက်ကဲ့သို့ အ ရွက်ဝိုင်း၍ အဖျားဘက်တွင် ချွန်ဝိုင်း၍ ငှက်ပျောရွက်ကဲ့သို့ အရွက်ကြောရှိပြီး စိမ်းဖန့်ဖန့်နှင့် အဝါအစိမ်းကြား ဖြစ်သည်။ အရွက်ကြောမျက်နှာတွင် အဝါ





ပြောက်များ ရှိသည်။ ဥမရှိဘဲ အပင်ခေါင်းမှ အတက်ထွက်ပြီး နေပူဒဏ်မခံနိုင်သည့် အပင်အမျိုးအစားမျိုးဖြစ်ကာ မိုးနှင့်ဆောင်းဦးရာသီများတွင် အပင်ပေါက်လေ့ရှိသည်။ အရွက်ပေါ်မှာ အဝါအစင်းကြားနှင့် အပြောက်အစက်များ ရှိသဖြင့် ဂမုန်းရှင်ဝါကြားဟု ခေါ်ကြသည်။

➢ ဂမုန်းရှင်စိမ်းဆိုသည်မှာ. . .

ဂမုန်းရှင်ဝါကြားနှင့် များစွာတူသည်။ ရိုးတန်ကြော အနီသန်း၍ အနက်ပြောက် ရှိသည်။ အရွက်ကြော စိမ်းသည်။ အရွက်ဖျား အချွန်ဘက်ကို များသည်။ ရွက်ရိုးပြားသည်။ ပင်စည်မရှိ၊ ဆင်မြီးကဲ့သို့ နှစ်ဖက်က ဖြာ၍ထွက်သည်။ ဥမရှိ၊ ခေါင်းမှ အပင်ပွားတတ်သည်။

➢ ဂမုန်းရှင်ဝါဆိုသည်မှာ. . .

ဘေးနှစ်ဘက်သို့ အရွက်များ ဖြာ၍ထွက်သည်။ ရိုးတန်စိမ်းရှည်၍ အပြောက်ငယ်များ ရှိသည်။ အရွက်အလျားရှည်၍ အဖျားချွန်သည်။ အရွက်ကြော ကျဲသည်။ အစိမ်းတွင် အဝါရောင်အများ နှောသည်။

➢ ဂမုန်းရှင်ကြီး(အနီ)ဆိုသည်မှာ. . .

နှစ်မျက်နှာဖက်သို့သာ အရွက်များ ဖြာထွက်တတ်သည်။ ပင်စည်မရှိ၊ ခေါင်းမှ အပင်များပွားသည်။ အရွက်ရိုးများစွာပွားသည်။ အနီတွင် အပြောက်ငယ်များ နှောသည်။

ငှက်ပျောရွက်နှင့် များစွာပုံသဏ္ဍာန်တူသည်။ အရွက်



www.burmeseclassic.com

www.burmeseclassic.com



ခြောနှိုမှာ အနီရောင် ရှိသည်။ အရွက်ကြောကြီးသည် အရွက်၏အတွင်းဘက်မျက်နှာတွင် အစိမ်းရောင်ပေါ်တွင် အနီကြောများ ထင်ရှားစွာပေါ်ထွက်လျက်ရှိ၏။

အစိမ်းရောင်ပေါ်တွင် အတွင်းကြောအနီများ ဖြာ၏။ အရွက်၏အကြောနှင့်မျက်နှာရှိ အရွက်ကိုင်း များစွာနီသည်။

အရွက်ဖျား ရှူး၍ ရွက်ဖျားညွှန့် ရှိသည်။

➢ ရှင်သူငယ် ငှက်ပျောဆိုသည်မှာ. . .

ရှင်သူငယ် ငှက်ပျောပင်သည် ငှက်ပျောပင်၏သဏ္ဍာန်ရှိသည်။ ပင်စည်ပင်လုံး နီသည်။ အရွက်ကိုင်းကြောနှင့် မျက်နှာတွင် နီရဲသောအရောင်ရှိသည်။ အရွက်ပုံသဏ္ဍာန် ငှက်ပျောရွက်ကဲ့သို့ရှိ၏။ အပင်စောက်သည်။ ခေါင်းမှ အပင်ပွားသည်။

➢ ဂမုန်းရှင်ငယ်ဆိုသည်မှာ. . .

ဂမုန်းရှင်သူငယ်ပင်သည် အရွက်သေးသည်။ တောင်စွန်ရွက်သဏ္ဍာန်ရှိ၏။ အဝါရောင်နှောလျက် အရွက်စင်းမှာ မစိတ်မကျဲဖြစ်၏။ ရိုးတန်ပွ၍ အဖြူရောင် ရှိသည်။ အရွက်စင်းမှာ အတွင်းအပြင် ညိုရောင်သန်းလျက် ၎င်းအမျိုးသည် (၂)ပေထက်ပို၍ ပင်စည်မရှည်ပေ။

အကျိုးအာနိသင်အားဖြင့်. . .

ဂမုန်းရှင်သူငယ်ကို စိုက်ပျိုးရာတွင် မြင့်မြတ်သောနေရာနှင့် သန့်ရှင်းသောမြေများမှာ စိုက်ပျိုးရသည်။

(၇)ရက်သားသမီးများထံမှ စေတနာအလျောက် ရရှိသော ရွှေစင္ငွေစကလေးများကို ပင်အောက်မှာ ခံ၍စိုက်သောအစဉ်အလာ ရှိနေကြသည်။ မည်သည့်ခေတ်မှ ဆင်းသက်လာခဲ့သည်ဟု အထောက်အထားရှာရာ မတွေ့ရ။ အကျိုးအားဖြင့် သိဒ္ဓိအမျိုးမျိုး ပြီးမြောက်ကြောင်း မှတ်သားရဖူးသည်။

ရှင်သူငယ် ငှက်ပျောတစ်ပင်၏သီးခိုင်တစ်ခိုင်တွင် အစွမ်းရှိသော အသီးတစ်လုံးပါ၏။

သို့ရာတွင် မည်သည့်အလုံးက စွမ်းကြောင်း ခွဲခြား၍ မရ။ ရရန်လည်း ခဲယဉ်း၏။

ရှေးခေတ် အဖြစ်အပျက်ကို ကြားဖူးသည်မှာ အဖူးမှ အသီးကလေးများ ထွက်ပြူလာသည်နှင့် တစ်ပြိုင်နက် ထိုအစွမ်းရှိသောအသီးကို တစ်နည်းနည်းဖြင့် တစ်ဦးဦးက လာရောက်ဆွတ်ခူးသွားတတ်သည်ဟု ဆို၏။

သို့ဖြစ်၍ အချို့သော ရှင်သူငယ်ငှက်ပျောပိုင်ရှင်တို့သည် အဖူးဖူးသည့်အခါ အခါမလပ်စောင့်လျက် တစ်လုံးထွက်လျှင်တစ်လုံး၊ တစ်ဖီးထွက်လျှင်တစ်ဖီး စားပစ်တတ်သောအလေ့အထ ရှိတတ်ပေသည်။

အထက်ပါ အကြောင်းအရာများမှာ ဆရာကြီးဒီပကပြောပြသည့် ဂမုန်းနှင့် ပတ်သက်သည့် အကြောင်းအရာအချို့ပင်ဖြစ်သည်။

"ဂမုန်းဆိုရင်တော့ ဘယ်ဂမုန်းပဲဖြစ်ဖြစ် တန်ခိုးသိဒ္ဓိရှိကြတာချည်းပါပဲ၊ လူအတော်များများကတော့ ဒီအကြောင်း




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



တွေကို မသိကြပါဘူး၊ ဒါကြောင့်လည်း သိဒ္ဓိရှိတဲ့ ဂမုန်းပင်တွေ တွေ့ခဲ့ရင်တောင် တော်ရုံနဲ့မသိကြဘဲ လွယ်လွယ်ကူကူနဲ့ စွန့်ပစ်ကြတာမျိုးတွေ ဖြစ်ကြတာပေါ့"

"မှန်ပါတယ် ဆရာကြီး၊ ဒါကြောင့်လည်း အစွမ်းထက်တဲ့ အာဟာရသိဒ္ဓိပြီးမြောက်တဲ့ ဂမုန်းနက်ထမင်းကို စားမိခဲ့ပြီးတာတောင် ပြန်အန်ထုတ်တာမျိုးတွေ ဖြစ်ခဲ့ကြရတာပဲ"

"ဒါပေါ့လေ. . . ဒါကြောင့်လည်း သိသူဖော်စား မသိသူကျော်သွားဆိုတဲ့ စကားမျိုးတွေ ပေါ်လာရတာပေါ့၊ ကျုပ်နဲ့လိုက်ရင်တော့ ခင်ဗျားတို့အတွက် အတွေ့အကြုံတွေ အများကြီးရကြမှာပါ၊ ခင်ဗျားတို့ကရော ကျုပ်နဲ့လိုက်ခဲ့ကြမှာ မဟုတ်လား"

ဟု မေးသည်။

"လိုက်ခဲ့ပါ့မယ် ဆရာကြီး၊ ဒီလိုအခွင့်အရေးမျိုးက တကူးတက လိုက်ရှာရင်တောင် တွေ့နိုင်ဖို့မလွယ်ပါဘူး၊ ကျွန်တော်တို့နှစ်ယောက်စလုံးကလည်း ဒီလိုသွားလာရတဲ့ကိစ္စမျိုးတွေကို ဝါသနာပါကြပါတယ်"

ဟု အားတက်သရောပြောရာ ဆရာကြီးဒီပက,က ခေါင်းတစ်ချက်ညိတ်ပြလေသည်။

"ဒါထက် ကျွန်တော်တို့ သွားနေတဲ့အချိန်မှာ ဟိုဝိညာဉ်မှားနေတဲ့ မိန်းကလေးနှစ်ယောက်ကိုရော ဘယ်လိုထားခဲ့မှာလဲ၊ ကျွန်တော်တို့မရှိတုန်း အခြေအနေတွေများ ဒီထက်ပိုပြီးဆိုးနေကြမှာလား"





"သူတို့အနေနဲ့ ဒီအခြေအနေထက်တော့ ပိုပြီးမဆိုးနိုင်တော့ဘူး၊ ကျုပ်တို့ အခုသွားမယ့်ခရီးကလည်း တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလိုပါပဲ၊ ကျုပ်တို့အတွက် ဆေးတော်ရလာတော့မှ အဲဒီဆေးတော်နဲ့ သူတို့ရောဂါတွေကို ကုပေးလို့ပျောက်မှာဆိုတော့ ကျုပ်တို့က ဆေးဘုရားနဲ့ ဆေးပုရပိုက်ကို မတွေ့တွေ့အောင် ရှာကြရလိမ့်မယ်"

"ဒီလိုဆိုရင်တော့ သွားကြရုံ ရှိတာပေါ့ ဆရာကြီးရယ်၊ ဒါထက် အဲဒီနေရာတွေကိုရော ဆရာကြီး သိထားပြီမဟုတ်လား"

"သိပါတယ်. . . ကျုပ်ဆီမှာ ဒီနယ်တစ်ကြောမှာရှိတဲ့ အမိကရ နေရာတွေနဲ့ ပတ်သက်ပြီး သိုက်စာအညွှန်းတွေ အစုံအလင် ရှိပါတယ်၊ အရင်က ကျုပ်တစ်ယောက်တည်းလည်း အဲဒီနေရာတွေကို ရောက်ခဲ့ဖူးပါတယ်၊ ဟိုနေရာရောက်ရင်တော့ ခင်ဗျားဆီမှာပါလာတဲ့ တောင်လုံးကျော်ဆေးမြစ်နဲ့ ရှင်သူငယ်ဂမုန်းကိုပါ အသုံးချရလိမ့်မယ်"

"ဆရာကြီး အလိုရှိသလိုသာ အသုံးချပါခင်ဗျား"

ထို့နောက်မှာတော့ ဆရာကြီးဒီပကက ခရီးထွက်ရမည့် အစီအစဉ်များကို အသေးစိတ် ပြောပြလေတော့သည်။

ထိုအကြောင်းများကို ပြောဆိုနေကြပြီး အတော်ကလေးညဉ့်နက်မှ အိပ်ရာဝင်ရန် ပြင်ဆင်လေသည်။

ဆရာကြီးနှင့် ဦးဖန်ကောင်းတို့က ဘုရားဝတ်ပြုရန် ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်နေကြရာ နီမောင်က မအိပ်ချင်သေးသောကြောင့် အိမ်အပြင်ဘက်သို့ ထွက်လာလေသည်။

အိမ်ရှေ့ဘက်မှာရှိသော တောင်ဇလပ်ပင်ကြီးခြေရင်းမှာ ပြုလုပ်ထားသည့် ခုံတန်းလျားပေါ်မှာ ထိုင်နေသော လူတစ်ယောက်၏ပုံသဏ္ဌာန်လိုလို တွေ့ရသည်။

အသေအချာ ကြည့်လိုက်တော့ ထိုင်နေသူမှာ အခြားသူမဟုတ်ဘဲ သူ့ချစ်သူ မြသင်းကြူ ဖြစ်နေသည်ကို တွေ့ရသဖြင့် အနီးသို့ လျှောက်သွားသည်။

သူ့ခြေသံကြားတော့ မြသင်းကြူက တစ်ချက်လှည့်ကြည့်သည်။

"ကိုနီမောင်ပါလား. . . မအိပ်ချင်သေးလို့ ထွက်လာတာလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မတို့ရွာမှာ နေရတာရော ပျော်ရဲ့လားဟင်၊ ကျွန်မကတော့ ရွာကို ပြန်ရောက်အောင် လိုက်ပို့ပေးတဲ့ ကိုနီမောင်ကို သိပ်ပြီးကျေးဇူးတင်ပါတယ်"

ဟု ပြောလေရာ နီမောင်က မြသင်းကြူကို ကြည့်ပြီး စိတ်မကောင်းလွန်းသောကြောင့် ဘာမှ ပြန်မပြောနိုင်ဘဲ ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်လေသည်။

"ဒါထက် ကိုနီမောင်ကို မေးရဦးမယ်၊ ဟိုရွာက ကျွန်မနဲ့ ရုပ်ဆင်တူတဲ့ မြသင်းကြူဆိုတဲ့ မိန်းကလေးက ကိုနီမောင်ရဲ့





ချစ်သူလားဟင်"

"ဟုတ်ပါတယ်"

"ကိုနီမောင် ကံကောင်းတာပေါ့နော်၊ ကိုနီမောင်တို့နှစ်ယောက်က ရှေ့သွားနောက်လိုက် ညီကြပါတယ်၊ နောက်ပြီး. . ကျွန်မကြည့်ရတာ သူက ကိုနီမောင်အပေါ် အတော်လေး သံယောဇဉ်ရှိပုံရပါတယ်"

ဟု ပြောနေသော်လည်း နီမောင်ကတော့ မြသင်းကြူကိုသာ စိုက်ကြည့်နေလေသည်။

"ကိုနီမောင်ကလည်း ကျွန်မကိုချည်း စိုက်ကြည့်နေတော့တာပဲ၊ ဘာဖြစ်လို့ ဒီလောက်ကြည့်နေရတာလဲ. . . မနေတတ်တော့ပါဘူး၊ ကျွန်မ သွားတော့မယ်နော်၊ မြသင်းကြူနဲ့ တွေ့ရင် လွှတ်ပေးလိုက်မယ်"

မြသင်းကြူက ရှက်ကိုးရှက်ကန်းအမူအရာဖြင့် နေရာမှ ထသွားလေသည်။

နီမောင်ကတော့ ချစ်သူနှင့် တွေ့ရပါသော်လည်း ချစ်ရေးမပိုင်သောအဖြစ်မျိုးနှင့် ကြုံတွေ့နေရသောကြောင့် သက်ပြင်းချရုံမှတစ်ပါး အခြားမတတ်နိုင်တော့ပေ။

မြသင်းကြူက ပြောလိုက်၍လား မသိပေ။ အတန်ကြာသော် သူရှိရာသို့ မြနှင်းဖြူ ရောက်လာလေသည်။ သူမသည် အိပ်နေရာမှ ထလာဟန်ဖြင့် ကပိုကရိုနှင့် လှနေလေသည်။

ခုံတန်းလျားပေါ်မှာ နီမောင်ထိုင်နေသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အနီးမှာ ဝင်ထိုင်လိုက်လေသည်။

သူမကတော့ ချစ်သူတစ်ယောက်အနေဖြင့် ရဲရဲတင်းတင်း ဝင်ထိုင်သော်လည်း နီမောင်အနေကတော့ သူနှင့်ဘာမှမပတ်သက်သော မိန်းကလေးမှန်း စိတ်ထဲမှ သိနေသောကြောင့် ကတုန်ကယင် ဖြစ်နေတော့သည်။

ထသွားရကောင်းနိုးနိုး၊ ဆက်ထိုင်နေရကောင်းနိုးနိုးဖြင့် ချီတုံချတုံဖြစ်နေတော့သည်။

"နီမောင်"

"ဟင်. ."

"နင်နဲ့ အခုလိုတွေ့ရတာ ကောင်းတယ်. . ၊ ငါ နင့်ကို မေးစရာတွေ ရှိတယ်"

"ဘာမေးမှာလဲဟင်"

"နင့်စိတ်တွေ အရင်ကလို မဟုတ်တော့ဘူး၊ ငါ့အပေါ်မှာ အရင်ကလို မချစ်တော့ဘူး မဟုတ်လား"

"ချစ်ပါတယ် မြသင်းကြူရယ်၊ ဘာဖြစ်လို့ မေးတာလဲဟင်"

"ဒါပေမယ့် ငါနဲ့ တွေ့တဲ့အခါ ဘာဖြစ်လို့ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေရတာလဲ"

"မဟုတ်ပါဘူး မြသင်းကြူရယ်"

"အခုဆိုရင် ငါ့မိဘတွေကလည်း ငါတို့နှစ်ယောက်အကြောင်းကို သိသွားပြီးလို့ ခွင့်ပေးထားပြီးပြီ ငါအကဲခတ်ကြည့်





ရတာ နင် မြနှင်းဖြူဆိုတဲ့ အမျိုးသမီးကို စိတ်ဝင်စားနေသလိုပဲ"

"မဟုတ်ပါဘူး မြသင်းကြူရယ်၊ ငါ ဒီလို သစ္စာမဲ့တဲ့လူမျိုး မဟုတ်ပါဘူး"

"နင် ငါ့အပေါ်မှာ အရင်ကလို တကယ်ချစ်သေးတယ် နော်"

"ချစ်. . ချစ်ပါတယ်. . မြ. . မြသင်းကြူရယ်"

ထိုသို့ပြောနေစဉ်မှာ မြနှင်းဖြူက သူ့ဖက်သို့ တိုးလာပြီး သူ့လက်မောင်းတစ်ဖက်ကို ဖက်တွယ်ထားရာ နီမောင်ခမျာ ရှုန်းရအခက် ဖယ်ရအခက်နှင့် ဒုက္ခတွေ့လေတော့သည်။

သူ ဘယ်လိုလုပ်ရမလဲ။

အတင်းထသွားပြန်ရင်လည်း သူ့အပေါ်မှာ အထင်အလွဲကြီး လွဲသွားပေတော့မည်။

ဟန်မပျက် ဆက်ထိုင်နေပြန်လျှင်လည်း စိတ်နှင့်လူနှင့်ပုံမှန်မဟုတ်သေးသော အမျိုးသမီးတစ်ယောက်အပေါ် အခွင့်အရေးယူသကဲ့သို့ ဖြစ်တော့မည်။

မြနှင်းဖြူကတော့ သူ့လက်မောင်းတစ်ဖက်ကို ဖက်ထားကာ စကားများ တတွတ်တွတ် ပြောနေလေရာ နီမောင်အနေနှင့် အလိုက်သင့်ပင် နေပေးရတော့သည်။

သူ ပခုံးလေးတစ်ဖက်ကို အသာဖက်ကာ ဟန်မပျက် စကားပြန်ပြောနေရလေသည်။

"နီမောင်. . . ငါတို့ ဒီရွာက ပြန်သွားလို့ ရွာပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ မိဘတွေကို ဖွင့်ပြောပြီး ငါတို့နှစ်ယောက် လက်ထပ်ကြရင် မကောင်းဘူးလားဟင်”

“ကောင်းတာပေါ့ မြသင်းကြူရယ်”

“ဒီစကားမျိုးကို မိန်းကလေးက စပြောနေရအောင် နင်က အခုထိ မတွေးထားသေးဘူး မဟုတ်လား”

“မဟုတ်ပါဘူး. . . ငါ နင်နဲ့ လက်ထပ်ဖို့ ပိုက်ဆံစုနေလို့ပါ”

“အို. . . ဒါတွေ မလိုပါဘူး၊ စိတ်ချမ်းသာမယ်ဆိုရင် ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်ဖြစ် ငါနေနိုင်ပါတယ်”

ဟု ပြောကာ ရင်ခွင်ထဲသို့ တိုးဝင်လာလေတော့သည်။ နီမောင်အနေနှင့် ချစ်သူမဟုတ်သော ချစ်သူ၏ကိုယ်ကလေးကို ထွေးဖက်ထားရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်ရှာတော့ပါချေ။







# အခန်း (၁၂)

# တောနက်အတွင်းမှ ဂမုန်းစားဘီလူး

မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်မြေဒေသများတွင် မြင့်မားသော တောင်တန်းကြီးများက တံတိုင်းကြီးများသဖွယ် ကာရံထားလေသည်။

မြောက်ဘက်မှ တောင်ဘက်သို့ဆင်းသွားသော တောင်တန်းကြီးများမှာ နာဂတောင်တန်း၊ ချင်းတောင်တန်း၊ ရခိုင်ရိုးမ၊ အနောက်ရိုးမတောင်တန်းဟူ၍ နာမည်အမျိုးမျိုးဖြင့် ကျော်ကြား

www.burmeseclassic.com



လှသော တောင်တန်းကြီးများမှာ မြန်မာနိုင်ငံတောင် ဘက်စွန်း ဒေသတွင်ရှိသော နဂါးရာဇ်အငူတွင် တောင်နှာမောင်းဆင်းကာ အဆုံးသတ်သွားလေတော့သည်။

တကယ်တော့ ထိုတောင်တန်းကြီးများမှာ ဖြတ်သန်း သွားသော အရပ်ဒေသများကို အစွဲပြုပြီး အမည်နာမအမျိုးမျိုး ကွဲပြားသွားသော်လည်း အားလုံးကိုတော့ အနောက်ရိုးမတောင် တန်းကြီးများဟုသာ ခေါ်ဝေါ်ကြလေသည်။

ထိုတောင်တန်းကြီးများထဲမှာ စပ်ဖန္ဒယ်လုံ တောင်တန်း ကြီးများလည်း ပါဝင်လေသည်။

စပ်ဖန္ဒယ်လုံတောင်တန်းကြီးများမှာ မြန်မာနိုင်ငံ အ နောက်ဘက် နယ်နိမိတ်တွင် တံတိုင်းကြီးများသဖွယ် ကာရံထား လေသည်။

ထိုနေရာမှာ တောင်တန်းကြီးများက မြင့်မားသည်က တစ်ကြောင်း၊ တောနက်ကြီးများချည်း လွှမ်းခြုံထားသည်က တစ်ကြောင်း အစဉ်အမြဲ နေထိုင်ကြသူများ မရှိကြပေ။ ရှေးအခါ ကတော့ ထိုတောင်တန်းများပေါ်မှာ နာဂတိုင်းရင်းသားများ၊ ချင်းတိုင်းရင်းသားများသာ နေထိုင်ကြပြီး အခြားသူများကတော့ နေထိုင်မှု မရှိကြပေ။

ထိုတောင်တန်းကြီးများ၊ တောနက်ကြီးများထဲမှာ တန် ဖိုးရှိသော သယံဇာတပစ္စည်းများ၊ တောရိုင်းတိရစ္ဆာန်များ ပေါ များနေသည်။





ရှားပါးသော သစ်ခွပန်းများ၊ ဂမုန်းပင်များနှင့် အခြား ဆေးဖက်ဝင်သော အပင်မျိုးပေါင်းများစွာတို့ ရှိကြလေသည်။

ထို့ပြင် ထူးခြားဆန်းကြယ်သောနေရာများလည်းအများ အပြား ရှိကြလေသည်။

ထိုနေရာများသို့ ဂမုန်းနှင့်ဆေးမြစ်၊ ဆေးဉ၊ ဆေးပင် ရှာဖွေသူတို့ တက်ရောက်ရှာဖွေသည်လည်း ရှိပေသည်။ ယခု လည်း စပ်ဖန္ဒယ်လုံတောင်တန်းကြီးပေါ်သို့ လွယ်အိတ်ကိုယ်စီ လွယ်ထားသော လူသုံးယောက်တို့ တက်လာကြလေသည်။

ဆရာကြီးဒီပက၊ ဦးဗန်ကောင်းနှင့် နီမောင်တို့သုံး ယောက်ပင် ဖြစ်ပေသည်။

၎င်းတို့သုံးယောက် ခရီးထွက်ကြမည်ဆိုသောအခါ ရွာခံ များဖြစ်သော ဦးစိုင်းလုံတို့မိသားစုများက လိုအပ်သောပစ္စည်း များ ထည့်ပေးလိုက်ကြလေသည်။

ဆရာကြီးထံမှာ ခရီးစဉ်လမ်းညွှန်ပေစာများ ပါလာ သောကြောင့် ထိုခရီးစဉ်များအတိုင်းလိုက်ပြီး ခရီးဆက်ခဲ့ကြခြင်း ဖြစ်သည်။

"ဟိုမှာ မြင်ရတဲ့တောင်ဟာ ကျုပ်တို့ ပထမဆုံး ကျော် ဖြတ်ရမယ့် ပထမဆုံးတောင်ပဲ၊ သူက ရှင်သူငယ်ဂမုန်းသိုက်ရှိတဲ့ တောင်ကိုးလုံးရဲ့ပထမဆုံးတောင်ပါပဲ"

ဆရာကြီးဒီပက,က ၎င်းတို့ ရောက်နေသောနေရာမှ အနောက်ဘက်တွင် လှမ်းမြင်နေရသည့် တောင်တစ်လုံးရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြလေသည်။

သူတို့ရောက်နေသောနေရာမှ လှမ်းမြင်နေရသော တောင်ရှိရာသို့ သွားရာလမ်းတွင် ချောက်တစ်ခုနှင့် တောင်ကုန်း အချို့ကို ကျော်ဖြတ်သွားကြရပေသည်။

၎င်းတို့သည် ခရီးဆက်လိုက်၊ မောလျှင် နားလိုက်၊ ပါလာသော အစားအသောက်များ စားလိုက်နှင့် ခရီးဆက်ကြသည်။ ထူးခြားသောအချက်များမှာ ယခုကဲ့သို့ ခရီးပြင်းများ သွားကြရသော်လည်း ခါတိုင်းကဲ့သို့ သိပ်မမောမပန်းဘဲ ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် ခရီးမထွက်ခင်အချိန်မှာပင် ဆရာကြီးဒီပက,က နီမောင်တို့နှစ်ယောက်ကို သိဒ္ဓိပြာဆေး တစ်ခွက်စီ တိုက်ထားသောကြောင့်ပင်ဖြစ်သည်။

ထိုဆေးတန်ခိုးကြောင့် သူ့လိုလူငယ်တစ်ယောက် မဆိုထားနှင့်၊ ဦးဇန်ကောင်းနှင့် ဆရာကြီးတို့ကဲ့သို့ အသက်ကြီးသော သူများပင် လုံးဝမောပန်းခြင်းမရှိဘဲ စကားတပြောပြောနှင့် သွားလာနိုင်ကြလေသည်။

တောင်ကြောတစ်ခုပေါ်သို့ ရောက်သောအခါ ဆရာကြီးက ပြောသည်။

"မောင်နီမောင်. . . ဟိုမှာ အောက်ဘက်ကို ဆင်းသွားတဲ့ လျှိုလမ်းလေးတစ်ခု တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာကြီး"

"အဲ့ဒီလမ်းအတိုင်း ဆင်းသွားရင် အောက်မှာရှိတဲ့ လျှိုထဲကို ရောက်သွားလိမ့်မယ်၊ အဲဒီမှာ ကျောက်လက်ဝါးကြီးက ရေတွေကျနေတာ တွေ့ရလိမ့်မယ်. . ၊ အဲမောပြေ သောက်ရအောင် အဲ့ဒီနေရာကို သွားခပ်ယူလာခဲ့ပါကွယ်"

"ကောင်းပါပြီ ဆရာကြီး"

နီမောင်က ဓားတစ်လက်နှင့် ရေထည့်ရန် ဝါးကျည်တောင့်တစ်ခုကိုယူပြီး ဆရာကြီး ညွှန်ပြသောလမ်းအတိုင်း အောက်ဘက်သို့ ဆင်းသွားလေသည်။

တောင်ကြားလမ်း ဆုံးသောအခါ လျှိုတစ်ခုအတွင်းသို့ ရောက်သွားလေသည်။

လျှိုမှာ သိပ်မကျယ်လှဘဲ လူနှစ်ယောက်သုံးယောက် သွားသာရုံလောက်သာ ရှိသည်။

ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်သားနံရံကြီးများ သာရှိသဖြင့် အတွင်းမှာ အေးစိမ့်နေသည်။

ထိုနေရာရောက်ပြီး နားစွင့်ကြည့်လိုက်သောအခါ တစ်နေရာမှ ရေကျနေသံများကို ကြားရသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

ရေကျနေသောနေရာမှာ အခြားမဟုတ်ပေ။ ကျောက်နံရံမှ အပြင်သို့ ထိုးထွက်နေသော ကျောက်စွန်းတစ်ခုက. . ကျောက်လက်ဝါးကြီးကဲ့သို့ ဖြစ်နေသည်။ လက်ပက်လက်အနေအထားမျိုးဖြစ်ပြီး လက်ဝါးပေါ်မှ ရေများစီးကျနေခြင်းဖြစ်သည်။

နီမောင်က လူလက်နှင့်တူလှသော ကျောက်လက်ဝါး





www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တအံ့တသြဖြင့် ကြည့်နေပြီးမှ လက်ဝါးပြင်ပေါ်မှ တစ်ဆင့်စီးကျနေသည့်ရေများကို ဝါးကျည်တောက်ဖြင့် ခံယူကာ အပေါ်သို့ ပြန်တက်လာသည်။

ထိုနေရာတွင် ကျောက်လက်ဝါးကြီး ရှိနေသည်ကိုပင် သိနေသည့် ဆရာကြီးဒီပမှာ ထိုနေရာများတွင် အခေါက်ခေါက်အခါခါ သွားလာခဲ့ဖူးကြောင်း ခန့်မှန်းနိုင်ပေသည်။

ထိုရေကိုသောက်၍ အမောဖြေပြီးနောက် တစ်ဖန် ခရီးဆက်ကြပြန်လေသည်။

တစ်တောင်ကျော် တစ်တောင်တက်လိုက်နှင့် ခရီးဆက်ခဲ့ကြရာ နောက်ဆုံး ညနေပိုင်းအချိန်လောက်တွင် တောင်ကိုးလုံး၏ပထမဆုံးတောင်ရှိရာသို့ ရောက်သွားကြလေသည်။

ထိုတောင်ထိပ်မှ ကြည့်သောအခါ ထိုနေရာတစ်ဝိုက်မှာ အရွယ်အစား မတိမ်းမယိမ်းဖြင့် ရှိနေကြသော အခြားတောင်များကို လှမ်းမြင်ရသည်။

သူတို့ရောက်နေသော တောင်အပါအဝင် တောင်ကိုးလုံး ရှိလေသည်။

"ကျုပ်တို့ သွားရမယ့်နေရာ မဝေးတော့ဘူး၊ ဒါကြောင့် ဒီနေရာကစပြီး သတိဝီရိယ ထားရတော့မယ်"

"ဘာကြောင့်လဲ ဆရာကြီး"

"အန္တောင့်အယှက် အဖျက်အဆီးတွေ ရောက်လာကြတော့မှာပေါ့လေ၊ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး၊ ဒါပေ





မယ့် နေမဝင်ခင် ကျုပ်တို့နားရမယ့် ကျောက်ဂူတစ်ခုကို ရှာဖွေကြရမယ်၊ ဒီတောင်မှာ အထက်လမ်းပညာလိုက်တဲ့ ဆရာကြီးတွေ ခရီးသွားတဲ့အခါ ဝင်ရောက်နားဖို့လုပ်ထားတဲ့ ကျောက်ဂူတစ်ခုရှိတယ်၊ အဲဒီကျောက်ဂူကို တွေ့အောင်ရှာပြီးမှ စခန်းချရမယ်"

"တခြားဂူတွေမှာ စခန်းချရင်ကော မရဘူးလား ဆရာကြီး"

"သာမန်လူတွေအတွက်ကတော့. . ဘယ်နေရာမှာပဲ စခန်းချချ အရေးမကြီးပါဘူး၊ ကျုပ်တို့လို ပညာရပ်နဲ့ ပတ်သက်ပြီး ခရီးသွားလာကြတဲ့လူတွေကတော့ အဲဒီလို မရဘူးဗျ၊ အကာအကွယ် မရှိတဲ့နေရာမှာ စခန်းချရင် အန္တောင့်အယှက်တွေက တစ်ခုပြီးတစ်ခု လာပြီးနှောင့်ယှက်နေကြလို့ အေးအေးနေကြရမှာ မဟုတ်ဘူး၊ ဒါကြောင့် ရှေးဆရာကြီးတွေ အစီအမံ ပြုလုပ်ထားတဲ့နေရာမျိုးမှာနေမှသာ အန္တရာယ်ကင်းမှာဗျ"

ဟု ပြောပြမှ သဘောပေါက်သွားကြသည်။

"အင်း. . . ဆရာကြီးပြောမှပဲ သတိပြုမိတော့တယ်၊ ဒီတောင်က တခြားတောင်တွေနဲ့ မတူတာတော့ အမှန်ပဲ၊ စိတ်ထဲမှာ တစ်မျိုးပဲ"

"ကျုပ်တို့ကိုတော့ ဘာမှမလုပ်နိုင်ကြပါဘူး၊ ဒါပေမယ့် သတိတော့ ထားကြဗျ၊ ဒီတောင်မှာ ဂမုန်းစားဘီလူးတွေ ရှိကြတယ်၊ သူတို့စက်ကွင်းထဲ မဝင်မိဖို့တော့ အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် နီမောင်မှာ ကျောတွန့်သွားသည်။ အနီးပတ်ဝန်းကျင်မှာ ရှိနေသောအရာများကိုပင် စိတ်မချသော အကြည့်မျိုးဖြင့် လိုက်လံကြည့်နေသည်။

"ဂူက ဘယ်နေရာမှာ ရှိတာလဲ ဆရာကြီး"

"တောင်ခြေဘက်မှာ ရှိလိမ့်မယ်၊ လာဗျို့ အချိန်ရှိတုန်း ကျုပ်တို့ လျှိုထဲဆင်းကြရအောင်"

ဟု ပြောပြီး တောင်ကြောပေါ်မှ လျှိုအတွင်းသို့ ဆင်းကြရပြန်လေသည်။

လမ်းတစ်လျှောက်လုံးမှာ ထူးခြားသော ဂမုန်းပန်းရနံ့များကို ရနေသည်။

အောက်ခြေသို့ ရောက်သောအခါ ထိုရနံ့များက ပိုရလာလေသည်။ ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြရာ တစ်နေရာတွင် ကျောက်နံရံတွင် သစ်ပင်ချုံနွယ်များ ပိတ်နေသော်လည်း အောက်ဘက်တွင် အတန်အသင့် ရှင်းနေသည်ကို တွေ့ကြရသည်။

"ဒီနေရာပဲ ဖြစ်မယ်၊ မောင်နီမောင် . . . အပြင်မှာ ပိတ်နေတဲ့ချုံနွယ်တွေကို ဓားနဲ့ ရှင်းကြည့်ပါ"

ဟု ပြောသဖြင့် နီမောင်က ကိုင်းကျနေသောချုံနွယ်များကို ဓားဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်ရာ အတန်ကြာတော့ နောက်ဘက်မှာ ရှိနေသည့် ဂူပေါက်ဝကို တွေ့ရလေသည်။

"ဂူပေါက်ဝ တွေ့ပြီ ဆရာကြီး"





အပြင်ဘက်မှာ ပိတ်နေသည့်ချုံနွယ်များ ရှင်းသွားသောအခါမှ ကျောက်ဂူမှာ အတော်အတန် ကျယ်ဝန်းသည်ကို တွေ့ကြရသည်။

"အချိန်သိပ်မရှိတော့ဘူး . . . အချိန်မီ ဒီဂူကို ရှာတွေ့တာ ကျုပ်တို့အတွက် အတော်ကလေး ကံကောင်းတာပဲ၊ အထဲကို မြန်မြန်ဝင်ကြ"

ဂူပေါက်ဝရောက်နေတော့မှ ဘာကြောင့် မြန်မြန်ဝင်ရမည်ကို သဘောမပေါက်ကြသော်လည်း ဆရာကြီး ပြောသည့်အတိုင်းပင် ဂူအတွင်းသို့ ဝင်လိုက်ကြသည်။

ဂူ၏အတွင်းပိုင်းမှာ အတော်ကလေး ကျယ်ဝန်းပြီး ရှေးကလူများက ထိုဂူအတွင်းမှာနေနိုင်ရန် အသေအချာ ပြုပြင်စီမံခဲ့ဟန်လည်း ရှိသည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။ သုံးယောက်သား ဂူအတွင်းရောက်ပြီး သိပ်မကြာခင်မှာပင် အပြင်ဘက်မှ လေပြင်းတိုက်ခတ်သောအသံမျိုး ကြားလာရသည်။ တအံ့တသြဖြင့် ကြည့်နေသည့်အချိန်မှာပင် ဂူပေါက်ဝရှေ့မှ ဝိုးခနဲ ဖြတ်သွားသော မီးလုံးကဲ့သို့ နီနီရဲရဲအလုံးကြီးများကို လှမ်းမြင်ရသည်။

"အင်း. . . ကျုပ်တို့ ဒီဂူပေါက်ကို အချိန်မီတွေ့တာ အတော်ကလေး ကံကောင်းတယ်၊ အပြင်ဘက်မှာ ရှိနေရင် မလွယ်လှဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာတွေလဲ ဆရာကြီး"

"ဂမုန်းစားဘီလူးတွေ ထွက်လာကြတာလေ"

ထိုသို့ပြောနေစဉ်မှာပင် ဂူပေါက်ဝမှ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားသော မီးလုံးကဲ့သို့ နီနီအလုံးကြီးများကို အဆက်မပြတ် တွေ့ကြရသည်။

အချို့မီးလုံးကြီးများမှာ အတော်ကြီးပြီး ဂူပေါက်ဝအထိ ရောက်လာကြသည်။

သို့သော် ဂူအတွင်းသို့တော့ ဝင်မလာကြပေ။ ထိုသို့ရှိနေရာ ညဉ့်ဦးပိုင်းအချိန်ထိ ဖြစ်လေသည်။ ၎င်းတို့သုံးယောက်မှာလည်း ပါလာသော ရေနှင့်အစားအသောက်များ စားသောက်ပြီးနောက် ဦးဇန်ကောင်းနှင့် ဆရာကြီးတို့က ပုတီးစိပ်နေကြစဉ် နီမောင်ကတော့ အခြေအနေကို ထိုင်ကြည့်နေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ သူတို့ရောက်နေသည့် တောင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်ကို သတိပြုမိလိုက်သည်။

'တဟီးဟီး'နှင့် တောင်ဟည်းသံများကို နေရာအနှံ့အပြားမှ ကြားလာရသည်။

နီမောင်စိတ်ထဲမှာ ရုတ်တရက် ကျောက်ဂူကြီးများ ပြိုကျလာလေမလားဟု စိုးရိမ်နေမိသည်။

ဆရာကြီးနှင့်ဦးဇန်ကောင်းတို့ကတော့ ထိုအခြေအနေများကို ဂရုမစိုက်ကြဘဲ ပုတီးစိပ်ပင် မပျက်ကြပေ။ တစ်ညလုံး





ဆူညံနေသောအသံများမှာ အာရုဏ်တက်ချိန် ရောက်တော့မှ ပြန်ငြိမ်သွားကြလေသည်။

နံနက်လင်းသောအခါမှ နီမောင်က မေးသည်။

"ညက တောင်ပေါ်မှာ တဝုန်းဝုန်းနဲ့ ဆူညံနေတာပဲ၊ ဘာတွေဖြစ်နေတာလဲ မသိဘူး"

"ဂမုန်းစားဘီလူးတွေနဲ့ ဂမုန်းတွေနဲ့ တိုက်ခိုက်နေတဲ့ အသံတွေပေါ့ကွယ်"

"ဒီတော့ ဘယ်သူက နိုင်သလဲ ဆရာကြီး"

"တန်ခိုးသိဒ္ဓိရှိတဲ့ဂမုန်းက နိုင်ရင်တော့ ဂမုန်းစားဘီလူးတွေ ထွက်ပြေးရတာပေါ့၊ သူတို့ရှုံးရင်တော့ ဂမုန်းဘီလူးတွေရဲ့ အစားခံရတာပေါ့၊ ဒီအချိန်မျိုးမှာ ငါတို့အလိုရှိတဲ့ဂမုန်းတွေ ရနိုင်တယ်၊ တောင်ပေါ် ပြန်တက်ကြစို့ရဲ့"

ဟု ပြောကာ သုံးယောက်သား တောင်ပေါ်သို့ ပြန်တက်ကြလေသည်။

တောင်ပေါ်သို့ ပြန်ရောက်သောအခါ ဆရာကြီးက ဦးဇန်ကောင်းထံမှ တောင်လုံးကျော်ဆေးမြစ်ကို တောင်းယူပြီး ဂါထာမန္တန်ရွတ်၍ အသက်သွင်းလိုက်ရာ. . . အသက်ဝင်ကာ ဖော်ဂျီကဲ့သို့ ပျံထွက်သွားလေသည်။

ထိုသို့ထွက်သွားပြီး အတန်ကြာသည်အထိ အသံမကြားရဘဲ တိတ်ဆိတ်နေသည်။

အတန်ကြာသောအခါမှ တစ်နေရာမှ ဟောက်သံတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာသည်။

"ဒီဘက်မှာဟေ့. . . ဒီဘက်မှာရှိတယ်"

ထိုအသံကြားရတော့မှ အသံကြားရာသို့ သွားကြလေသည်။ တစ်နေရာရောက်သောအခါ အခြားအပင်များနှင့် မရောဘဲ သီးခြားရှိနေသည့် ဂမုန်းတစ်ပင်ကို တွေ့ကြရသည်။

ထိုနေရာမှာ ဆရာကြီး လွှတ်လိုက်သည့် တောင်လုံးကျော် ဆေးမြစ်ကို ပြန်တွေ့ရသည်။

ဆရာကြီးက ထိုဆေးမြစ်ကို ပြန်ကောက်ယူကာ ဦးဇန်ကောင်းအား ပြန်ပေးလိုက်လေသည်။

ပြီးမှ မြေပေါ်မှာပေါက်နေသော ဂမုန်းပင်ကို ဂရုတစိုက် တူးယူလိုက်သည်။

ဂမုန်းပင်၏ပုံသဏ္ဌာန်မှာ သရက်ကင်းအရိုင်းပင်နှင့် တူပြီး အောက်ဘက်မှာ အစွယ်တူ ဥသုံးခု ပါလာလေသည်။

"ညက မောင်နီမောင် ကြားရတဲ့အသံတွေက ဒီဂမုန်းပင်နဲ့ ဂမုန်းစားဘီလူးတွေ တိုက်ခိုက်ကြတဲ့အသံတွေ ဖြစ်နိုင်တယ်၊ ဒီဂမုန်းက ဂမုန်းမင်းလို့ ခေါ်တယ်၊ ဒီဂမုန်းဥကို ဆောင်ထားရင် အခြားဂမုန်းတွေရဲ့အန္တရာယ်က မထိနိုင်တော့ဘူး"

ဟု ဦးဇန်ကောင်းနှင့်နီမောင်တို့နှစ်ယောက်ကို ဂမုန်းဥတစ်ဥစီ ပေးလေသည်။

နီမောင်က ဂမုန်းဥကို အသေအချာ ကြည့်သောအခါ သူတို့တွေ မြင်ဖူးသော သရက်ကင်းဥနှင့် များစွာတူလေသည်။





ဆရာကြီးဒီပင်္ကရက ပြောသည်။

"ကျုပ်တို့ ခရီးဆက်ကြရလိမ့်မယ်၊ လမ်းတစ်လျှောက်မှာလည်း ထူးဆန်းတဲ့ဂမုန်းပင်တွေ အများကြီးတွေ့ကြရလိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့လာတာ ဂမုန်းရှာဖို့လာတာ မဟုတ်တဲ့အတွက် ဂမုန်းပင်တွေ တွေ့ရင်လည်း လက်ဖျားနဲ့တောင် မထိကြပါနဲ့"

ဟု ပြောသည်။

"ဘယ်လိုကြောင့်လဲ ဆရာကြီး"

"သစ္စာတည်ရတဲ့သဘောပေါ့ဗျာ. . . ကျုပ်တို့က ဂမုန်းပင် ရှာဖို့လာတယ်ဆိုရင်. . ဂမုန်းပင်တွေက ဒီလိုအတွေ့ခံမှာမဟုတ်ဘူး၊ ကျုပ်တို့က ဂမုန်းရှာတာ မဟုတ်မှန်း သိလို့ သူတို့က တွယ်တော့ဘဲ အခုလို တွေ့ရတာဗျ"

"သဘောပေါက်ပါပြီ ဆရာကြီး၊ ကျွန်တော်တို့ ဆရာကြီး မသိဘဲ. . ဘာမှ မလုပ်ပါဘူးလို့ ကတိပေးပါတယ်"

ဟုပြောကာ ထိုနေရာမှ ခရီးဆက်ခဲ့ကြလေသည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

# ကျောက်ပလ္လင်ပေါ်မှ သိုက်ဝင် ရှင်သူငယ်ဂမုန်း

ဆရာကြီးဒီပကမှ ကြိုတင်မှာကြားထားသဖြင့်သာ ဆောက်ရော့သည်။

သူတို့သွားရာလမ်းတစ်လျှောက်လုံးမှာ တကူးတက သိုက်ရှာလျှင်တောင် မတွေ့နိုင်သော ဂမုန်းပင်အတော်များများကို တွေ့ကြရသည်။

အချို့ဂမုန်းမျိုးများမှာ ထူးထူးဆန်းဆန်း ရှိလှသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူတို့တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသော ဂမုန်းမျိုး များပင် တွေ့ကြရလေသည်။

အချို့နေရာတွင် မြွေဟောက်ဂမုန်းများမှာ တစ်နေရာတည်း စုဝေးပေါက်နေသောကြောင့် လူများ အနားသို့ရောက်လာသောအခါ တရှုးရှုးနှင့် အသံများပေးကြရာ မြွေဟောက်နှာမှုတ်သံများနှင့် တူလှပြီး တောတစ်တောလုံး ဆူညံနေတော့သည်။

မြွေဟောက်ဂမုန်းများမှာ လူများ အနီးသို့ ရောက်လာသောအခါ ပါးပျဉ်းထောင်ထလာသကဲ့သို့ ရှိကာ တရှုးရှုးနှင့် ဖြစ်နေကြသည်။

အချို့မှာ အသက်ဝင်နေသကဲ့သို့ တလှုပ်လှုပ်နှင့် ဖြစ်နေပြီး လူသွားရာသို့ လိုက်ကြည့်နေကြလေသည်။

"ကျုပ်တို့မှ ဂမုန်းမင်းဥ ပါလာမှတော့ သူတို့ ကျုပ်တို့ကို အန္တရာယ် မပေးနိုင်တော့ပါဘူး"

ဆရာကြီးက ပြောသည်။

ပြောသည့်အတိုင်းပင်. . သူတို့ အနီးရောက်လာသည်နှင့် ပါးပျဉ်းထောင်နေသကဲ့သို့ ဖြစ်နေသော မြွေဟောက်ဂမုန်းများမှာ မြွေတစ်ကောင် ပါးပျဉ်းသိမ်းသကဲ့သို့ဖြစ်ကာ ညွတ်ကျသွားလေသည်။

ထိုနေရာမှ ခရီးဆက်လာခဲ့ရာ တစ်နေရာရောက်သောအခါ နီမောင်အနေနှင့် တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသော





သော မြင်ကွင်းတစ်ခုကို လှမ်းမြင်ရသည်။

သူတို့သွားမည့် လမ်းတည့်တည့်တွင် ကြီးမားသော သစ်ပင်ကြီးတစ်ပင် ရှိသည်။

ထိုသစ်ပင်ကြီး၏ သစ်ကိုင်းကြီးတစ်ကိုင်းက လမ်းမပေါ်သို့ ကိုင်းကျနေသည်။

ထိုသစ်ပင်ကြီး၏ကိုင်းပေါ်မှာ ရန့်သင်းသော ဂမုန်းပန်းခိုင်များစွာတို့ ရှိနေသလို ဘီလူးတစ်ကောင်ကဲ့သို့ ရုပ်ဆိုးလှသော မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင်က ကျကျနန ဆောင့်ကြောင့်ထိုင်ကာ ဂမုန်းများကို စားသောက်နေလေသည်။

ထိုအရာကိုမြင်တော့ ဆရာကြီးက ဆက်မသွားတော့ဘဲ ရပ်လိုက်သည်။

"ဆရာကြီး. . . ဟိုသစ်ပင်ကိုင်းပေါ်မှာ ဘီလူးကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်နေတယ်"

"အဲဒါ ဂမုန်းဘီလူးပဲ၊ သစ်ပင်ကိုင်းပေါ်မှာရှိတဲ့ ဂမုန်းတွေကို ထိုင်စားနေတယ်"

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ဂမုန်းဘီလူးဆိုတာ ဂမုန်းပင်တွေကို စားသောက်နေတာဆိုတော့ သူတို့မှာလည်း သိဒ္ဓိရှိတယ်၊ တော်ရုံနဲ့တော့ မရဘူး"

ထိုသို့ပြောနေစဉ်မှာပင်. . သစ်ကိုင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်ကာ ဂမုန်းစားနေသော ဂမုန်းဘီလူးက နီရဲသော မျက်လုံးများဖြင့် သူတို့ရှိရာဘက်သို့ လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘာမှအရေးမလုပ်သောအမူအရာဖြင့် ဂမုန်းများကို ဆက်စားမြစားနေသည်။

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"သူ့ကို ဖယ်ပြီးမှ ဆက်သွားလို့ရမယ်"

ဟုပြောပြီး ဆရာကြီးက လွယ်အိတ်အတွင်းမှ စောစောက ယူလာသော ဂမုန်းမင်းဥကိုယူကာ သစ်ကိုင်းပေါ်မှ ဂမုန်းဘီလူးကို ပစ်ပေါက်လိုက်သည်။

မြောက်ခနဲ အပေါ်သို့ထခုန်ပြီး သစ်ကိုင်းပေါ်သို့ ပြန်ကျလာသည်။ ထို့နောက် သူတို့ကို ကြောက်စရာကောင်းသောအကြည့်မျိုးဖြင့် ခါးထောက်ကာ ရပ်ကြည့်နေသည်။

မျက်လုံးမှာ နီရဲနေပြီး မီးဝင်းဝင်းတောက်လုမတတ် ဖြစ်နေသည်။

သူ့အလုပ်ကို လာရောက်နှောင့်ယှက်သောကြောင့်. . မကျေနပ်သဖြင့် ရန်မူတော့မည့် လက္ခဏာမျိုးဖြစ်သည်။

ဆရာကြီးက ဦးဇန်ကောင်းထံမှ ဂမုန်းမင်းဥကို ယူ၍ နောက်ဝ၊စ်ကြိမ် ပေါက်လိုက်သောအခါမှ လှစ်ခနဲ ထွက်ပြေးပျောက်ကွယ်သွားလေတော့သည်။

မည်သည့်နေရာသို့ ထွက်ပြေးသွားသည်ကိုတော့ မမြင်လိုက်ကြရပေ။ အားလုံးရှင်းသွားသောအခါမှ ထိုလမ်းမှ ဆက်သွားကြလေသည်။

သစ်ကိုင်းပေါ်မှာ ဖူးပွင့်နေသည့် ဂမုန်းပန်းခိုင်များမှ





ရနံ့များက ပတ်ဝန်းကျင်တစ်ခုလုံး ကြိုင်လှိုင်နေသည်။

ဆရာကြီးကတော့ ဂမုန်းဘီလူး ထွက်ပြေးသွားသောတောင်ရှိရာဘက်သို့ လက်ညှိုးထိုးပြပြီး. . .

"ကျုပ်တို့ သူထွက်ပြေးတဲ့တောင်ထိပ်ကို လိုက်ကြရမယ်၊ ကျုပ်တို့လိုချင်တဲ့ပစ္စည်း အဲဒီတောင်ပေါ်မှာ ရှိနိုင်တယ်"

ဟု ပြောကာ ထိုနေရာမှ ခရီးဆက်ကြလေသည်။

အတန်ကြာအောင် ထွက်သွားကြရာ တောင်ထိပ်ပေါ်သို့ ရောက်သွားကြရာ ထူးဆန်းသောမြင်ကွင်းကို တွေ့ကြရသည်။ အခြားမဟုတ်ပေ။

တောင်ထိပ်အလယ်နေရာလောက်တွင် ကျောက်ပလ္လင်တစ်ခုကို လှမ်းမြင်ရသည်။

ထိုကျောက်ပလ္လင်၏ဘေးတစ်ဖက်တစ်ချက်တွင် တန်းစီလျက်ပေါက်နေသော ဂမုန်းပင်များကိုလည်း တွေ့ရသည်။

ဂမုန်းပင်များမှာ လူတို့ စိုက်ပျိုးထားသကဲ့သို့ ညီညီညာညာ တန်းစီလျက်ရှိနေကြသည်။

ထို့ပြင် လေတိုက်သည့်အခါ ယိမ်းနွဲ့လှုပ်ရှားနေလေရာ အသက်ဝင်နေသကဲ့သို့ ရှိနေသည်။

ထိုကျောက်ပလ္လင်၏ အလယ်နေရာမှာတော့ ထူးဆန်းသော ဂမုန်းတစ်ပင် ပေါက်နေလေသည်။

ဆရာကြီးမျက်နှာမှာ များစွာရွှင်လန်းသွားလေသည်။

"ဟန်ကျပြီ. . . ကျုပ်တို့ ရှာနေတဲ့ ဂမုန်းမင်းကိုတော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရပြီ၊ ဟိုကျောက်ပလ္လင်ပေါ်မှာ ပေါက်နေတဲ့ ဂမုန်းပင်က တခြားမဟုတ်ဘူး၊ သိုက်ဝင် ရှင်သူငယ်ဂမုန်းပင်ပဲ”

ဟု ပြောပြလေသည်။

ကျောက်ပလ္လင်ပေါ်မှာ ပေါက်နေသော ဂမုန်းပင်၏ပုံသဏ္ဌာန်မှာ နှစ်ပေခန့် အမြင့်ရှိပြီး စိမ်းလန်းသော ငှက်ပျောပင်ငယ်ကလေးနှင့် ပုံသဏ္ဌာန်တူလေသည်။

သုံးယောက်သား ခြေသံမကြားအောင် ခပ်ဖြည်းဖြည်းလျှောက်သွားကြရာ ကျောက်ပလ္လင်အနီးသို့ ရောက်သွားကြသည်။

ရှင်သူငယ်ငှက်ပျောမှာ အပင်အကြီးအသေး ကွာခြားသည်မှအပ သာမန်ငှက်ပျောပင်နှင့် တစ်ပုံစံတည်း တူလေသည်။ အရွက်မှာ ငှက်ပျောပင်နှင့် တူသော်လည်း.. အရွက်မချွန်ဘဲ အဖျားပိုင်း ဝိုင်းသည်။

အရွက်အောက်ပိုင်းမှာ.. ပတ္တမြားသွေးကဲ့သို့ နီရဲနေသည်။ အရွက်အနားပတ်လည်တွင်.. ကတ္တီပါသွေးရောင်တောက်ပနေသော အရောင်ကလေးများ.. တလက်လက်တောက်ပနေသည်။

ဂမုန်းပင်ပတ်လည်တွင် မြေမှုန့်ကလေးများ ပွနေပြီး ထိုနေရာတစ်ဝိုက်မှ မီးခိုးငွေ့ကလေးများကဲ့သို့ အခိုးအငွေ့များ တလူလူ ထွက်နေလေသည်။

ဆရာကြီးက အခြေအနေကို အကဲခတ်ကြည့်ပြီး လေ





သံခပ်တိုးတိုးဖြင့် ပြောလိုက်လေသည်။

“ဒီလိုသိဒ္ဓိရှိတဲ့ ဂမုန်းပင်တွေမှာ အစောင့်အရှောက်တွေ ရှိနိုင်တယ်၊ အခုအချိန်ထိတော့ ဘာမှမထူးခြားသေးဘူး တကယ်လို့ ဂမုန်းပင်ကို ဝင်ယူရင်တော့ အနှောင့်အယှက်တွေ ဝင်လာချင် ဝင်လာနိုင်တယ်”

“ဒီတော့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး”

“ဦးဝန်ကောင်းက နံဘေးက ဝင်ရောက်လာမယ့် အန္တရာယ်တွေကို ကာကွယ်ပေးထားပေါ့၊ ကျုပ်က ဂမုန်းပင်ကို ရအောင် ဝင်ယူပါမယ်၊ ကျုပ်တို့အတွက် ဒီဂမုန်းပင်က သိပ်ပြီး အရေးကြီးတယ်”

ဟု ပြောပြသည်။

ထိုသို့ပြောသဖြင့် ဦးဝန်ကောင်းလည်း ၎င်း၏ဆေးလွယ်အိတ်အတွင်းမှ ၎င်းအသုံးပြုသော ဆေးပစ္စည်းများကို အဆင်သင့်ဖြစ်စေရန် အပြင်သို့ထုတ်လိုက်သည်။

ထိုပစ္စည်းများထဲမှာ လွန်ခဲ့သောရက်ပိုင်းကမှ စပ်ဖန္ဒယ်လုံ တောင်ပေါ်မှ ရှာဖွေရခဲ့သည့် ရှင်သူငယ်ဂမုန်းနှင့် တောင်လုံးကျော် ဆေးမြစ်တို့လည်း ပါဝင်လေသည်။

ထို့နောက်မှာတော့ ဆရာကြီးက ၎င်းဆေးလွယ်အိတ် အတွင်းမှ ချည်ခင်တစ်ခုကို ထုတ်ယူလိုက်သည်။

၎င်းမှာ ဂါထာမန္တန်တို့ဖြင့် အစီအရင်ပြုလုပ်ထားသော ချည်မန်းကွင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက . . တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဂမုန်းစောင့်နတ်တို့အား တိုင်တည်ပသပြီးနောက် ကျောက်ပလ္လင် အနီးသို့ကပ်သွားပြီး ဂမုန်းပင်အား ချည်မန်းကွင်းဖြင့် စွပ်ချလိုက်သည်။

ထိုသို့စွပ်ပြီးသည်နှင့် ချက်ချင်း နောက်ဘက်သို့ ပြန်ဆုတ်လိုက်သည်။

မရှေးမနှောင်းမှာပင် ဂမုန်းပင် ရှိသောနေရာတစ်ဝိုက်မှ မီးခိုးငွေ့များကဲ့သို့ အခိုးအငွေ့များ ထွက်လာလေတော့သည်။

တစ်ဆက်တည်းမှာပင် ဝင်းလက်သော အရောင်များလည်း လက်လာလေသည်။

အခြေအနေကြည့်နေစဉ်မှာ တောနက်အတွင်းမှ တောတိုးသံများ ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ တောထဲမှ ထွက်လာသော ဂမုန်းစားဘီလူးကို တွေ့ကြရလေသည်။

ဂမုန်းစားဘီလူး၏ပုံသဏ္ဌာန်မှာ ကြောက်မက်ဖွယ်ရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုးဖြစ်သည်။

ဂမုန်းစားဘီလူးက ၎င်းတို့ရှိရာဘက်သို့ နီရဲလျက် ရှိသောမျက်လုံးဖြင့် တစ်ချက်ကြည့်ပြီး ဂမုန်းပင်ရှိရာသို့ တိုးဝင်သွားလေသည်။

ထိုအခြေအနေသည် စိုးရိမ်စရာကောင်းသော အခြေအနေမျိုးဖြစ်သည်။

အကယ်၍သာ ဂမုန်းစားဘီလူးကသာ လက်ဦးသွားပြီး





ဂမုန်းပင်ကို နှုတ်ယူသွားပါက သူတို့အတွက် ခဲလေသမျှ သဲရေကျအဖြစ်မျိုးဖြင့် ကြုံရတော့ပေမည်။

သို့သော်လည်း သူတို့စိုးရိမ်သလိုတော့ ဖြစ်မလာပါချေ။

ဂမုန်းပင် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ချည်မန်းကွင်းများဖြင့် စွပ်ထားသဖြင့် ဂမုန်းစားဘီလူးမှာ အနားရောက်သည်အထိ မကပ်နိုင်ပေ။

ထိုနေရာရောက်သည်နှင့် တစ်စုံတစ်ယောက် ကာဆီးလိုက်သည်နှင့် နောက်သို့ လန်ထွက်သွားလေသည်။

ဂမုန်းစားဘီလူးသည် ကျောက်ပလ္လင်ပေါ်မှာ ပေါက်နေသော သိုက်ဝင်ရှင်သူငယ်ဂမုန်းပင်အား ရယူရန်အတွက် အကြိမ်ကြိမ် ကြိုးစားသော်လည်း အနားမကပ်နိုင်ဘဲရှိလေရာ နောက်ဆုံးမှာတော့ မနီးမဝေးမှာရပ်နေသော သူတို့သုံးယောက်ရှိရာဘက်သို့ လှည့်လာလေတော့သည်။

"ဦးဇန်ကောင်း. . . ခင်ဗျားဆီမှာပါလာတဲ့ တောင်လုံးကျော်ဆေးမြစ်ကို အသုံးချပေတော့"

ဟု ပြောသဖြင့် ဦးဇန်ကောင်းက ၎င်းလက်ထဲမှာ ကိုင်ထားသောဆေးမြစ်ဖြင့် ဂမုန်းစားဘီလူးအား ပစ်ပေါက်လိုက်ရာ ကြောက်စရာကောင်းသောအသံမျိုး ပေါ်ထွက်လာပြီး ဂမုန်းစားဘီလူးမှာ တောတွင်းသို့ ဝင်ပြေးသွားလေသည်။

ထိုအခိုက်မှာပင် ဆရာကြီးက ကျောက်ပလ္လင်အနီးသို့ တိုးကပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပလ္လင်ပေါ်မှာ ပေါက်နေသော သိုက်ဝင် ရှင်သူငယ် ဂမုန်းပင်ကတော့ အသက်ဝင်နေသကဲ့သို့ဖြစ်ကာ လှုပ်ရှားနေလေသည်။ အနီးသို့ရောက်သောအခါ ဆရာကြီးက လွယ်အိတ်အတွင်းမှ အင်းချထားသော ဆေးပဝါကို ထုတ်ယူပြီးနောက်. . ဂမုန်းပင်ပေါ်သို့အုပ်ကာ ဂမုန်းပင်ကို ဥ၊အမြစ်ပါ မကျန်ရအောင် ဂရုတစိုက် တူးလိုက်လေသည်။

ဥနှင့်အမြစ်များရှိနေသော မြေသားများကိုပါ ပါအောင် ဆေးပဝါနှင့် ဂရုတစိုက် ထုတ်ယူလေသည်။ ထို့နောက်မှာတော့ အပင်အောက်ခြေမှာရှိနေသော တစ်ခုတည်းသာရှိသော ဂမုန်းဥကို ယူ၍ ဆေးပဝါဖြင့် ထုတ်ယူလိုက်သည်။ ပြီးလျှင် ဂမုန်းပင်ကို သူ့နေရာမှာ နေသားမပျက် ချထားလိုက်သည်။

နီမောင်နှင့်ဦးဇန်ကောင်းတို့က ဂမုန်းအပင်ပါ တူးယူလိမ့်မည်ဟု ထင်ထားသော်လည်း မယူဘဲ သိဒ္ဓိဝင် ဂမုန်းဥကိုသာ ယူလိုက်ခြင်းဖြစ်သည်။

ဂမုန်းဥရသည်နှင့် ဆရာကြီးက နောက်သို့ ချက်ချင်းပြန်ဆုတ်လိုက်သည်။

ထိုအခိုက်မှာပင် မြေကြီးထဲမှ မီးခိုးငွေ့များ ထွက်လာပြီးနောက် ဂမုန်းပင်အပါအဝင် ပတ်ဝန်းကျင်သို့ ဖုံးလွှမ်းသွားလေသည်။

မီးခိုးငွေ့များမှာ အတန်ကြာအောင် ဖုံးလွှမ်းနေပြီး အတန်ကြာသောအခါမှ တဖြည်းဖြည်းနှင့် လွင့်ပါးပျောက်ကွယ်





သွားလေတော့သည်။

မီးခိုးငွေ့များ ရှင်းသွားသောအခါမှ ကျောက်ပလ္လင်ပေါ်သို့ လှမ်းကြည့်လိုက်သောအခါ စောစောက ကျောက်ပလ္လင်ပေါ်မှာ ပေါက်နေသည့် သိုက်ဝင် ရှင်သူငယ်ဂမုန်းပင်ကို မတွေ့ရတော့ပေ။

ကျောက်ပလ္လင် အနောက်ဘက်မှာတော့ မားမားကြီးရပ်နေသည့် ဂမုန်းစားဘီလူးကြီးကို တွေ့ကြရလေသည်။ ၎င်းက မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်နေသည်။

"ဒီနေရာက သွားကြစို့ရဲ့"

ဟု ပြောပြီး သုံးယောက်သား ထိုနေရာမှ အမြန်ဆုံးထွက်ခဲ့ကြလေသည်။

ထိုသို့ထွက်လာသည့်အခါ ဂမုန်းစားဘီလူးကလည်း မလှမ်းမကမ်းမှ ထက်ကြပ်မကွာ လိုက်လာလေသည်။

ထို့ကြောင့် သုံးယောက်သား နောက်သို့ လှည့်မကြည့်ကြတော့ဘဲ တောင်ခြေပြန်ရောက်အောင် ခပ်သုတ်သုတ် ပြန်ဆင်းကြလေသည်။

ထိုသို့ ဆင်းလာသောအခါကျမှ သူတို့သွားရာလမ်းတစ်လျှောက်တွင် ထူးဆန်းသော ဂမုန်းပင်များစွာတို့ကို တွေ့မြင်ကြရလေသည်။

"ကျုပ်တို့ကို ဂမုန်းအတော်များများက တားဆီးချင်နေကြတယ်၊ ဂမုန်းထိမယ်. . သတိထားကြ၊ ခင်ဗျားတို့ဆီမှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဂမုန်းမင်းကို လက်နဲ့ ကိုင်ထားကြပါ"

ဟု သတိပေးသဖြင့် ဂမုန်းမင်း ဥကို လက်ထဲမှ ဆုပ်ကိုင်ခရီးဆက်ကြလေသည်။

"ကျွန်တော်တို့ ဘယ်နေရာကို သွားကြမှာလဲ ဆရာကြီး"

"ညက ဝင်ခဲ့ကြတဲ့ ဂူထဲကို ရောက်အောင်သွားကြမယ်၊ လမ်းမှာ ဘာပဲတွေ့တွေ့ ဂရုမစိုက်ကြနဲ့. . မကြောက်ကြနဲ့၊ ဘာမှ မကြည့်ကြဘဲ. . ကိုယ်သွားရမယ့်လမ်းကိုသာ အမြန်ရောက်အောင် သွားကြပါ"

ဟုပြောပြီး ရှေ့မှ ခပ်သုတ်သုတ် ဆင်းသွားလေရာ. . နီမောင်တို့လည်း နောက်ထပ် ဘာမှမမေးသာတော့ဘဲ နောက်မှ လိုက်သွားကြရလေသည်။

သူတို့သုံးယောက် မူလနေခဲ့သော ကျောက်ဂူအတွင်းသို့ ဝင်လိုက်ပြီး မရှေးမနှောင်းမှာပင် ဂူပေါက်ဝမှ 'ရှိုး'ခနဲ ဖြတ်သန်းသွားသော မီးလုံးနီနီကြီးကို လှမ်းမြင်လိုက်ကြရလေသည်။

ထိုမျှမကသေးပဲ ကျောက်ဂူအနီးတစ်ဝိုက်မှာလည်း မီးလုံးနီနီကြီးများ ဟိုမှဒီမှ သွားလာနေကြပြီး တောင်ပေါ်မှာလည်း တဝုန်းဝုန်းတဒိုင်းဒိုင်း အသံများကို အတိုင်းသား ကြားနေရသည်။

ထိုအသံများကြောင့် သူတို့ရောက်နေသည့် ဂူတစ်ခုလုံး သိမ့်သိမ့်တုန်နေတော့သည်။

"ဘာဖြစ်နေတာလဲ ဆရာကြီး"





"ဘာမှမစိုးရိမ်ကြပါနဲ့. . . ဒီဂူထဲ ပြန်ရောက်မှတော့ ဘာမှ ကြောက်စရာ မရှိတော့ပါဘူး၊ သူတို့ လိုချင်တဲ့ဂမုန်း မရလို့ ဒေါသဖြစ်နေကြတာပေါ့"

ဟု ဆရာကြီးက ပြောပြသည်။

ထိုသို့ပြောတော့မှပင် နီမောင်တို့မှာ အတန်အသင့် စိတ်သက်သာရာ ရသွားတော့သည်။

ဆရာကြီးကတော့ အပြင်ဘက်မှ ကြားနေရသောအသံများကို လုံးဝဂရုမစိုက်ဘဲ ဆေးပဝါဖြင့် ထုတ်ယူလာသော ဂမုန်းဥကို ကျောက်လက်ဝါးမှ ယူလာခဲ့သောရေဖြင့် ဂရုတစိုက် ဆေးကြောနေသည်။

မြေမှုန့်များနှင့် ဂမုန်းဥမှာ ကပ်နေသည့်အညစ်အကြေးများ ကင်းသွားသောအခါ ဂမုန်းဥမှ အရောင်များ ထွက်လာလေတော့သည်။ ဂမုန်းဥ၏ပုံသဏ္ဍာန်မှာ ကျွမ်းကျင်လှသော ပန်းပုပညာရှင် ထုလုပ်ထားသကဲ့သို့ ရှင်သူငယ် ရုပ်တုကလေးကဲ့သို့ ဖြစ်နေသည်။ အသက်သွင်းလိုက်ပါက အသက်ဝင်လာမည့် ပုံသဏ္ဍာန်မျိုးပင်ဖြစ်၏။

ဆရာကြီးက ဂမုန်းဥကလေးကို ရေဖြင့် ဆေးကြောပြီးနောက် ဆေးပဝါဖြင့် ညင်သာစွာ သုတ်နေသည်။

"ဒီကနေ့ညတော့ သိုက်ဝင် ရှင်သူငယ် ဂမုန်းဥကို အသက်သွင်းရမယ်၊ ဒီလို အသက်သွင်းတဲ့အချိန်မှာ အနှောင့်အယှက်တွေကတော့ လာကြဦးမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဦးဇန်ကောင်းနဲ့ မောင်နီမောင်တို့က လူဝင်ပေါက်ကနေ ပြင်ပအနှောင့်အယှက်တွေ မဝင်နိုင်အောင် တားဆီးကြရလိမ့်မယ်”

“ဖြစ်ပါ့မလား ဆရာကြီး”

“ဖြစ်ပါတယ်. . . ခင်ဗျားမှာလည်း တောင်လုံးကျော်ဆေးမြစ်နဲ့ ရှင်သူငယ်ဂမုန်းဥ ပါတယ်၊ ခင်ဗျားဆီမှာပါတဲ့ ဂမုန်းဥက အသက်မသွင်းရသေးပေမယ့် သာမန်အနှောင့်အယှက်တွေလောက်တော့ နိုင်နင်းပါတယ်”

“ဒီလိုဖြင့်လည်း ဆရာကြီး လုပ်စရာရှိတာလုပ်ပါ၊ ကျွန်တော်တို့ တာဝန်ယူစောင့်ပေးပါ့မယ်”

ဟု ပြောလိုက်ရာ ဆရာကြီးက ကျေနပ်စွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

ထို့နောက်မှာတော့ ဆရာကြီးက ဆေးလွယ်အိတ် အတွင်းမှ ပစ္စည်းများကို ထုတ်ပြီး သိုက်ဝင် ရှင်သူငယ်ဂမုန်းဥကို အသက်သွင်းရန် ပြင်ဆင်လေတော့သည်။





# အခန်း (၁၄)

# မီးတောက်အတွင်းမှ ရှင်သူငယ်ရုပ်တု

ဦးစွာ. . ရွှေချထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကျောက်တုံးအမြင့်ပေါ်မှာ တင်ထားလိုက်သည်။ ပြီးမှ ဆီမီးတိုင်နှင့် အမွှေးနံ့သာတိုင်များကို မီးရှို့ပြီး စိုက်ထောင်လိုက်သည်။

သစ်မွှေး၊ အကျော်ကရမတ်၊ နံ့သာဖြူ နံ့သာနီတို့ဖြင့် ပြုလုပ်ထားသော အမွှေးနံ့သာတိုင်များကို မီးထွန်းလိုက်သော အခါ. . ထိုမှထွက်လာသော နံ့သာရနံ့များက ဂူတစ်ခုလုံး မွှေး



www.burmeseclassic.com

www.burmeseclassic.com



ကြိုင်သင်းပျံ့နေလေတော့သည်။

ဆရာကြီး ဒီပကသည် ၎င်းရရှိလာသော ရှင်သူငယ် ဂမုန်းဥကို အသက်သွင်းရန် အစီအမံများ ပြုလုပ်နေစဉ် နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်က ဂူပေါက်ဝမှာ စောင့်ပေးကြရသည်။

နီမောင်မှာ ထိုကဲ့သို့သော အတွေ့အကြုံမျိုးများ မတွေ့ဖူး မကြုံဖူးသောကြောင့် များစွာစိတ်လှုပ်ရှားလျက် ရှိနေတော့သည်။ ထိုအချိန်မှာပင် တောင်ပေါ်မှာကြားနေရသော ဆူညံနေသည့်အသံများက တဖြည်းဖြည်း ငြိမ်သက်သွားလေသည်။

“အသံတွေတော့ ငြိမ်သွားပြီ အဘ”

နီမောင်က ခပ်တိုးတိုး ပြောလိုက်သည်။

“ဒီအတိုင်းနဲ့တော့ ပြီးမှာ မဟုတ်သေးဘူး၊ မုန်တိုင်းမကျခင် ငြိမ်သက်နေတာမျိုးပဲဖြစ်မယ်”

“တကယ်လို့ သူတို့လာရင် ဘာနဲ့တားမလဲ အဘ”

“ဆရာကြီး ပေးထားတဲ့ဆေးတွေလည်း ရှိတယ်၊ ငါ့ဆီမှာလည်း မကောင်းဆိုးဝါးတွေနိုင်တဲ့ ဆေးတွေပါလာပါတယ်။ စိတ်ပူစရာမရှိပါဘူး”

ဟု ဦးဗန်ကောင်းက ပြန်ပြောသည်။

အတန်ကြာသောအခါ အပြင်ဘက်မှ ခြေတစ်လှမ်းချင်း နင်းလာသောအသံကို ကြားရသည်။

ခြေသံမှာ မြေပေါ်မှာသာမက ဂူပေါက်ဝတစ်ဝိုက်ဝ





တုန်လှုပ်နေသည်။

အတန်ကြာသောအခါ ကြောက်မက်ဖွယ်ကောင်းသော ပုံပန်းသဏ္ဌာန်ရှိသော ဂမုန်းစားဘီလူးတစ်ကောင် ဂူပေါက်ဝမှာ ပေါ်လာသောကြောင့် ဦးဗန်ကောင်းက လက်ထဲမှာ ကိုင်ထားသောဆေးလုံးနှင့် ပစ်ပေါက်လိုက်မှ ဝူးဝူးဝါးဝါးအော်ကာ တောတွင်းသို့ ဝင်ပြေးသွားလေသည်။

ဂမုန်းစားဘီလူးများမှာ သိဒ္ဓိရှိသော ဂမုန်းများကိုပင် ရှာဖွေစားသောက်နိုင်ကြပေရာ ၎င်းတို့မှာလည်း ပင်ကိုယ်သိဒ္ဓိစွမ်းအားများ ရှိကြသည်။

သို့ကြောင့် ၎င်းတို့၏ရုပ်ခန္ဓာများကို ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်သော ကမ္မဝိဇ္ဇိတန်ခိုးရှိကြသော ပရလောကသားများဖြစ်သည်။

နောက်ပိုင်းမှာလည်း ဂမုန်းစားဘီလူးများမှာ ပုံပန်းသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းကာ နည်းအမျိုးမျိုးသုံးကာ လာရောက်နှောင့်ယှက်ကြရာ ဦးဗန်ကောင်းကလည်း တတ်စွမ်းသမျှ ကာကွယ်ဟန့်တားနေရလေသည်။

ထိုအခြေအနေကို မြင်တော့မှ ဦးဗန်ကောင်းသည်လည်း ဆရာကြီးဒီပကလောက် အစွမ်းသတ္တိမရှိစေကာမူ တော်ရုံမိစ္ဆာများလောက်တော့ ၎င်း၏အစွမ်းအစများဖြင့် ကာကွယ်တားဆီးနိုင်စွမ်းရှိကြောင်း တွေ့မြင်ရလေသည်။

၎င်းတို့က ဂူပေါက်ဝမှ ဂမုန်းစားဘီလူးများ အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



ပရလောကမိတ္တာများကို တားဆီးပေးနေကြစဉ် ဆရာကြီးက လည်း ဂူအတွင်းပိုင်းမှာ ၎င်း၏အစီအရင်ကို ပြီးမြောက်အောင် ဆောင်ရွက်နေလေသည်။

ဦးဇန်ကောင်းကဲ့သို့ အတန်အသင့် အစွမ်းအစရှိပြီး အားကိုးရသူတစ်ဦး ပါလာသောကြောင့်သာ ယခုကဲ့သို့ ၎င်း၏ အစီအရင်ကို အနှောင့်အယှက်ကင်းစွာဖြင့် စီရင်နိုင်နေခြင်းဖြစ်၏။ သို့မဟုတ်ပါက အနှောင့်အယှက်များ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီး တစ်မျိုး လာရောက်နှောင့်ယှက်နေသောကြောင့် ထိုကဲ့သို့ စီရင် နိုင်မည် မဟုတ်ပေ။

အတန်ကြာသောအခါ ဂူအတွင်းမှ အလင်းရောင်အချို့ ဖြာထွက်လာသည်ကို သတိပြုမိလိုက်ကြသည်။

အချိန်မှာ ညနေပိုင်းအချိန်ရောက်နေပြီဖြစ်သဖြင့် အ မှောင်ရိပ်များ သမ်းနေချေပြီ။

ဂူအတွင်းမှ အလင်းရောင်များ ဖြာထွက်လာသော အ ချိန်တွင် အပြင်ဘက်မှ အနှောင့်အယှက်များ ကင်းသွားကြလေ သည်။ ထိုအချိန်မှာ ဆရာကြီးက အပြင်ဘက်သို့ ထွက်လာပြီး ပြောသည်။

"ကျုပ်တို့ လုပ်ရမယ့်လုပ်ငန်းတစ်ခုတော့ ချောချော မောမောနဲ့ ပြီးမြောက်အောင်မြင်သွားပြီ၊ ဒီလိုအောင်မြင်အောင် စီရင်နိုင်တာကလည်း ခင်ဗျားတို့နှစ်ယောက် ကူညီပေးလို့ပဲ"

"ဆရာကြီးရဲ့အစီအရင် မအောင်မြင်ရင် ဘယ်လိုဖြစ်





မလဲ ဆရာကြီး"

"ဒီတစ်ဆင့် မအောင်မြင်ရင် ရှေ့ကို ခရီးဆက်သွားလို့ မရဘူးဗျ၊ အခု အောင်မြင်သွားပြီဆိုတော့ အချိန်ရှိတုန်း ကျုပ်တို့ ခရီးဆက်ကြရမယ်"

ထို့နောက်မှာတော့ ဆရာကြီးက ဂူအတွင်းမှာ ရှိသော ၎င်းပစ္စည်းကို သိမ်းဆည်းနေသလို နီမောင်တို့နှစ်ယောက်က လည်း အဆင်သင့်ပြင်ဆင်ကြလေသည်။

အပြင်ထွက်ကာနီးတော့ ဦးဇန်ကောင်းက မေးသည်။

"သူတို့ရောက်လာပြီး နှောင့်ယှက်ကြဦးမှာလား ဆရာ ကြီး"

"ဘယ်အေးပါ့မလဲ. . လာတော့ လာကြဦးမှာပေါ့. . ၊ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိတော့ပါဘူးလေ"

ထိုသို့ပြောပြီး ဆရာကြီးက စီရင်ပြီးခဲ့သော သိုက်ဝင် ရှင်သူငယ် ဂမုန်းရုပ်တုကလေးကို ဆေးပဝါနှင့် ထုပ်ကာ အဆင် သင့် ကိုင်ထားသည်ကို တွေ့ရသည်။

"အစီအရင် အောင်မြင်ထားတဲ့ ဒီရုပ်တု ပါလာမှတော့ ဘယ်လိုအန္တရာယ်မျိုးမှ မှုစရာမရှိတော့ပါဘူး၊ ကိုင်း. . . အချိန် ရှိတုန်း သွားကြစို့ရဲ့"

ဟု ပြောကာ သုံးယောက်သား ဂူအပြင်သို့ ထွက်ခဲ့ကြ လေသည်။

သူတို့ ထွက်မလာခင်ကတည်းက အန္တရာယ်များက



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် စောင့်နေကြဟန်ရှိသည်။

ဦးစွာ မီးလုံးကြီးများရောက်လာပြီး ဝင်ရောက်တိုက်ခိုက်ရန် ကြိုးစားကြသည်။ သို့သော် မအောင်မြင်ပေ။

နောက်တော့ ပုံပန်းသဏ္ဍာန် အမျိုးမျိုး ဖန်ဆင်းထားသော ကြောက်စရာကောင်းသည့် မိစ္ဆာများ ရောက်လာကြပြန်သည်။ သို့သော်လည်း အနားသို့ပင် မကပ်နိုင်ဘဲ ဂမုန်းရုပ်တုကို မြှောက်လိုက်သည်နှင့် စူးစူးဝါးဝါး အော်ဟစ်ကာ ပျောက်ကွယ်သွားကြလေသည်။

အတန်ကြာသောအခါ မျက်လုံးများမှာ မီးကဲ့သို့ အရောင်များ ထွက်နေသည့် ထူးဆန်းသော ငှက်ကြီးများက တောင်ကြားအတွင်းသို့ ဆင်းလာကြသည်။

၎င်းတို့က လူသုံးယောက်စလုံးကို သုတ်သွားတော့မည့်ပုံမျိုးဖြစ်သည်။

သို့သော်လည်း မနီးမဝေး ရောက်လာသည်နှင့် ဆရာကြီးက လက်ထဲမှာကိုင်ထားသော ဂမုန်းရုပ်တုကို မြှောက်ပြပြီး ဝေ့ယမ်းပြလိုက်ရာ ဒေါသတကြီး ထိုးဆင်းလာသော ငှက်ကြီးများမှာ ကြောက်လန့်တကြားဖြင့် အပေါ်သို့ထောင်တက်သွားကြလေတော့သည်။

"ကိုင်း. . လာကြ. . လာကြ၊ အလင်းရောင် မပျောက်ခင်မှာ ကျုပ်တို့ သွားရမယ့်နေရာရောက်အောင် သွားကြရလိမ့်မယ်. . . သွားကြစို့"





ဟု ပြောပြီး ဆရာကြီးက ရှေ့မှသွားလေရာ နီမောင်တို့နှစ်ယောက်ကလည်း နောက်မှလိုက်သွားကြရလေသည်။

သုံးယောက်သား ခြေလှမ်းခပ်သွက်သွက်ဖြင့် သွားကြရာ တောင်ကုန်းထိပ်ပေါ်သို့ရောက်သောအခါ တောင်ကြားထဲမှာ ရှိနေစဉ်ကလို အမှောင်ထုမများသေးဘဲ အလင်းရောင်များရှိနေသေးသည်။

ထိုတောင်နှင့် မနီးမဝေးနေရာမှာတော့ ရှေ့မှာ ကာဆီးနေသည့် တောင်ကြီးတစ်လုံးကို လှမ်းမြင်ကြရလေသည်။

"ရှေ့မှာ လှမ်းမြင်နေရတဲ့တောင်ကြီးက တခြားမဟုတ်ဘူး၊ တောင်ကိုးလုံးထဲမှာ တစ်လုံးပါဝင်တဲ့တောင်ပဲ၊ ကျုပ်တို့နောက်ဆုံးသွားရမယ့်နေရာပဲ၊ အဲဒီမှာ ရှင်သူငယ်ဆေးဘုရားနဲ့ရှင်သူငယ် ပုရပိုက်ရှိတဲ့သိုက်ရှိတယ်၊ အလင်းရောင် မပျောက်ခင် ခရီးဆက်ကြရမယ်"

ဟု ပြောပြီး ထိုတောင်ကြီးရှိရာသို့ ဦးတည် ခရီးဆက်ကြရပြန်လေသည်။

လမ်းတစ်လျှောက်လုံးမှာတော့ သာမန်အနှောင့်အယှက်များလောက်သာ တွေ့ကြရသော်လည်း အခက်အခဲမရှိကျော်လွှားသွားကြလေသည်။

သုံးယောက်သား ခြေလှမ်းသွက်သွက်ဖြင့် သွားကြလေရာ နေဝင်ကာနီးအချိန်လောက်တွင် တောင်ခြေနှင့် မနီးမဝေးနေရာသို့ ရောက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ခြေတော့ရောက်ပြီ ဆရာကြီး၊ ဘယ်နေရာကို သွားကြရမှာလဲ"

"နေရာမသိရသေးတော့ အတင်းဝင်သွားလို့တော့ မဖြစ်သေးဘူးဗျ၊ ဒီနေရာက အခြေအနေကို စောင့်ကြည့်ရဦးမယ်"

ဟု ပြောပြီး လွယ်အိတ်ထဲမှာ ပါသော လမ်းညွှန်ပုရပိုက်ကို ထုတ်ကြည့်နေသည်။

တောင်ခြေတစ်ဝိုက်မှာလည်း အလင်းရောင်များ တဖြည်းဖြည်း နည်းလာပြီး အမှောင်ရိပ်များ လွှမ်းမိုးစပြုလာလေပြီ။ တောင်ကြီး မိုးထားသောနေရာတစ်ဝိုက်မှာ အမှောင်ရိပ်က ပိုများလေသည်။

မှောင်စပျိုးသောအချိန်တွင် တောင်ခြေတစ်နေရာမှ မီးရောင်တစ်ချက် လက်ခနဲ ပေါ်လာတော့သည်။

ထိုအလင်းရောင် မြင်သောအခါ ဆရာကြီးက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ကျုပ်တို့ကိုတော့ အချက်ပြနေပြီ၊ ဒါ တခြားမဟုတ်ဘူး၊ ရှင်သူငယ်ဂမုန်းသိုက် ရှိတဲ့နေရာပဲ၊ ဟိုနေရာရောက်ရင်တော့ စကားမပြောကြနဲ့၊ ရွှေငွေကျောက်မျက်ရတနာတွေ တွေ့ရင်လည်း စိတ်နဲ့တောင် မပစ်မှားကြဖို့ အရေးကြီးတယ်"

"ဒီအတွက်တော့ စိတ်ချပါ ဆရာကြီး"

"အချိန်ရှိတုန်း သွားကြရအောင်"





ထိုသို့ပြောနေစဉ် တောင်ခြေဘက်မှ အလင်းရောင်များက ပိုမိုတောက်ပလာလေသည်။

ထိုနေရာသို့ နီးလာသောအခါ မီးရောင်များ ရှိသောနေရာတစ်ဝိုက်မှာ လှုပ်ရှားသွားလာနေသော ပုံရိပ်များကိုပင် လှမ်းမြင်ကြရလေသည်။

ရှေ့မှသွားနေသော ဆရာကြီးမှာ ခြေလှမ်းမရပ်ဘဲ ဆက်လျှောက်သွားရာ နီမောင်တို့ကလည်း နောက်မှ ကပ်လိုက်သွားကြလေလည်း။

မနီးမဝေးနေရာရောက်သောအခါ အမှောင်ရိပ်ထဲမှာ ဝိုးတဝါးပေါ်နေသော ဖြူဖြူသဏ္ဌာန်များကို မသဲမကွဲ မြင်ကြရလေသည်။

အနီးရောက်တော့မှ ထိုအရာများမှာ တခြားမဟုတ်ဘဲ ဖြူဖွေးသော ဆင်ဖြူတော်ကြီးများဖြစ်နေသည်ကို သတိပြုမိကြပါသည်။ ထိုဆင်ဖြူတော်ကြီးများနောက်မှာလည်း သွားလာလှုပ်ရှားနေသောပုံရိပ်များ ရှိနေကြသည်။

နီမောင်မှာ သူ၏တစ်သက်တာမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသောမြင်ကွင်းကို တအံ့တသြဖြင့် ကြည့်နေလေသည်။

"ဒီနေရာကတော့ တခြားမဟုတ်ပါဘူး၊ 'သာသနာတော်တစ်ဝက်၊ မင်းကောင်းတစ်ဆက်' ဆိုတဲ့ စကားအတိုင်း ဗုဒ္ဓသာသနာတော် တစ်ဝက်ကျော်မတိုင်ခင်မှာ လူတွေ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးနဲ့ ကြုံတွေ့ကြရပေလိမ့်ဦးမယ်ဗျ"

ဦးဇန်ကောင်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ရှေးက ပညာရှိကြီးတွေထားခဲ့တဲ့ တဘောင်စကား အတိုင်းဆိုရင်တော့ သာသနာသက္ကရာဇ် တစ်ဝက်ကျော်လာတဲ့ အခါမှာတော့ မင်းကောင်းမင်းမြတ်တွေ ပေါ်လာလိမ့်ဦးမယ်၊ သာသနာပြုမင်းတွေ ပေါ်လာတဲ့အခါမှာ အခုမြင်တွေ့ရတဲ့ ဆင်ဖြူတော်ကြီးတွေဟာ တကယ်အသက်ရှိတဲ့ ဆင်ဖြူတော်ကြီးတွေ ဖြစ်လာလိမ့်မယ်"

နီမောင်က ကျောက်ဂူနံရံမှာ ပုံရိပ်သဏ္ဍာန်အဖြစ် ပေါ် နေသော ဆင်ဖြူတော်ကြီးများရှိရာကို တစ်ချက်လှမ်းကြည့် လိုက်သည်။

"ဆင်ဖြူတော်ကြီးတွေ အသက်ပြန်ဝင်လာတဲ့အခါမှာ ထွက်ရပ်ပေါက် အထက်ပုဂ္ဂိုလ်ကြီးများ စီရင်ထားခဲ့တဲ့ သိဒ္ဓိအမျိုး မျိုးရှိကြတဲ့ သံခမောက်ဆောင်းပုဂ္ဂိုလ်တွေလည်း အသက်ဝင် လာပြီး သာသနာတော်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြလိမ့် မယ်"

ဟု ပြောဆိုနေကြစဉ်မှာပင်. . တစ်နေရာမှ လက်ခနဲ တောက်ပလာသော အလင်းရောင်အချို့ ပေါ်ပေါက်လာလေ တော့သည်။

"ဆင်ဖြူတော်လေးစီးနဲ့ သံခမောက်ဆောင်း လေး ယောက်ရှိတဲ့နေရာက သာသနာသိုက်ကြီး ရှိတဲ့နေရာပဲ၊ အဲဒီ





နေရာနဲ့ မဝေးတဲ့နေရာမှာ ကျုပ်တို့ရှာနေတဲ့ ရှင်သူငယ်ဂမုန်း သိုက် ရှိတယ်ဗျ၊ နောက်ထပ်မီးရောင်တစ်ခု တွေ့ရင်တော့ ကျုပ် တို့ သွားရမယ့်နေရာ ဖြစ်မှာသေချာတယ်"

ဟု ပြောသည်။

ထို့နောက် အတန်ကြာအောင်ရပ်ပြီး အခြေအနေစောင့် ကြည့်နေကြသော်လည်း ဘာမှ ထူးထူးခြားခြားတော့ မတွေ့ရ သေးပေ။ အတော်လေးအချိန်ကြာမှ ဆရာကြီးက တစ်စုံတစ်ခု ကို သတိရသွားဟန်ရှိလေသည်။

"အော်. . . ကျုပ်ကလည်း အတော်ကလေး သတိမေ့ တတ်တာပဲကိုး၊ ကျုပ်တို့ သွားချင်တဲ့နေရာကို လမ်းပြပေးနိုင်တဲ့ အရာဝတ္ထု ကျုပ်ဆီမှာပါလာတာကို မေ့နေမိတယ်"

"ဘာများလဲ ဆရာကြီး"

"ကျုပ်ဆီမှာ အစီအရင်အောင်မြင်ထားတဲ့ ရှင်သူငယ် ရုပ်တုပါလာတာပဲ၊ ဒီရုပ်တုကို အဓိဋ္ဌာန်ပြုပြီး လွှတ်လိုက်ရင် ရှင်သူငယ်ဂမုန်းသိုက် ရှိတဲ့နေရာကို သိနိုင်မှာပေါ့၊ ကျုပ် အထက်ပုဂ္ဂိုလ်တွေကို တိုင်တည်ပြီးတော့ ရှင်သူငယ်ရုပ်တုကို လွှတ်လိုက်ပါ့မယ်"

ဟု ပြောပြီး ၎င်းထံမှာပါလာသော အစီအရင် အောင် မြင်ထားပြီးသော ရှင်သူငယ်ရုပ်တုကို လက်ဝါးပေါ်တင်ပြီး ဂါထာမန္တန်များ ရွတ်ဆိုပြီး မနီးမဝေးမှာ ချထားလိုက်လေသည်။

ထိုသို့ချထားပြီး နောက်သို့ဆုတ်ကာ ဂါထာမန္တန်များကို



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ဆိုနေလေသည်။

ထိုအချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

နောက်မှရပ်ကြည့်နေကြသော. . နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ကလည်း စိတ်ဝင်စားစွာဖြင့် အခြေအနေကို ကြည့်နေကြသည်။

အတန်ကြာသောအခါ ဂမုန်းရုပ်တုလေး ရှိသောနေရာမှ မီးခိုးလုံးများထလာပြီး အရောင်များ ထွက်လာလေတော့သည်။

"သတိထားနေကြပါ. . . ရှင်သူငယ် အသက်ဝင်လာပြီ၊ သူသွားတဲ့နောက်က ကျုပ်တို့ လိုက်သွားကြရမယ်"

ဟု ဆရာကြီးက ပြောသည်။

ကြည့်နေရင်းမှာပင် ထိုနေရာမှ မီးတောက်များကဲ့သို့ အလင်းရောင်များ ဖြာထွက်လာပြီး ထိုအရောင်များမှာလည်း အရောင်အမျိုးမျိုး ပြောင်းလာလေတော့သည်။

အတန်ကြာတော့ ထိုအလင်းရောင်များအတွင်းမှ လှုပ်ရှားနေသည့်သဏ္ဌာန်တစ်ခု ပေါ်ထွက်လာသည်။

ထိုအခိုက်မှာပင် တစ်နေရာမှ မြေငလျင်လှုပ်သကဲ့သို့ ဖြစ်သွားပြီး အလင်းရောင်အချို့ ပေါ်လာသည်။

"ဟိုမှာ အလင်းရောင်တစ်ခု ပေါ်လာပြီ ဆရာကြီး"

"ရှင်သူငယ်ဂမုန်းသိုက် ပွင့်သွားပြီထင်တယ်၊ ဒါပေမယ့်





လမ်းပြပေးမယ့်သူကို စောင့်ရဦးမယ်"

ထိုအချိန်မှာပင် ရှင်သူငယ် ဂမုန်းရုပ်တု ရှိနေသောနေရာမှ မီးတောက်များ ထလာသည်။

မီးတောက်များမှာ လေးငါးပေမျှ မြင့်တက်လာသည်။

ထို့ပြင် မီးတောက်မှာလည်း သာမန်မဟုတ်ဘဲ. . အရောင်အမျိုးမျိုး လက်နေလေသည်။

အတန်ကြာတော့ မီးတောက်ထဲမှ အရောင်လက်နေသည့် မီးခွက်တစ်ခု အပြင်ဘက်သို့ ထိုးထွက်လာပြီး ထိုနေရာမှ မီးလုံးတစ်လုံးမှာ အပြင်ဘက်သို့ ရောက်သွားလေတော့သည်။ နီမောင်တို့မှာ အံ့ဩဖွယ်ကောင်းသော မြင်ကွင်းကြောင့် မျက်တောင်မခတ် ကြည့်နေကြသည်။

ထိုမီးလုံးနေရာမှ ပုံသဏ္ဌာန်တစ်ခု ပေါ်ထွက်လာသည်။ အခြားမဟုတ်ပေ။

ရှင်သာမဏေတစ်ပါးကဲ့သို့ ပုံသဏ္ဌာန်ရှိနေပြီး အရောင်များ တလက်လက် တောက်ပနေလေတော့သည်။

အံ့ဩဖွယ်ကောင်းလှသောမြင်ကွင်းပင် ဖြစ်ပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# ရှင်သူငယ် ဂမုန်းသိုက်ဝင်ဆေး

သူတို့သုံးဦးရှေ့ မနီးမဝေးနေရာမှ ရပ်နေသော ပုံရိပ် သဏ္ဍာန်မှာ ရှင်သာမဏေငယ်တစ်ပါးနှင့် တူလှသောရှင်သူငယ် ဂမုန်း၏ ပုံရိပ်ကိုယ်ပွားပင်ဖြစ်ပေသည်။

မနီးမဝေးမှာ ပေါ်နေသည့် ရှင်သူငယ်ဂမုန်းပုံရိပ်မှာ သူတို့ကို စောင့်နေဟန်တူပေသည်။

"ကျုပ်တို့ကို စောင့်နေတာဖြစ်မယ်. . . သွားကြရအောင်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ထိုနေရာသို့ တိုးသွားသည်နှင့် ရှင်သူငယ်လည်း ၎င်းတို့ရှေ့မှ ထွက်သွားလေသည်။

သူတို့လည်း နောက်မှ လိုက်သွားကြသည်။

ရှင်သူငယ်သည် သူတို့နှင့် မနီးမဝေးမှ သွားနေသော်လည်း ၎င်း၏ပုံရိပ်ကို ကောင်းစွာတွေ့နေရသည်။ ထို့ပြင် ၎င်းနှင့် ပိုမိုနီးစေရန် ခြေလှမ်းခပ်သွက်သွက် လျှောက်သော်လည်း ထူးခြားမလာပေ။

ပုံမှန်လျှောက်နေစဉ်က သုံးလေးလံမျှ ကွာဝေးနေရာ ခြေလှမ်းခပ်သွက်သွက် လျှောက်တော့လည်း ပိုနီးမလာဘဲ သုံးလေးလံမျှသာ ဝေးကွာနေသည်။

၎င်းလျှောက်သွားသော လမ်းတစ်လျှောက်မှာ ပိုးစုန်းကြူးမှ အလင်းရောင်များ ထွက်နေသကဲ့သို့ အလင်းရောင်များ ဖြာထွက်နေသည်။

ထို့ကြောင့် နောက်မှ လိုက်ကြရသူများအဖို့ အခက်အခဲမရှိကြတော့ပေ။ နီမောင်မှာ ၎င်းတစ်သက်တာတွင် ထိုမျှ ထူးဆန်းသော မြင်ကွင်းမျိုးကို မမြင်ဖူးသေးသောကြောင့် များစွာ အံ့သြနေမိလေသည်။

ရှေ့မှသွားနေသည့် ရှင်သူငယ်မှာ သူတို့နှင့် မနီးမဝေးမှာ အလင်းရောင်များ ထွက်နေသည့်နေရာဘက်သို့ ဦးတည်သွားနေခြင်းပင်ဖြစ်သည်။

ထိုနေရာနှင့် မနီးမဝေးနေရာ ရောက်သောအခါ အ-





ပေါက်ဝနှင့် အနီးတစ်ဝိုက်တွင် သွားလာလှုပ်ရှားနေကြသည့် ပုံရိပ်များကို တွေ့မြင်ကြရသည်။

ထိုနေရာနှင့် နီးလာသောအခါ အတွင်းမှ ကြေးစည်တီးသံ၊ ဖားစည်တီးသံ၊ ခေါင်းလောင်းထိုးသံများ ကြားလာရသည်။

ထိုအသံများမှာ ဂူအတွင်းပိုင်းဆီမှ ကြားနေရခြင်းဖြစ်ပေသည်။

"ဒီအသံတွေဟာ ကျုပ်တို့ကို ဝင်ခွင့်ပေးတယ်ဆိုတဲ့ အကြောင်း အချက်ပေးတဲ့အသံတွေပဲ ဖြစ်တယ်၊ ရှင်သူငယ်နောက်ကသာ လိုက်ကြရမယ်"

ဟု ပြောပြီး လိုက်သွားကြလေသည်။

ဂူပေါက်ဝနှင့် နီးလာသောအခါမှ စောစောက လှမ်းမြင်နေရသောပုံရိပ်များမှာ အခြားမဟုတ်ကြဘဲ ဂမုန်းစားဘီလူးများ ဖြစ်နေသည်ကို တွေ့ရသည်။

ဒီတစ်ခါမှာတော့ ဂမုန်းစားဘီလူးများက သူတို့ကို ရန်မူမည့် လက္ခဏာမျိုးမပြဘဲ ဂူပေါက်ဝနှင့် အနီးတစ်ဝိုက်မှာသာ သွားလာလှုပ်ရှားနေကြလေသည်။

ဂူပေါက်ဝနှင့် နီးသောအခါ အတွင်းမှ ဂမုန်းစားဘီလူးအချို့ ထွက်လာပြီး သူတို့ရှိရာဘက်သို့ ပြေးလာကြသည်။ ၎င်းတို့အမူအရာများကိုကြည့်ရုံနှင့် သူတို့ကို ဂူထဲမဝင်နိုင်စေရန် တားဆီးကြမည့် လက္ခဏာမျိုးဖြစ်မှန်း သိသာလှသောကြောင့် ဦးဆိုမိသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူတို့ထင်သလိုတော့ ဖြစ်မလာပါချေ။

ဂူအတွင်းမှ လက်နက်များကိုင်လျက် ပြေးထွက်လာကြသည့် ဂမုန်းစားဘီလူးများမှာ ရှင်သူငယ်အနားသို့ ကပ်နိုင်ဖို့မဆိုထားနှင့်၊ ၎င်းကိုယ်မှ ထွက်နေသောအရောင်များအနီးသို့ပင် မကပ်နိုင်ကြဘဲ ဖယ်ရှားပေးကြရလေသည်။

သို့သော်လည်း ဝေးဝေးသို့ ပြေးထွက်သွားခြင်းမျိုး မဟုတ်ဘဲ အလင်းရောင်နှင့်လွတ်သော အမှောင်ရိပ်များထဲမှာ တန်းစီရပ်လျက် သူတို့အခြေအနေကို မျက်လုံးပြူးကြီးများဖြင့် ကြည့်နေကြခြင်းဖြစ်သည်။

အမှောင်ထဲမှာ နီရဲနေသော ၎င်းတို့မျက်လုံးများကို အတိုင်းသား မြင်နေကြရသည်။

သို့သော်လည်း သူတို့ ဂူပေါက်ဝနှင့် မနီးမဝေး ရောက်တော့မှ ကြားနေရသော ကြေးစည်သံ၊ ဖားစည်သံ၊ ခေါင်းလောင်းသံများ ရုတ်တရက် တိတ်သွားပြီး ဂူပေါက်ဝလည်း အလိုအလျောက် ပြန်ပိတ်သွားလေတော့သည်။

သို့သော်လည်း ရှင်သူငယ်က ရပ်တန့်မနေဘဲ တိုးဝင်သွားရာ ၎င်းထံမှ ထွက်နေသည့်အရောင်များနှင့် ထိသောအခါ ဂူပေါက်ဝမှာ ပိတ်ထားသော ကျောက်ဖျာချပ်ကြီးများက အလိုအလျောက် ပြန်ပွင့်လာကြလေသည်။

ပွင့်နေသော ဂူပေါက်ဝမှ . . ရှင်သူငယ် အတွင်းသို့ ဝင်သွားရာနောက်မှ လိုက်လာကြသော လူသုံးယောက်တို့လည်း





အလျှင်အမြန် ဝင်လိုက်သွားကြရလေသည်။

အတွင်းသို့ ရောက်သောအခါ ပိတ်ဖြူစင်ကြယ် ဝတ်ထားပြီး မုတ်ဆိတ်မွေးအဖြူများရှိသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ ၎င်းက ရှင်သူငယ်ကို မြင်သောအခါ လက်အုပ်ချီလျက် နံဘေးသို့ ကပ်ပေးလိုက်လေသည်။

ထို့နောက်မှာတော့ ကျောက်ဂူအတွင်းပိုင်းမှာ ရှိနေသော ဂူပေါက်ဝတစ်ခုအတွင်းသို့ ဝင်ကြရပြန်သည်။

ဂူအတွင်းရောက်ကတည်းက သူတို့နောက် မနီးမဝေးမှ လိုက်လာကြသော ဂမုန်းစားဘီလူးများမှာ ထိုဂူပေါက်ဝနေရာမှာပင် ကျန်ခဲ့ကြလေသည်။

အတွင်းရောက်တော့ နောက်ထပ်ကြောက်စရာကောင်းသော အစောင့်များကို ထပ်တွေ့ရပြန်သည်။

၎င်းတို့လည်း တားဆီးရန် ကြိုးစားကြသော်လည်း ဘယ်လိုမှ မတတ်နိုင်တော့သဖြင့် နံဘေးသို့ ဖယ်ပေးကြရလေသည်။

နောက်တစ်နေရာရောက်တော့ ရှေ့မှာရပ်နေသော သစ်ခေါက်ရေဆိုးသင်္ကန်းကို ဝတ်ထားပြီး ဒေါက်ချာဆောင်းထားသည့်ရသေ့နှင့် ထပ်တွေ့ရသည်။

၎င်းမှာလည်း ရှင်သူငယ်ကို တွေ့မြင်သောအခါ လက်အုပ်ချီလျက် အရိုအသေပေးပြီး နံဘေးသို့ ဖယ်ပေးပြန်လေသည်။ ထို့နောက်မှာတော့ အတွင်းဘက်သို့ ဆက်ဝင်သွားကြလေရာ အထဲတွင် သဘာဝကျောက်ဂူကဲ့သို့ မဟုတ်ဘဲ ဆိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားသကဲ့သို့ ခန်းနားလှသော အခန်းတစ်ခုတွင်း ရောက်သွားကြသည်။

ထိုအခန်းထဲမှာလည်း နံရံလေးဖက်လေးတန်နေရာများမှာ ဂမုန်းစားဘီလူးများရော အခြားပုံပန်းသဏ္ဌာန်အမျိုးမျိုး ရှိကြသည့်အစောင့်များ ရှိနေကြသည်။

အားလုံးမှာ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုးရှိနေကြပြီး ၎င်းတို့အခြေအနေကို ကြည့်နေကြဟန်ရှိကြသည်။

ရှင်သူငယ်က နံရံတစ်နေရာအနီးသို့ ရောက်သောအခါ ရပ်တန့်သွားလေသည်။

အတန်ကြာတော့ ၎င်းကိုယ်မှ ထွက်နေသည့် အလင်းရောင်များနှင့်ထိသော ကျောက်နံရံတစ်နေရာမှ အပေါက်ဝတစ်ခု ပေါ်လာသည်။

ဂူပေါက်ဝ ပွင့်သွားသည်နှင့် အတွင်းမှ ထူးခြားဆန်းကြယ်သောရောင်ခြည်များ ဖြာထွက်လာလေသည်။

ထိုရောင်ခြည်များ ထွက်ပေါ်လာသောအခါ ရှင်သူငယ်က ထိုဘက်သို့မျက်နှာမူပြီး လက်အုပ်ချီလျက် အရိုအသေ ပေးနေသည်ကိုလည်း တွေ့ရသည်။

ရှင်သူငယ်က ထိုနေရာမှာပင် ရပ်တန့်နေပြီး သူတို့ကို အတွင်းသို့ ဝင်သွားရန် လက်ညှိုးထိုးပြနေလေသည်။ သို့ကြောင့် သုံးယောက်သား ထိုဂူပေါက်ဝအတွင်းသို့ ဝင်သွားကြလေသည်။





အတွင်းရောက်သောအခါ ဝတ်ဖြူစင်ကြယ် ဝတ်ထားသည့် သူတော်စင်တစ်ပါးကို တွေ့ရသည်။

"သင်တို့သည် ရှင်သူငယ်အကူအညီဖြင့် ဒီနေရာအထိ ရောက်အောင် လာနိုင်ခဲ့ကြပေပြီ၊ ဒီနေရာသည် သာမန်လူတို့ ရောက်ဖို့ မဆိုထားနဲ့၊ အိပ်မက်ထဲမှာပင် မတွေ့နိုင်သောနေရာပင် ဖြစ်တယ်၊ ဘာအလိုရှိသဖြင့် ရောက်လာကြတာလဲ"

ဟု တည်ငြိမ်သောအသံဖြင့် မေးလေသည်။

"ဆေးဘုရားနဲ့ ဆေးပုရပိုက်ကို အလိုရှိပါတယ်ခင်ဗျား"

"ဆေးဘုရားနဲ့ဆေးပုရပိုက်က သာမန်လူတို့နဲ့ မအပ်စပ်ပေဘူး၊ ဘယ်လိုရည်ရွယ်ချက်နဲ့ အလိုရှိတာလဲ"

"ဒုက္ခရောက်နေတဲ့သူတွေကို ကယ်တင်ပေးဖို့အတွက် ဖြစ်ပါတယ်၊ ကိုယ်ကျိုးအတွက် သုံးစွဲရန် မဟုတ်ပါ"

သူတော်စင်ကြီးက မျက်စိမှိတ်လျက် အတန်ကြာအောင် ငြိမ်သက်သွားပြီးမှ. . .

"အင်း. . . သင်ပြောတာ မှန်ကန်ပေတယ်၊ သင်တို့ဟာ စိတ်ထားဖြူစင်သူတွေ ဖြစ်ကြတယ်၊ ဒါပေမယ့် ဆေးဘုရားနဲ့ ဆေးပုရပိုက်ကိုတော့ ပင့်ဆောင်ခွင့် မရနိုင်ပေဘူး၊ ဖူးမျှော်ခွင့်တော့ရမယ်၊ ပြီးလျှင်. . . သင်တို့အတွက် ထိုက်တန်သော ဆေးတော်များ ရပေလိမ့်မယ်၊ ဒီဆေးတော်များဟာ သိဒ္ဓိရှိပြီးသားပေမို့ သင်တို့အလိုရှိရာ အသုံးပြုနိုင်ကြပေလိမ့်မယ်"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ သုံးယောက်သား များစွာဝမ်းမြောက်သွားကြလေသည်။ ထို့နောက်မှာတော့ သူတော်စင်ကြီးက အခန်းအလယ်သို့ ခေါ်သွားသည်။

"ဟိုရွှေပလ္လင်ပေါ်မှာ တင်ထားတာ. . ရှင်သူငယ် ဆေးဘုရားပဲ၊ အောက်ပလ္လင်ပေါ်မှာ တင်ထားတာ ရှင်သူငယ် ဆေးပုရပိုက်ပဲ ဖြစ်တယ်၊ ကြံ့ကြံ့ကြိုက်တုန်း ဖူးကြပေတော့"

ဟု ပြောသဖြင့် သုံးယောက်သား ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ. . ဆေးဘုရားကို ဖူးမြော်ကန်တော့ကြလေသည်။

ဆေးဘုရားမှာ မည်သို့ အစီအရင်များဖြင့် ပြုလုပ်ထားသည် မသိရဘဲ ရောင်ခြည်များက တဝင်းဝင်း တလက်လက်နှင့် ဖြာထွက်နေလေသည်။

ဆေးပုရပိုက်မှာလည်း ရွှေရောင်များ တလက်လက်တောက်ပနေလေသည်။

ထိုသို့ကန်တော့နေကြစဉ် ရွှေပလ္လင်ပေါ်မှ ထူးခြားသော အခိုးအငွေ့များ ဖြာထွက်လာသည်ကို တွေ့ရပြီး ထိုအခိုးအငွေ့များ ရှင်းသွားသောအခါ ရွှေပလ္လင်ပေါ်မှာ ဆေးဘုရားလည်း မရှိတော့ပေ။

ထို့ပြင် ဆေးပုရပိုက်လည်း ပျောက်ကွယ်သွားချေပြီ။ တအံ့တဩဖြင့် ကြည့်နေကြစဉ် သူတော်စင်ကြီးက ရွှေပလ္လင်ပေါ်သို့ လက်ညှိုးထိုးပြသဖြင့် ဆရာကြီးဒီပက နေရာမှထသွားပြီး





ကြည့်သည်။

ရွှေပလ္လင်ပေါ်တွင် ထူးခြားသောအရောင်များဖြင့် ဝင်းလက်တောက်ပနေသော ဆေးတော်ငါးလုံးကို တွေ့မြင်ရသည်။

"ဒီဆေးတော်များမှာ ဆေးဘုရား၏ကိုယ်ပွား ဆေးတော်များပင် ဖြစ်ပေသည်၊ သင်တို့နှင့် ထိုက်တန်သဖြင့် ရရှိသောဆေးတော်များလည်း ဖြစ်ပေသည်၊ ဤဆေးတော်များကို ဉာဏ်ရှိသရွေ့ သုံးစွဲမည်ဆိုပါက သင်တို့၏အလိုဆန္ဒအဝဝတို့လည်း ပြည့်စုံအောင်မြင်ကြပေလိမ့်မည်. . . ယူဆောင်သွားပေလော့"

ဟု ပြောသဖြင့် ဆရာကြီးက လက်အုပ်ချီလျက် ဆေးတော်ငါးလုံးကို ယူဆောင်လိုက်လေသည်။

"ကဲ. . . အချိန်ရှိတုန်း အလိုရှိရာ သွားကြပေတော့၊ ဘဝတစ်သက်တာမှာ သစ္စာတရားနဲ့ ကိုယ်ကျင့်တရားကောင်းဖို့နဲ့ ရတနာသုံးပါး အနန္တောအနန္တငါးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို မမေ့ကြစေနဲ့"

"အဘပြောတဲ့အတိုင်း ကျွန်တော်တို့ ကြိုးစားဆောင်ရွက်ပါ့မယ်ခင်ဗျား"

ထိုသို့ပြောဆိုကတိပေးတာ သူတော်စင်ကြီးကို ကန်တော့ပြီး အပြင်သို့ ပြန်ထွက်ကြလေသည်။

အပြင်ထွက်ကာနီးမှ နောက်သို့ လှည့်ကြည့်လိုက်သောအခါ သူတော်စင်ကြီးကို မတွေ့ရတော့ဘဲ. . ရွှေပလ္လင်ပေါ်မှာတော့ ဆေးဘုရားနှင့် ဆေးပုရပိုက်တို့ နေသားမပျက်ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေသည်။

အပြင်ဘက်သို့ ရောက်သောအခါ ရှင်သူငယ်ကို မူလ ရပ်နေသည့်နေရာမှာပင် ပြန်တွေ့ရသည်။

သူတို့ အပြင်ပြန်ရောက်လာသည်နှင့် ရှင်သူငယ်က ရှေ့မှပင် ဂူပေါက်ဝသို့ ပြန်ထွက်သွားရာ နောက်မှလိုက်သွားကြ ရလေသည်။

သူတို့ထွက်လာကြစဉ် အတွင်းပိုင်းမှ တီးလိုက်သော ကြေးစည်သံ၊ ဖားစည်သံ၊ ခေါင်းလောင်းထိုးသံများ ပေါ်ထွက် လာလေသည်။

ပြန်ထွက်လာသော လမ်းတစ်လျှောက်မှာ ဝင်လာစဉ် က တွေ့ခဲ့ရသည့် ဂမုန်းစားဘီလူးများ အပါအဝင် . . အခြား ကြောက်မက်ဖွယ်ရာကောင်းသော ပုံပန်းသဏ္ဌာန်များကို မတွေ့ ရတော့သဖြင့် နီမောင်မှာ အံ့သြနေလေသည်။

သူတို့ အပြင်ဘက်သို့ ပြန်ရောက်သည်နှင့် ဂူပေါက်ဝ လည်း ပြန်ပိတ်သွားလေသည်။

ဖြာထွက်နေသည့် အလင်းရောင်များလည်း ပျောက် ကွယ်သွားသည်။ တစ်ဆက်တည်း ကြားနေရသော ကြေးစည်သံ၊ ဖားစည်သံနှင့် ခေါင်းလောင်းသံများလည်း တိတ်ဆိတ်ငြိမ်သက် သွားလေတော့သည်။

ဂူအပြင်ဘက် ရောက်သောအခါ ရှေ့မှ သွားနေသော ရှင်သူငယ်က ရပ်တန့်ကာ သူတို့ဘက်ကို မျက်နှာလှည့်လာလေ





သည်။ ထိုအခြေအနေကို မြင်သောအခါ ဆရာကြီး သဘော ပေါက်သွားလေသည်။

"သူလုပ်ပေးရမယ့်တာဝန် ပြီးသွားလို့ သူသွားတော့ မယ်. . . ကန်တော့လိုက်ကြရအောင်"

ဟု ပြောပြီး သုံးယောက်သား လက်အုပ်ချီလျက် ကန် တော့လိုက်ကြလေသည်။

ထိုအခိုက်မှာပင် ရှင်သူငယ်ရှိနေသောနေရာမှ ဝင်း လက်သောအရောင်များ ဖြာထွက်လာရာ မျက်စိကျိန်းလုမတတ် အရောင်စူးရှလှပေသည်။

အတန်ကြာတော့မှ. . ထိုအလင်းရောင်များ တဖြည်း ဖြည်း မှေးမှိန်သွားကာ ထိုနေရာတစ်ဝိုက်မှာ အမှောင်ရိပ်များ သာ ကျန်ခဲ့လေတော့သည်။

"ရှင်သူငယ်တော့ မူလနေရာကို ပြန်ကြွသွားပြီ"

ဟု ဆရာကြီးက ပြောပြသည်။

"သူ မရှိတော့ရင်တော့ ကျွန်တော်တို့ကို အနှောင့်အ ယှက်အန္တရာယ်တွေ ရောက်လာပြီး နှောင့်ယှက်တော့မယ် ထင် တယ်"

နီမောင်က စိတ်အားငယ်စွာ ပြောလိုက်သည်။

"ဒီလောက်လည်း စိတ်အားမငယ်ပါနဲ့ မောင်နီမောင် ရယ်၊ ကျုပ်တို့ဆီမှာ ရှင်သူငယ်ထက် ပိုပြီးအားကိုးရတဲ့ဆေးတောင် တွေ ပါလာမှတော့ အန္တရာယ်တွေ နှောင့်ယှက်ကြဖို့ မဆိုထားနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အနှုသတ်တောင် မကပ်နိုင်ကြတော့ပါဘူး”

ထိုကဲ့သို့ပြောမှ နီမောင်တို့လည်း အတန်အသင့် စိတ်သက်သာရာ ရသွားကြလေတော့သည်။

ထိုအချိန်မှာပင် အရှေ့ဘက် ကောင်းကင်ထက်ဆီမှ အာရုဏ်ဦးအလင်းရောင်များ ဖြာထွက်လာသည်။

ထို့အတူ နီမောင့်စိတ်ထဲမှာလည်း မျှော်လင့်ချက်ရောင်ခြည်များ ပေါ်လာလေတော့သည်။

ထိုမျှော်လင့်ချက်များမှာ အခြားမဟုတ်ပေ။ ဆေးတော်များ ရလာခဲ့ပြီဖြစ်သဖြင့် မကြာခင်မှာ သူ့ချစ်သူ မြသင်းကြူမှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိပြီး သူတို့နှစ်ယောက်၏ ဘဝခရီးလမ်း သာယာဖြောင့်ဖြူးတော့မည့် မျှော်လင့်ချက်များပင် ဖြစ်ပေတော့သည်။

သို့သော်လည်း ဆန်းကြယ်လှသော အခြေအနေများမှာမူ ကြိုတင်မျှော်လင့်ထားသကဲ့သို့ ဖြစ်လာနိုင်ပါမည်လားဆိုသည်ကတော့ ကြည့်ကြရပေဦးတော့မည်။





# အခန်း (၁၆)

# ဘဝဇာတ်ခုံပေါ်မှ ကံကြမ္မာဇာတ်ရုပ်များ

အခြေအနေများကတော့ မိမိမျှော်လင့်သလို ဖြစ်သည်မျိုး ရှိသည်ဆိုသော်လည်း အတော်နည်းပါးလှပေသည်။

သဘာဝတရားက ဖန်တီးသည့်အတိုင်းသာ ဖြစ်ကြရသည်။ ထို့အတူ လူသားတို့သည် လက်ခံကြရပေသည်။

နှစ်သက်သည်ဖြစ်စေ. . မနှစ်သက်သည်ဖြစ်စေ. .

လိုချင်သည်ဖြစ်စေ. . မလိုချင်သည်ဖြစ်စေ သဘာဝက



www.burmeseclassic.com

www.burmeseclassic.com



ပေးသော အခြေအနေအတိုင်းကိုသာ ယူကြရသည်။

ယခုလည်း နီမောင်တို့သုံးယောက်က ဝိညာဉ်ချင်း မှား နေသော မြနှင်းဖြူနှင့် မြသင်းကြူတို့နှစ်ယောက်ကို ဆေးကုပေး ရန် ဆေးရရှိရန်အတွက် စပ်ဖန္တယ်လုံတောင်တန်းကြီးပေါ်သို့ ရက်အတန်ကြာအောင် သွားနေကြရသည်။

တကယ်ဆိုမူ နီမောင်အနေနှင့် ဤကဲ့သို့သော အခြေအ နေမျိုးတွင် ချစ်သူမြသင်းကြူအနားမှာပင် နေလိုပေသည်။

သို့သော်လည်း အခြေအနေက မပေးသောကြောင့်. . ဆရာကြီးဒီပက ခေါ်ရာနောက်သို့ လိုက်သွားခဲ့ရလေသည်။

ထိုကဲ့သို့ သူတို့သွားနေသည့်အချိန်မှာပင် နမ့်ခမ်းရွာမှာ ကျန်နေသူများမှာ အပြောင်းအလဲတစ်ခု ဖြစ်ပေါ်သွားခဲ့လေ သည်။ အခြားမဟုတ်ပေ။

နီမောင်ချစ်သူ မြသင်းကြူမှာ မြနှင်းဖြူ စိတ်ဝိညာဉ် ဝင်နေသောကြောင့် လူကသာ မြသင်းကြူ ဖြစ်နေသော်လည်း စိတ်က မြနှင်းဖြူစိတ်ဖြစ်နေသည်။

ထို့ကြောင့် သူမအနေနှင့် စိုင်းကျော်စွာကို သူမချစ်သူ အနေမျိုးဖြင့်သာ ရင်းရင်းနှီးနှီး တွေ့ဆုံဆက်ဆံလေသည်။ ထိုသို့ ဆက်ဆံကြသည်ကို မိဘများမှာလည်း ဆရာကြီးက မှာထားခဲ့ သဖြင့် မတားသာကြပေ။

မြနှင်းဖြူနှင့် မြသင်းကြူမှာ နာမည်ချင်းဆင်သလို အ သက်အရွယ်ချင်းကလည်း မကွာလှပေ။





ထို့ပြင် ချောမောလှပတာချင်းလည်း တူကြသည်။

စိုင်းကျော်စွာမှာ ပထမတော့ မြသင်းကြူကို ဟန်မပျက် ဆက်ဆံနေသော်လည်း နောက်ပိုင်း တွေ့ပါများ မြင်ပါများလာ သောအခါ အထိအတွေ့ကို မလွန်ဆန်နိုင်တော့ဘဲ မြသင်းကြူ အပေါ်မှာ အချစ်နယ်ကျွံမိသွားလေသည်။

ကာယကံရှင် မိန်းကလေးမှာလည်း အခြေအနေမှန်ကို မသိဘဲ မြနှင်းဖြူအနေနှင့် သူမလက်ထပ်ရန် ရည်စူးထားသော ချစ်သူကို ကြည်ကြည်ဖြူဖြူနှင့်ပင် ခွင့်ပေးခဲ့ပေသည်။

ထိုအကြောင်းကို မြသင်းကြူ၏မိဘများဖြစ်သော ဦး ဘန်လောက်နှင့်ဒေါ်ကောဓာတို့ ရိပ်မိသောအခါ မျက်လုံးပြူး သွားသည်။

"ကျုပ်သမီးလေးတော့ ဒုက္ခများတော့မယ် ထင်ပါရဲ့၊ ဟိုကလေးနဲ့ အတူတူသွားလာနေကြရင်းနဲ့ ငြိစွန်းသွားကြပြီ. . ဘယ်လိုလုပ်မလဲ"

"ငြိစွန်းသွားတော့လည်း ပေးစားလိုက်ရုံပဲ ရှိတာပေါ့ကွာ၊ ဟိုကလေးကရော ဘာပြောသတဲ့လဲ"

"သူကတော့ လူကြီးမိဘတွေနဲ့ တောင်းရမ်းယူပါ့မယ်လို့ ကတိပေးပါတယ်"

"ဒီလိုဆိုတော့လည်း ပြီးတာပေါ့ကွာ၊ ယောက်ျားလေး ဘက်က တင့်တင့်တယ်တယ် စီစဉ်ပေးရင် ပြီးတာပါပဲ"

"မပြီးသေးဘူး ကိုဘန်လောက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မပြီးရမှာလဲ"

"တော့်သမီးက မြသင်းကြူဆိုပေမယ့် မြနှင်းဖြူဆိုတဲ့ ဟိုမိန်းကလေးစိတ် ဝင်စားနေတာလေ၊ နောက် သူမေတ္တာရှိနေ တာကလည်း ဟိုသူငယ် မဟုတ်ဘူး. . . နီမောင်လေ၊ နီမောင် တို့ ပြန်ရောက်လာပြီး ဆေးကုပေးလို့ မူလအတိုင်း ပြန်ဖြစ်သွား ရင် အဲဒါတွေကို သူလက်ခံမှာပါတဲ့လား"

"အို. . . ငါတော့ ဘာမှ သိလည်း မသိဘူး၊ နားလည်း မလည်ဘူး၊ မင်းကောင်းသလိုသာ ကြည့်လုပ်ပေတော့"

"ဒါပေမယ့် တစ်ရက်ကနေ နှစ်ရက်တော့ အဖြစ်မခံနိုင် ဘူး၊ လူဆိုတာ အရှက်နဲ့ လူလုပ်ကြတာဆိုတော့ သူပြန်ကောင်း လာရင်လည်း သူနားလည်အောင် အခြေအနေမှန်ကို ပြောပြပြီး ဟိုသူငယ်နဲ့ပဲ ပေးစားရမှာပဲ"

ဟု ဒေါ်ကော့ဂျာက ပြောလေသည်။

ထိုရက်အတွင်းမှာပင် နီမောင်တို့က နမ့်ခမ်းရွာသို့ ပြန် ရောက်လာကြသည်။

သူတို့ပြန်ရောက်လာသဖြင့် မြသင်းကြူစိတ်ဝင်နေသည့် မြနှင်းဖြူမှာ ဝမ်းအသာကြီး ဝမ်းသာနေလေတော့သည်။

နီမောင်ခမျာမှာလည်း အခြေအနေမှန်ကို မသိရသေး သဖြင့် မကြာခင် သူ့ချစ်သူ ပုံမှန်ဘဝသို့ ပြန်ရောက်တော့မည် မှန်း သိနေသောကြောင့် ဝမ်းသာနေလေသည်။

သူတို့နှစ်ယောက်ကို ဝိညာဉ်ချင်း ပြန်လဲသည့်ကိစ္စက





တော့ ဆရာကြီးဒီပင်္ကပင် ဆောင်ရွက်ပေးသည်။ ရှင်သူငယ် ဝမုန်းသိုက်အတွင်းမှ ရလာခဲ့သည့် ဆေးတော်ငါးလုံးအား နီမောင်နှင့်ဦးဇန်ကောင်းအား တစ်ယောက်တစ်လုံးစီ ဝေပေး သည်။

"ခင်ဗျားတို့လည်း ရထိုက်တယ်ဗျ၊ ဒီဆေးတော်ကို သေ သေချာချာ သိမ်းထားပြီး ဉာဏ်ရှိသလို သုံးကြပေတော့၊ ခင်ဗျား တို့ တစ်သက်တော့ဖြင့် သုံးမကုန်တော့ဘူး"

ဟု ပြောသည်။

၎င်းက တစ်လုံးသာယူပြီး ကျန်နှစ်လုံးကိုတော့ မြနှင်းဖြူ နှင့် မြသင်းကြူတို့နှစ်ယောက်ကို တစ်ယောက်တစ်လုံးစီ တိုက် သည်။

ထိုသို့ တိုက်လိုက်သည်နှင့် ၎င်းတို့နှစ်ယောက်ကိုယ်မှာ စွဲကပ်နေသည့် အမှောင့်ပယောဂများလည်း ကင်းသွားသေ တော့သည်။

ထိုနောက်မှာတော့ နှစ်ယောက်စလုံး ဘေးချင်းယှဉ်၍ အိပ်စေကာ အိပ်ဆေးငွေ့ချပေးသည်။

အိပ်ပျော်သွားသောအခါမှ ၎င်းတို့ ဝိညာဉ်နှစ်ခုကို အပြင်သို့ ထုတ်ကာ ပြန်လဲထည့်ပေးရသေးသည်။

ပြတ်နေသော လိပ်ပြာကြိုးကိုပါ ပြန်ဆက်ပေးလိုက် သည်။

နှစ်ယောက်စလုံး အိပ်ရာမှ ပြန်နိုးလာသောအခါ မြနှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှုသည်လည်းကောင်း၊ မြသင်းကြူသည်လည်းကောင်း၊ ကိုယ်နှင့်စိတ် ပြန်မှန်သွားကာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြတော့သည်။ နှစ်ယောက်စလုံး မိဘများနှင့် ပြန်တွေ့ရသောကြောင့် ဝမ်းသာပျော်ရွှင်နေကြသလို မိဘများကလည်း ပျော်ရွှင်နေကြသည်။

မြနှင်းဖြူမှာလည်း ပုံမှန်ဘဝ ပြန်ရောက်သွားပြီမို့ သူ့ချစ်သူစိုင်းကျော်စွာနှင့် တွေ့သောအခါ သူတို့နှစ်ဦးကိစ္စကို ဆွေးနွေးတိုင်ပင်လေရာ စိုင်းကျော်စွာမှာ အခက်ကြီးခက်နေတော့သည်။

"စိုင်းကျော်စွာ. . . နင် ဘယ်လိုဖြစ်နေတာလဲ၊ အခုငါလည်း နေကောင်းသွားပြီဆိုတော့ ငါတို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စ တိုင်ပင်ရမယ်လေ၊ နင့်ကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ၊ ဘာလဲ. . . ငါ့အပေါ်မှာ သစ္စာပျက်ဖို့ ကြံနေတာလား"

"မဟုတ်ပါဘူး မြနှင်းဖြူရယ်"

သို့တိုင်အောင် စိုင်းကျော်စွာ အမူအရာမှာ တက်တက်ကြွကြွ မရှိလှပေ။

သူ့အနေနှင့် စိတ်အလိုလိုက်ခဲ့မိသောကိစ္စအတွက် ယခုမှ နောင်တကြီးစွာရနေလေသည်။

ယခုတော့ ပြင်လို့မရတော့ပေ။

"မြသင်းကြူ. . . နင် နေကောင်းသွားပြီနော်၊ နင် အခုလို ပုံမှန်အခြေအနေ ပြန်ရောက်လာတာ ငါဝမ်းသာပါတယ်"





ထိုသို့ပြောသော်လည်း မြသင်းကြူကတော့ မျက်နှာမကောင်းလှပေ။

နီမောင်ကို ကြည့်ပြီး စိတ်ထိခိုက်နေသော အမူအရာဖြင့် မျက်ရည်များသာ ကျနေလေသည်။

နီမောင်ကတော့ သူမအနေနှင့် ဝမ်းနည်းနေသည်ဟု ထင်နေသောကြောင့် အခြားတော့ ဘာမှ ဆက်မပြောတော့ပေ။ သူမအနေနှင့် မိမိဘာသာ အခြေအနေကို သိနေသည်က တစ်ကြောင်း၊ မိခင်ဖြစ်သူက တစ်စွန်းတစ်စ ပြောပြထားပြီး ဖြစ်သောကြောင့် များစွာစိတ်ထိခိုက်နေမိလေသည်။

သို့သော် လွန်သွားခဲ့ချေပြီ။

ဘာမှ မတတ်နိုင်တော့ပါချေ။

သူတို့မိသားစု ရွာမှမပြန်ခင်မှာပင် စိုင်းကျော်စွာက ၎င်းမိဘများ ခေါ်လာပြီး စေ့စပ်ကြောင်းလမ်းမှုပြုကြလေသည်။

ထိုအခါမှ မြနှင်းဖြူလည်း သဘောပေါက်သွားသလို နီမောင်မှာလည်း ခဲလေသမျှ သဲရေကျဖြစ်ကာ ရင်ထဲမှာ နင့်သွားလေသည်။

"ငါ့ကို ခွင့်လွှတ်ပါ မြနှင်းဖြူရယ်၊ ငါ နင့်အပေါ်မှာ တကယ်ချစ်ခဲ့တာပါ"

ဟု စိုင်းကျော်စွာက မြနှင်းဖြူကို တွေ့သောအခါ. . . တောင်းပန်စကား ဆိုသည်။

"တောင်းပန်စရာ မလိုပါဘူး၊ နင့်လို သစ္စာမရှိတဲ့လူမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး လမ်းခွဲရတာပဲ ကောင်းပါတယ်၊ ငါ နင့်အပေါ်မှာ စွဲစွဲလမ်းလမ်း ချစ်ခဲ့မိတာကိုပဲ နောင်တရလို့ မဆုံးပါဘူး"

ဟု ပြောလိုက်လေသည်။

စိုင်းကျော်စွာလည်း မျက်စိမျက်နှာပျက်ပြီး ပြန်သွားလေသည်။ ထိုအခြေအနေများကို သိသောအခါ နီမောင်အနေနှင့် ထိုရွာမှာ ရှိမနေသင့်တော့မှန်း သဘောပေါက်သဖြင့် ဦးဗန်ကောင်းနှင့်အတူ ငွားဇာခါးရွာသို့ ပြန်ရန် ပြင်ဆင်ကြလေသည်။

ထိုအခါ မြသင်းကြူက သူနှင့်တွေ့ပြီး တောင်းပန်သည်။

"နီမောင်. . ငါ့ကို ခွင့်လွှတ်ပေးပါ၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါမသိပါဘူး၊ ဒါပေမယ့် ငါ့ဘဝက မသန့်ရှင်းတော့ပါဘူး၊ ဒါကြောင့် နင့်လို သစ္စာကို တန်ဖိုးထားတဲ့လူမျိုးနဲ့ မထိုက်တန်တော့ပါဘူး"

"ငါနားလည်ပါတယ် မြသင်းကြူရယ်၊ ငါ နင့်အပေါ်မှာ ခွင့်လွှတ်ပါတယ်"

ထိုအခါမှပင် မြသင်းကြူက မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ရှိုက်ကြီးတငင် ငိုလေတော့သည်။

"နင်က ငါ့ဘဝအတွက် အချစ်ဦးပါ၊ မမျှော်လင့်တဲ့ အခြေအနေကြောင့် ငါ့ဘဝကိုသူ့လက်ထဲ အပ်လိုက်ရပေမယ့် ငါ သူ့ကို မချစ်ပါဘူး၊ ဒါပေမယ့် နင်က ခွင့်လွှတ်ပြီး ငါ့ကို လက်ခံပေးမယ်ဆိုရင်တောင် မသန့်ရှင်းတော့တဲ့ဘဝကို နင့်ကို မပေးချင်တော့ပါဘူး"





"မြသင်းကြူရယ်. . ."

"အခြေအနေတွေ ဘယ်လိုပဲရှိနေပေမယ့် ငါနင့်အပေါ်မှာ ချစ်ခဲ့တဲ့စိတ်ကိုတော့ ဘယ်သူ့အတွက်ကြောင့်မှ အပျက်အစီး မခံတော့ပါဘူး"

ဟု ပြောကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

နောက်ပိုင်းရက်မှာတော့ စိုင်းကျော်စွာနှင့်မြသင်းကြူတို့ မင်္ဂလာပွဲကို ထိုရွာမှာပင် အကျဉ်းချုံးပြီး ပြုလုပ်ကြလေသည်။

နီမောင်ကတော့ ထိုရက်အထိ မနေတော့ဘဲ မင်္ဂလာပွဲ မကျင်းပခင်မှာပင် ဦးဗန်ကောင်းနှင့်အတူ ငွားဇာခါးရွာသို့ ပြန်ခဲ့ကြလေသည်။

သူ့အသည်းနှလုံးကတော့ နမ့်ခမ်းရွာမှာ ကျန်ရစ်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

# မေတ္တာဝက်ပါလမ်း

နီမောင်အနေနှင့် ရွာသို့ ပြန်ရောက်လာသောအခါမှာလည်း စိတ်ကတော့ ပြန့်လွင့်လျက်ပင်ရှိနေသေးသည်။

ဘဝကံအကြောင်း မကောင်းခဲ့သော ချစ်သူမြသင်းကြူ အကြောင်းကို တွေးမိတိုင်း စိတ်မကောင်းဖြစ်နေမိလေသည်။

မည်သူ့ကို အပြစ်တင်ရမှန်း မသိသော်လည်း ထိုသို့ဖြစ်ရခြင်းအတွက် ရင်ထဲမှာနာကျင်နေမိသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ရဲ့ဘဝခရီးလမ်းတစ်လျှောက်မှာ ပျော်ရွှင်ချမ်းမြေ့မှုများနှင့် တွေ့ရပါစေလို့ပဲ ငါ ဆုကောင်းပေးလိုက်ပါတယ် မြသင်းကြူရယ်"

ဟု ရေရွတ်နေမိသည်။

ရက်အနည်းငယ်ကြာသောအခါ မြသင်းကြူနှင့် ပတ်သက်သည့်အကြောင်းကို မေ့နိုင်သမျှ မေ့အောင် ကြိုးစားနေရလေသည်။

သူတို့နှစ်ယောက်ကြားမှာ စည်းခြားထားနေပြီဖြစ်သောကြောင့် ထိုကဲ့သို့ သတိရဆုတောင်းပေးနေရသည်မှလွဲပြီး အခြားတော့ မတတ်နိုင်တော့ပါချေ။

နောက်ပိုင်းမှာတော့ မြနှင်းဖြူအကြောင်းကိုပါ သတိရလာလေသည်။

မြနှင်းဖြူမှာ မြသင်းကြူ စိတ်ဝိညာဉ် ဝင်နေစဉ်အချိန်က သူ့အပေါ်မှာ ချစ်သူတစ်ယောက်ပမာ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ပုံများကိုလည်း မမေ့နိုင်အောင် ရှိနေတော့သည်။

ထိုသို့ သတိရမိတိုင်း မြနှင်းဖြူ၏အမူအရာလေးကိုပါ ပြန်လည်မြင်ယောင်လာမိလေသည်။

"ငါတို့အဖြစ်ကဲ ဆိုးသလို သူ့ရဲ့ဘဝကလည်း သနားစရာပါပဲ၊ ချစ်သူအပေါ်မှာ ဘဝနဲ့ပုံပြီး ချစ်ခဲ့ရပေမယ့် မဆုံစည်းခဲ့ရဘူး၊

ငါက ယောက်ျားလေးမို့ တော်သေးတယ်၊ သူ့ခမျာမှာ





တော့ ချစ်သူနဲ့ မဆုံခဲ့ရတဲ့အပြင် အရှက်ပါ ရလိုက်သေးတယ်၊ သနားစရာပါပဲ၊

ဒါပေမယ့် ဘာမှား တတ်နိုင်ပါ့မလဲလေ၊ ငါတို့အားလုံးက လောကရဲ့သားကောင်တွေပဲဆိုတော့ သူစေလိုရာ လိုက်ကြရမှာပေါ့လေ"

ဟု တွေးတောနေရုံမှလွဲပြီး အခြားဘာမှမတတ်နိုင်တော့ပါချေ။

တစ်နေ့သည် နီမောင် စိုက်ခင်းထဲမှာ ရှိနေစဉ် . . သူ့သူငယ်ချင်းများ ဖြစ်ကြသည့် စောထီးနှင့်ငမဲအောင်တို့ ရောက်လာကြသည်။

"အော် . . စောထီးနဲ့ ငမဲအောင်တို့ပါလား . . . လာကြကွာ"

"ငါတို့လည်း မင်းနဲ့မတွေ့ကြရတာ အတော်ကြာပြီ၊ မင်းဟိုဘက်ရွာ လိုက်သွားကတည်းက ဆိုပါတော့"

"ဟုတ်တယ် နီမောင်၊ မင်းနဲ့မြသင်းကြူတို့ သတင်းကြားရတာလည်း စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်"

"ရပါတယ်ကွာ . . . ကံတရားအတိုင်းပဲပေါ့၊ ငါ သူ့အပေါ်မှာ ဘယ်လိုမှ သဘောမထားတော့ပါဘူး"

"ဒါတော့ . . ဒါပေါ့ကွာ . . တကယ်ချစ်ခဲ့ကြပြီးမှ မဆုံစည်းခဲ့ကြတော့ ရင်ထဲမှာတော့ အတော်လေး ခံစားနေရမယ်ဆိုတာ ငါတို့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စောထီးစကားကြောင့် နီမောင်က သက်ပြင်းတစ်ချက် ချကာ အဝေးမှာ လှမ်းမြင်နေရသော တောင်တန်းကြီးများ ရှိရာသို့ မျှော်ကြည့်နေသည်။

တောင်တန်းကြီးများဆီမှာ မြူနှင်းတွေ ဝေ့ဆိုင်းနေသလား၊ ဒါမှမဟုတ် သူ့မျက်ဝန်းမှာ မျက်ရည်များ ဝေ့နေသလား မပြောတတ်ပေ။

မြင်ကွင်းများက ဝေဝါးနေသည်။

အတန်ကြာတော့မှ ငမဲအောင်က ပြောသည်။

"ငါတို့ လာတာ တခြားမဟုတ်ဘူးကွ၊ ရွာထဲမှာ ငါတို့ရွာကို ဟိုဘက်ရွာကဧည့်သည်တွေ ရောက်နေကြလို့ မင်းကို လာခေါ်ကြတာ"

"ဟင်. . . ဘယ်သူတွေလဲ"

"နမ့်ခမ်းရွာကလို့တော့ ပြောတယ်၊ မြသင်းကြူနဲ့ ရုပ်ချင်းအတော်တူတဲ့ မိန်းကလေးလည်း ပါလာတယ်၊ ဦးဇန်ကောင်းလည်း ရောက်နေတယ်"

ဟု ပြောသဖြင့် အလုပ်သိမ်းကာ အိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်ရောက်တော့ မြနှင်းဖြူတို့ မိသားစုသုံးယောက်ကို တွေ့ရသည်။

သူရောက်တော့ နီမောင့်ဖခင် ဦးဘရှိန်က ပြောပြလေသည်။





"သူတို့က ဟိုဘက်ရွာက လာကြတာတဲ့၊ မိန်းကလေးက သူ့ရဲ့ကျေးဇူးရှင်တွေကို ကန်တော့ရင်းနဲ့ ကျေးဇူးဆပ်ဖို့ လာတာလို့ ပြောတယ်"

ထိုစကားကြောင့် နီမောင်မှာ အံ့သြသွားလေသည်။

"ဟုတ်ပါတယ်. . . ကျွန်မတို့ အခုလို မူလဘဝ အခြေအနေ ပြန်ရောက်အောင် ဆရာကြီးတို့နှစ်ယောက်နဲ့ ကိုနီမောင်တို့ သက်စွန့်ဆံဖျား ဘယ်ပုံဘယ်နည်း ဆေးရအောင် ယူခဲ့ရတယ်ဆိုတာ သိရပါတယ်"

မြနှင်းဖြူကပြောသဖြင့် နီမောင်က တအံ့တသြ ကြည့်နေလေသည်။

"ဒါကြောင့် ကောင်းမှုလုံရွာမှာရှိတဲ့ ဆရာကြီးကို ဝင်ကန်တော့ခဲ့ပြီးပါပြီ၊ အခု ဒီရွာကိုလာတာ. . ဒီက ဆရာကြီးနဲ့ ကိုနီမောင်ကို ကန်တော့ချင်လို့ လာခဲ့တာပါ"

"ကျွန်တော့်ကိုတော့ မကန်တော့ပါနဲ့ မြနှင်းဖြူ ဆရာကြီးဦးဇန်ကောင်းကိုသာ ကန်တော့ပါ၊ ကျွန်တော်တို့နှစ်ယောက်က အသက်အရွယ်ချင်းလည်း မကွာလှပါဘူး"

"ကျွန်မက ကျေးဇူးတရားကို ကန်တော့တာပါ၊ အသက်အရွယ်ကို ကန်တော့တာ မဟုတ်ပါဘူး၊ ဒီကျေးဇူးအပြင် ကိုနီမောင်ကို ကျေးဇူးတင်ရမယ့်ကိစ္စတွေ ဖများကြီး ကျန်ပါသေးတယ်"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ညည့်သည့်ဘော့ဇူးတရားတွေ ဖြစ်မည်ကိုတော့ သူ မသိသေး။ သေလာသောဆယ်မှာတော့ ဦးဗန်ကောင်းက ခေါ်သဖြင့် နီမောင်မှာ သူနှင့်အတူ ရောယောင်ပြီး ကန်တော့ခံရလေသည်။

ပြီးလျှင် သူမတို့ရွာမှ တကူးတက ယူလာသော စားသောက်ဖွယ်ရာ လက်ဆောင်များကို ပေးကြသည်။

ပြီးသောအခါမှ ဦးစိုင်းလုံက ပြောသည်။

"ကျုပ်တို့ အခုလာကြတာ ဒီကိစ္စအပြင် တခြားကိစ္စလည်း ရှိပါသေးတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ သားရေးသမီးရေးကိစ္စပါပဲ"

ထိုစကားကြောင့် ကြားရသူများမှာ မျက်လုံးပြူးသွားသည်။ အံ့ဩသွားကြသည်။

နီမောင်ကိုယ်တိုင်ပင် များစွာအံ့ဩသွားလေသည်။

"ကျုပ်ကတော့ စကားကို သွယ်သွယ်ဝိုက်ဝိုက်လည်း မပြောတတ်ပါဘူး၊ ကျုပ်သမီးလေးနဲ့ မောင်နီမောင်နဲ့ လက်ဆက်ပေးဖို့ကိစ္စပါပဲ၊ ဒီဘက်က လူကြီးမိဘတွေကို လာပြီး အသိပေး ခွင့်တောင်းတာပါပဲ"

ထိုစကားကြားသောအခါ ဦးဘရှိန်က ဝတ္တရားရှိသည့်အတိုင်း ပြန်ပြောလေသည်။

"ကျုပ်တို့အနေကတော့ ထွေထွေထူးထူး ကန့်ကွက်ပြောဆိုစရာ မရှိပါဘူး၊ ကာယကံရှင်ဖြစ်တဲ့ ကျုပ်သား သဘောတူရင် ပြီးတာပါပဲဗျာ"





ဟု ပြောရာ လူကြီးများက နီမောင်သဘောကို တစ်ဆိုင်တည်း မေးကြလေသည်။

နီမောင်မှာ မမျှော်လင့်သော အခြေအနေကြောင့် ထူပူသွားပြီး မည်သို့ပြန်ပြောရမှန်း မသိပေ။

နောက်မှ သေသေချာချာ စဉ်းစားပြီး ပြောလိုက်သည်။

"ကျွန်တော့်အနေနှင့်ကတော့ ဘာမှ ငြင်းစရာမရှိပါဘူး ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ မြနှင်းဖြူရဲ့သဘောကို မေးခွင့်ပြုပါ"

ဟု ခွင့်တောင်းလေသည်။

လူကြီးများကလည်း ခွင့်ပေးကြလေသည်။

"ကျုပ်တို့လည်း ဒီမှာ အေးအေးဆေးဆေး နေကြဦးမှာ ဆိုတော့ လူငယ်ချင်း အေးအေးဆေးဆေး ပြောဆိုဆွေးနွေးကြပေါ့"

ဟု ခွင့်ပေးလေသည်။

ထို့ကြောင့် ညအချိန်ရောက်သောအခါ မြနှင်းဖြူနှင့် နှစ်ယောက်ချင်းတွေ့ကာ . . သူမ သဘောထားကို မေးရလေသည်။

"လူကြီးတွေကတော့ ကျွန်တော်တို့ နှစ်ယောက်ကို နေရာချပေးချင်ကြတယ်၊ မြနှင်းဖြူရဲ့သဘောဆန္ဒကရော ဘယ်လို ရှိသလဲဟင်"

"ကျွန်မသဘောကို မပြောခင် ကိုနီမောင်ရဲ့သဘော



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထားကို အရင်ပြောပါဦး"

"ကျွန်တော်တို့နှစ်ယောက်က ဘဝတူတွေပါ၊ ဒါကြောင့် ကံတူအကျိုးပေးလို့လည်း ထင်မိပါတယ်၊ မြနှင်းဖြူကသာ လက်ခံမယ်ဆိုရင် ကျွန်တော် မြနှင်းဖြူနဲ့ လက်ထပ်ပါ့မယ်"

"ကျွန်မကလည်း ကိုနီမောင်နဲ့ တစ်သဘောတည်း ရှိပါတယ်၊ ကိုနီမောင်ကသာ ဒီကိစ္စကို လက်ခံမယ်ဆိုရင် ကျွန်မအနေကလည်း ဒီကိစ္စကို မငြင်းပါဘူး"

"ဒီစကားကြားရတာ ကျွန်တော် ဝမ်းသာပါတယ် မြနှင်းဖြူရယ်၊ တကယ်တော့ ကျွန်တော်တို့နှစ်ယောက်စလုံး ကိုယ့်ဘက်က သစ္စာပျက်မှုမရှိပါဘဲ အရှုံးသမားတွေ ဖြစ်ခဲ့ရတာပါ"

"သူတို့ ဒီလိုဖြစ်သွားကြတော့ ကျွန်မတို့နှစ်ယောက် အခုလို ဆုံစည်းဖို့ ဖြစ်လာတယ်လို့ရော ကောင်းတဲ့ဘက်က မတွေးမိဘူးလား"

"တွေးမိပါတယ် . . . စိတ်ထဲမှာလည်း အတော်ကလေး အံ့သြနေမိပါတယ်"

"ကျွန်မကတော့ ဖူးစာရှိတဲ့သူနဲ့ ကြုံဖန်ပြီး ဆုံစည်းရတယ်လို့ပဲ သဘောထားပါတယ်၊ ဒါပေမယ့် ကျွန်မကိုယ်ကျွန်မတော့ စိတ်မသန့်သလို ဖြစ်နေမိတယ်"

"ဘယ်လိုကြောင့်လဲဟင်"

"ကျွန်မက လူကသာ သန့်ရှင်းနေပေမယ့် စိတ်က မသန့်ရှင်းခဲ့ဘူးလို့ ကိုနီမောင်ထင်နေမှာ စိုးရိမ်နေမိတာပါ"





ထိုစကားကြားတော့မှ နီမောင်မှာ သဘောပေါက်သွားလေတော့သည်။

"ကျွန်တော် ဒီလောက် သဘောထားမသေးသိမ်ပါဘူး ကိုယ်နဲ့ ဘဝခရီးလက်တွဲဖော်အဖြစ် ရည်စူးထားပြီးတဲ့သူ့အပေါ်မှာ အရှုံးအမြတ်တွက်တဲ့အတွေးမျိုး တစ်ခါမှ မတွေးခဲ့သေးပါဘူး"

"ဒီစကားကြားရတာ ကျွန်မ ဝမ်းသာပါတယ် ကိုနီမောင်ရယ်၊ ဒါ့ထက် ကိုနီမောင် မြသင်းကြူအကြောင်း မတွေးမိဘူးလားဟင်"

"သူ့အတွက် စိတ်မကောင်းဖြစ်မိတာကလွဲပြီး တခြားဘာမှတော့ မတွေးမိတော့ပါဘူး၊ သူနဲ့ကျွန်တော်က ဘဝစည်းခြားသွားခဲ့ပါပြီ"

"တကယ်တော့ မြသင်းကြူဟာ သနားစရာပါပဲ၊ ချစ်သူအပေါ်မှာ သစ္စာမပျက်ပါဘဲ မေတ္တာမပျက်ခဲ့ပါဘဲနဲ့ သစ္စာမရှိတဲ့သူတစ်ယောက်ကြောင့် အခုလိုဘဝမျိုးနဲ့ ကြုံခဲ့ရတာပါ၊ တကယ်တော့ သူ့မှာ ဘာမှအပြစ်မရှိပါဘူး"

ဟု ပြောရာ နီမောင်က ဘာမှ ပြန်မပြောဘဲ အခြားနေရာဘက်သို့ ငေးကြည့်နေသည်။

"ကျွန်မ ကိုနီမောင် စိတ်မကောင်းဖြစ်အောင် ပြောနေတာ မဟုတ်ပါဘူး၊ တကယ်တော့ မြသင်းကြူက အားလုံးအတွက် အနစ်နာခံပေးသွားတာပါ၊ သူ မချစ်မနှစ်သက်တဲ့လူရဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်မှာ တစ်သက်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဘဝနဲ့ နေသွားရမယ့်ဘဝမျိုးကို တွေးကြည့်ရင်တောင်မှ ရင်မချိစရာပါပဲ"

"တော်ပါတော့ မြနှင်းဖြူရယ်၊ သူ့အကြောင်းတွေကို မပြောပါနဲ့တော့ဗျာ၊ တကယ်တော့ သူက ကျွန်တော့်အပေါ်မှာ သစ္စာမဖောက်ခဲ့သလို ကျွန်တော်ကလည်း သူ့အပေါ်မှာ သစ္စာမဖောက်ခဲ့ပါဘူး၊ ဒါပေမယ့်. . ကံကြမ္မာ ဇာတ်ဆရာရဲ့ကြိုးဆွဲရာကနေကြတဲ့ လောကသားကောင်တွေရဲ့ဘဝမှာ ကျွန်တော်တို့ ဘာများတတ်နိုင်ပါမလဲဗျာ"

မြနှင်းဖြူက နီမောင့်မျက်နှာကို ငေးကြည့်နေသည်။

"ကိုနီမောင် အတော်စိတ်ထိခိုက်နေသလားဟင်"

နီမောင်က ခေါင်းခါပြလိုက်သည်။

"အခုအချိန်မှာ သူ့အကြောင်းကို မတွေးသင့်တော့ပါဘူး၊ စည်းတစ်ခု ခြားနေပြီဆိုတော့ ကျွန်တော်တို့အနေနဲ့ ဘာမှမတတ်နိုင်တော့ပါဘူး"

"ဟုတ်ပါတယ်"

"အခုလောလောဆယ်တော့ မြနှင်းဖြူနဲ့ကျွန်တော်တို့ဘဝရှေ့ရေးကို တိုင်ပင်ဆွေးနွေးကြရင် ပိုမကောင်းဘူးလား"

မြနှင်းဖြူမျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးကလေးများ ပေါ်လာလေသည်။

"ကိုနီမောင် ကျွန်မအပေါ်မှာ အစားထိုးအချစ်မျိုးနဲ့ မဟုတ်ဘဲ တကယ့်မေတ္တာစစ်နဲ့ ချစ်နိုင်မှာလားဟင်"





"လေးညှို့တစ်ခုမှာ မြားတံတွေ အများကြီး တပ်ချင်လိုရာမရောက်နိုင်ပါဘူး၊ မြားတစ်စင်းထဲ တပ်ပြီး ပစ်မှတ်တောင်ခုတည်းကိုပစ်မှ စူးစူးနစ်နစ်နဲ့ ထိရောက်နိုင်ပါတယ်၊

မြသင်းကြူက ကျွန်တော့်ဘဝထဲက ထွက်သွားခဲ့ပါပြီ၊ အခုအချိန်မှာတော့ မြနှင်းဖြူကသာ ကျွန်တော့်ဘဝအတွက်တစ်ဦးတည်းသောချစ်သူအဖြစ်နဲ့ တစ်သက်လုံး ချစ်သွားမှာပါ"

မြနှင်းဖြူက ဝမ်းသာသဖြင့် ဝဲလာသော မျက်ရည်စကလေးများဖြင့် သူ့ဘက်သို့ ယိုင်ကျလာရာ နီမောင်က ပခုံးလေးကို ဖက်ပြီး ရင်ခွင်ထဲမှာ ထားလိုက်သည်။

"ဒီစကားကြားရတာ ကျွန်မဝမ်းသာပါတယ် ကိုမောင်ရယ်"

"မြကရော ကိုမောင့်အပေါ်မှာ တကယ်ချစ်နိုင်ရဲ့လား"

"ကျွန်မ ကိုနီမောင်အပေါ်မှာ မေတ္တာစစ်နဲ့ ချစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ အခု လာကန်တော့တဲ့ အကြောင်းရင်းက ကိုမောင်နဲ့ တွေ့ချင်တာလည်း ပါတယ်၊ နောက်တစ်ခုက. . ကိုမောင့်အပေါ်မှာ ကျေးဇူးဆပ်ချင်တာတွေ ရှိနေလို့ပါ"

"မြတို့ နေကောင်းသွားဖို့အတွက် တောထဲမှာ ဆေးရှာတဲ့ကိစ္စက ဆရာကြီးတွေ ဆောင်ရွက်ကြတာပါ၊ ကိုမောင်က နောက်က အဖော်လိုက်သွားခဲ့တာပါ"

ဟု ပြုံးပြီးပြောသည်။

"ဒါတင်မကပါဘူး. . . ကျွန်မ မြသင်းကြူစိတ်ဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်နဲ့ ချစ်သူတစ်ယောက်လို နေခဲ့ပေမယ့် ကျွန်မအပေါ်မှာ အခွင့်အရေး မယူခဲ့တာကို အများကြီး ကျေးဇူးတင်ပါတယ်. . . ဒါကြောင့် ကျေးဇူးဆပ်စရာတွေ များတယ်လို့ပြောတာပေါ့"

"ချစ်သူတွေရဲ့ဘဝမှာ စောင့်ထိန်းရမယ့် သစ္စာတရားက အရေးအကြီးဆုံးပါပဲ၊ သစ္စာတရား ဖောက်ယွင်းတဲ့သူတွေကို ချစ်ခြင်းမေတ္တာက လက်မခံပါဘူး၊ ထို့အပြင် ချစ်ခြင်းမေတ္တာရဲ့ဒဏ်ခတ်ခြင်းကိုလည်း ခံရတတ်ပါတယ်"

မြနှင်းဖြူကမူ မျက်နှာကို မော့ကြည့်နေသည်။

"ချစ်သူအပေါ်မှာ သစ္စာပျက်ခဲ့တဲ့ စိုင်းကျော်စွာဟာ မြသင်းကြူကိုသာ ရခဲ့ပေမယ့် ချစ်ခြင်းမေတ္တာကို မရခဲ့ပါဘူး၊ ဒါကြောင့် သူ့ဘဝတစ်လျှောက်လုံး ချစ်ခြင်းမေတ္တာရဲ့ဒဏ်ခတ်ခြင်းကို ခံရတော့မှာပါ"

"ဒါကတော့ ဘယ်သူမပြု မိမိမှုဆိုသလို သူပြုခဲ့တဲ့ အကြောင်းတရားရဲ့ တုံ့ပြန်လာတဲ့ အကျိုးဆက်တွေကိုတော့ သူခံရမှာပေါ့"

"ဒါက အရေးမကြီးတော့ပါဘူးလေ၊ အခု အရေးကြီးတာက ကျွန်မတို့နှစ်ယောက်ရဲ့ရှေ့ရေးအတွက်ပါပဲ"

"ဒါကတော့ မြ စိတ်မပူပါနဲ့၊ အစစအရာရာ ကိုမောင်တာဝန်ယူပြီး ဆောင်ရွက်သွားမှာပါ၊ ကိုယ်တို့နှစ်ယောက်ရဲ့ အဖြစ်က အိပ်မက်တစ်ခုလိုပဲနော်"

"ဟုတ်ပါတယ်. . . ဒါပေမယ့် ဒီအိပ်မက်ကလေးကပဲ





အခုတော့ တကယ်ဖြစ်လာခဲ့ပါပြီ"

"ကျွန်မတို့နှစ်ယောက်ရဲ့ဖူးစာဆုံပုံကလည်း အတော်ကို ဆန်းကြယ်တယ်နော်၊ ဘယ်လိုမှ မျှော်လင့်မထားတာတွေ ဖြစ်လာခဲ့တယ်"

"ကိုမောင် ပြောခဲ့သလိုပေါ့၊ ဘဝဇာတ်ဆရာရဲ့အလိုကျအတိုင်း ကပြနေရတဲ့ဘဝတွေဆိုတော့ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေကိုလည်း လက်ခံကြရမှာပဲလေ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ကိုမောင်ကတော့ မြနဲ့ အခုလို ဖူးစာဆုံစည်းခွင့်ရတဲ့အတွက် ပျော်ပါတယ်၊ စိတ်ထဲမှာလည်း ကျေနပ်နေမိပါတယ်"

"ကျွန်မလည်း ပျော်ပါတယ် ကိုမောင်ရယ်"

ဟု ပြောကာ ရင်ခွင်ထဲသို့ တိုးလာရာ နီမောင်က သူမကိုယ်ကလေးကို တင်းတင်းဖက်ထားလိုက်သည်။

အခုတော့ ချစ်သူတို့ လျှောက်ရမည့်လမ်းပေါ်မှာ ကာဆီးထားသောအမှောင်များက ကင်းစင်သွားခဲ့လေပြီ။ တစ်မျှော်တစ်ခေါ် မြင်နေရသောလမ်းက ဖြောင့်ဖြူးလျက်ရှိနေလေသည်။

ထိုအချစ်ခရီးလမ်းပေါ်သို့ မြဲမြဲစွာ လက်ချင်းတွဲလျက် လျှောက်သွားကြရန်သာ ရှိတော့သည်။

အခုတော့ ချစ်သူနှစ်ယောက်ဘဝအတွက် အနှောင့်အယှက်အရာအားလုံး ပြီးသွားခဲ့ချေပြီတည်း။

ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ဖုံးနေသည်။

မြူနှင်းများ တဖွဲဖွဲ ကျနေသည်။ ပန်းရနံ့များကို သယ်

www.burmeseclassic.com

ဆောင်လာသောလေက သူတို့နှစ်ယောက်ကို တိုးဝှေ့ကျီစယ်ပြီး အဝေးသို့ ထွက်သွားလေသည်။

ချစ်သူနှစ်ယောက်အတွက်ကတော့ အရာရာတို့မှာ သူတို့အတွက် အရေးမကြီးလှတော့ပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(ဂမုန်းစားဘီလူး) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။

စာပြီးချိန် ။ ။ (၂၀၁၁)ခုနှစ်၊အောက်တိုဘာ(၇)ရက်၊ သောကြာနေ့၊နံနက်(၉)နာရီ။

☺ အောင်မြင်စာပေ ☺

AUNG MYINT (M.E., AUSTRALIA
ရေးသားထုတ်ဝေထားသော ကွန်ပျူတာ စာအုပ်များ



BURMESE CLASSIC .com
www.burmeseclassic.com